The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့၊ (28-4-2015) (၈၁၈၄)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံဘုရင်မွေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဧပြီ ၂၇**

၂၀၁၅ ခုနှစ် ဧပြီလ ၂၇ ရက်တွင် ကျရောက်သော နယ်သာလန်နိုင်ငံဘုရင် ဝီလီယံအလက်ဇန္ဒြား၏ မွေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နယ်သာလန်နိုင်ငံ ဘုရင် ဝီလီယံအလက်ဇန္ဒြားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဧပြီလ ၂၇ ရက်တွင် ကျရောက်သော နယ်သာလန်နိုင်ငံဘုရင် ဝီလီယံ အလက်ဇန္ဒြား၏မွေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နယ်သာလန် နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မာ့ခ် ရုတ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# အာဆီယံအသိုက်အဝန်းကို ပိုမိုခိုင်မာရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားကြရမည်

## အာဆီယံအသိုက်အဝန်းသည် ကမ္ဘာ့အသိုက်အဝန်းအလယ်တွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ယုံကြည်အားထားအပ်ပြီး ဒေသအတွင်းအဖွဲ့အစည်းများအား ဦးဆောင်နိုင်စွမ်းရှိသည့် အဖွဲ့အစည်းဖြစ်ရန်လည်းလိုအပ်

သတင်း စာမျက်နှာ - ၈




(၂၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား ကြိုဆိုနှုတ်ဆက်ကြစဉ်။ (ပြန်/ဆက်)

## သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးလုပ်ငန်းများတွင် အလုပ်သမား ၂၀၀၀ နီးပါး အသုံးပြုလျက်ရှိ



စာမျက်နှာ - ၅

## ဂျပန်နိုင်ငံ အိုရှီမာရကုမ္ပဏီ ဂျပန်မြက်စိုက်ပျိုးရန် တောင်သူများနှင့်တွေ့ဆုံ

စာမျက်နှာ - ၁၀

## အောင်မြင်မှုလမ်းကြောင်းသို့ အမှတ်မထင်ရောက်ရှိခဲ့သူ စတီဗင်ဆီးဂဲလ်

စာမျက်နှာ - ၁၂



ကြေးမုံ စာတည်းရှုထောင့် ၂၈-၅-၂၀၁၅ (အင်္ဂါနေ့)

# မိုးမပြို ပြိုခဲ့သည်ရှိသော်

မိုးသည် ပြိုရိုးထုံးစံမရှိသော်လည်း အကယ်၍ ပြိုခဲ့သော်ဟု ကြိုတင်မြော်တွေးသကဲ့သို့ မကျရောက်နိုင်သော အန္တရာယ်မျိုးပင်ဖြစ်သော်လည်း သတိနှင့် ကြိုတင်မြော်တွေးရသည်ကို "မိုးမပြို ပြိုခဲ့သည်ရှိသော်"ဟု ဆိုကြခြင်းဖြစ်သည်။ မဖြစ်သေးသော်လည်း တင်ကြိုစိုးရိမ်သည့် စကားဖြစ်သည်။

ပြီးခဲ့သည့်ရက်က မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက် မိုင် ၅၀၀ ကျော်ကွာဝေးသော နီပေါနိုင်ငံတွင် ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၉ ရှိသော မြေငလျင်ကြီးလှုပ်ရှားသွားခဲ့ရာ အဆောက်အအုံများပြိုကျပျက်စီးပြီး လူထောင်ချီသေဆုံးခဲ့ရသည့်ဖြစ်စဉ်ဖြစ်ပွားသွားခဲ့သည်။ ငလျင်လှုပ်ပြီးနောက်တစ်နေ့တွင်လည်း အင်အားပြင်း ငလျင်တစ်ခုထပ်မံလှုပ်ခတ်ခဲ့သေးသည်။

နီပေါနိုင်ငံတွင် ထိုကဲ့သို့ငလျင်ကြီးလှုပ်ခဲ့ရာ၌ မြန်မာနိုင်ငံနှင့် ကွာဝေးသဖြင့် စိုးရိမ်ပူပန်ဖွယ်ရာမရှိဟု ထင်ကောင်းထင်မြင်နိုင်မည်ဖြစ်ကြ၍ မိုးမပြို ပြိုခဲ့သည်ရှိသော်ဟုဆိုကာ တင်ကြိုမြော်တွေး စိုးရိမ်ပူပန်မှုဖြစ်မိခြင်းဖြစ်သည်။ စိုးရိမ်ဖွယ်ရာဖြစ်ရသည်မှာလည်း မြန်မာနိုင်ငံအနေဖြင့် နီပေါနိုင်ငံတွင်လှုပ်သည့် ငလျင်ကြောနှင့် တစ်ကြောတည်းရှိသော အယ်လ်ပိုင်းပြတ်ရွေ့ပေါ်တွင် တည်ရှိနေသောကြောင့်ဖြစ်သည်။

နီပေါငလျင်လှုပ်ခတ်မှုကို မြန်မာနိုင်ငံသားများ သိရှိစိတ်ဝင်စားမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း သတိထားစောင့်ကြည့်လေ့လာလျက်ရှိသည်။ သတိထားမိသည်မှာလည်း အဆိုပါ အယ်လ်ပိုင်းငလျင်ကြောသည် အီရန်နိုင်ငံမှ နီပေါနိုင်ငံနှင့်ဆက်စပ်ကာ မြန်မာနိုင်ငံအနောက်ဘက် ရခိုင်ကမ်းရိုးတန်းမှ ဖြတ်သန်းပြီး အင်ဒိုနီးရှားနိုင်ငံဘက်သို့ ဆင်းသွားသောကြောင့်ဖြစ်သည်။

အယ်လ်ပိုင်းငလျင်သမိုင်းကြောင်းတွင် ၁၇၆၂ ခုနှစ်က ထိုငလျင်ကြောပေါ်တွင် ငလျင်ကြီးတစ်ခုလှုပ်ခတ်ခဲ့ပြီး မြန်မာနိုင်ငံတွင်ပါ ရိုက်ခတ်ခဲ့သည့်ဖြစ်စဉ်မျိုးရှိခဲ့ဖူးသည်။ မကြာသေးမီနှစ်များအတွင်းက မြန်မာနိုင်ငံတွင် တာလေငလျင်၊ သပိတ်ကျင်းငလျင်တို့လှုပ်ခဲ့ဖူးသည်။ လူနေထူထပ်သော မြို့ကြီးများမဟုတ်၍ အပျက်အစီးသာရှိပြီး လူတို့ကို ထိခိုက်မှုကြီးကြီးမားမား မရှိခဲ့ချေ။

လွန်ခဲ့သည့် နှစ် ၈၀၊ နှစ် ၄၀ ခန့်က အဆောက်အအုံနှင့် လူနေများသော ပဲခူးနှင့် ရန်ကုန်မြို့တွင် ငလျင်ကြီးများလှုပ်ခဲ့ဖူးသည်။ ထိုအချိန်ကာလက သိလွယ်မှတ်လွယ်သော ဆယ်ကျော်သက်များပင် ယခုလူကြီး ဖြစ်ချိန်ကာလ၌ မပီဝိုးတဝါး ဖြစ်နေချေပြီ။ ပုဂံငလျင်လှုပ်ခဲ့ခြင်းတွင်လည်း အလယ်ပိုင်းဒေသခံတို့အနေဖြင့် ထိုနည်းလည်းကောင်းပင်။ ယနေ့ခေတ်လူငယ်များအနေဖြင့် ငလျင်နှင့်ပတ်သက်၍ ဘာမျှခံစားဖူးမည်မဟုတ်သဖြင့် ငလျင်နှင့်ပတ်သက်၍ အသိပညာ ဗဟုသုတနည်းကြမည်မှာ အမှန်ဖြစ်သည်။

လူသာပဓာနခေတ်တွင် အရာရာကို ဖန်တီးနိုင်၊ တားဆီးနိုင်သော်လည်း သဘာဝဘေးကိုမူ လူတို့ယခုတိုင် မတွန်းလှန်နိုင်သေးပေ။ မီးဘေး၊ ရေဘေး၊ လေဘေးများကိုမူ မြန်မာပြည်သူများ ကြုံတွေ့ဖူး၍ ကာကွယ်တားဆီး၊ ရှောင်ရှား၍ ရနိုင်ကောင်းသော်လည်း ငလျင်ဘေးကိုမူ နဖူးတွေ့ ဒူးတွေ့ မကြုံတွေ့ဖူးသေးသည့်အပြင် အသိအမြင် ဗဟုသုတနည်းပါးသောကြောင့် ပိုမိုသိရှိထားသင့်သည်။ ဘေးသင့်ကပ်ဆိုက်စေသော အကြောင်းတရားဖြစ်၍ ဆောင်ရွက်ဖွယ်၊ မှတ်သားဖွယ်တို့ကို သိရှိထားသင့်သည်။

မျက်မှောက်ကာလတွင် ငလျင်အသိထက် အခြားအကြောင်းအရာအသိများနှင့် အလွမ်းသင့်နေသဖြင့် ငလျင်နှင့်ပတ်သက်၍ သိရှိထားရန် အရေးတကြီးလိုအပ်လာသည်။ 'မပြေးသော် ကန်ရာရှိ' အစိုးမရသည့် ငလျင်နှင့် ကြုံတွေ့ဖူးသောခြေရာများရှိထား၍ မိမိတို့မည်သို့ ကာကွယ်ရှောင်တိမ်းရမည်တို့ကို ကြိုတင်သိရှိထားရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံတွင် ငလျင်အကြီးအကျယ် လှုပ်ခဲ့ဖူးသော သမိုင်းကြောင်းရှိ၍ 'မိုးမပြို ပြိုခဲ့သည်ရှိသော်' ဟူ၍ စိုးရိမ်ပူပန်မှုအသိထားကြရမည်ဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်ကာလများတွင် ဤကမ္ဘာမြေ၏ ဖြစ်ပျက်ပြောင်းလဲမှုများမှာ တိုး၍တိုး၍လာချေပြီ၊ ဘူမိကျောက်လွှာ အခြေမခိုင်မြဲသည့် ကမ္ဘာပေါ်တွင်နေထိုင်ကြသော လူသားများအဖို့ ကပ်ဘေးသဖွယ်ကြုံတွေ့နိုင်သော ငလျင်အန္တရာယ်မှ ရှောင်တိမ်းနိုင်ရန် အသိပညာဗဟုသုတများ လေ့လာမှတ်သားပြီး ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။ ။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀ မှ အခြေခံမဲဆန္ဒရှင်စာရင်းများ ဇွန် ၁ ရက်တွင် စတင်ထုတ်ပြန်မည်

**မန္တလေး မေ ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အခြေခံမဲဆန္ဒရှင်စာရင်းများ ကွန်ပျူတာအတွင်းသို့ ထည့်သွင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ မြို့နယ် ၂၀မှ မဲဆန္ဒရှင်စာရင်းများ ကောက်ယူစာရင်းသွင်းခြင်း ဆောင်ရွက်ပြီးဖြစ်၍ ဇွန် ၁ ရက်မှစ၍ ၁၄ ရက်အထိ မဲဆန္ဒရှင်စာရင်းများအား ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများမှာ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၊ ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ မြင်းခြံခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့မှ မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်မည်ဖြစ်ရာ အဆိုပါစာရင်းများကို မဲဆန္ဒရှင်များလာရောက်ကြည့်ရှုနိုင်ရေးအတွက် လှုံ့ဆော်ပေးရေးနှင့် ပတ်သက်၍ မေ ၄ ရက်တွင် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများတွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်စိုးကပြောသည်။

"ဒီဆွေးနွေးပွဲမှာ မဲဆန္ဒရှင်တွေအနေနဲ့ မဲစာရင်းတွေ လာရောက်ကြည့်ရှုဖို့၊ ကြိုတင်လှုံ့ဆော်ပေးဖို့အတွက် လိုအပ်တဲ့လက်ကမ်းစာစောင်တွေ၊ ပန်းဖလက်တွေ၊ ဗီနိုင်းနဲ့ပိုစတာတွေ ကြိုတင်ဖြန့်ဝေခြင်းလုပ်ငန်းတွေ ဆောင်ရွက်ဖို့ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာအလိုက် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကို အစီအစဉ်တွေညှိနှိုင်းဖို့ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ မိုးကုတ်မြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် တောင်သာမြို့နယ်များတွင် မဲဆန္ဒရှင်စာရင်းကို ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှ ဇွန် ၁၄ ရက်အထိ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောင်ရဲသွင်)**

## ကဝမြို့နယ်၌ ကျေးလက်လမ်းများဖွင့်

**ကဝ မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဖောက်လုပ်ခဲ့သော ဖလေးကျေးရွာအဝင် မြေသားလမ်း၊ ပိုင်ကျုံ-ဝင်ကမူကျေးရွာချင်းဆက်မြေသားလမ်းနှင့် ဖွဲ့တာကျေးရွာအဝင် မြေသားလမ်းဖွင့်ပွဲများကို မေ ၂၁ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်နှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ကျန်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၃၅ ခု အပြီးသတ်ဆောင်ရွက်ပြီးဖြစ်ရာ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၇**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၁၃၀၀ | ၆၈၂၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၁၅၀၀ | ၆၈၂၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၉၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၆၇၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၇၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၆၉. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၃. ၅၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၃. ၀၂၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၁. ၄၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၈၈၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၄. ၂၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉. ၉၃၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၄၂. ၂၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၀၇. ၃၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ဝင်ခွင့်များခေါ်ချိန်တွင် ပြင်ဆင်ချိန်နဲ့တတ်၍ကြိုဖွင့်သည်။ အင်္ဂလိပ်စာ 70000/- အပြီးဖြင့်စသင်မည် ။ ကျန်ဘာသာများ တရားဝင်ခေါ်ချိန်တွင်သင်မည် ။ ခုံနံပါတ်ပြည့်လျှင် လုံးဝ လက်ခံမည်မဟုတ်။ ဝင်ခွင့်မရှိလျှင်လည်း မိမိတက်မည့်တက္ကသိုလ်မှ အင်္ဂလိပ်စာကို လေ့လာပြီးဖြစ်၍ အကျိုး ယုတ်စရာမရှိပါ ။ ဝင်ခွင့်ရှိနိုင် မရှိနိုင်ကို https://www.facebook.com/hantha.saya တွင်ကြည့်ပါ ။

အဖြူလေး
ဦးဟန်သာ အင်္ဂလိပ်စာ
တက္ကသိုလ် ဆရာဟောင်း
since1984 အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း ၊ တမာရွတ်လှည်းတန်း 095146452

ကြိုတင်ပြင်ဆင် အောင်ပွဲဝင်
တက္ကသိုလ်ဝင်ခွင့်များ
ကျောင်းအပ်လက်ခံပြီ

1 Thu, Fri 7:30 - 9:30 ( ဆေး/သွား/UFL ) May1 စပြီ
2 Mon, Tue 2:30 - 4:30 ( ဆေးဝါး/ပြည်သူ့ကျန်းမာရေး/သူနာပြု ) May4 စပြီ
3 Mon, Tue 7:30 - 9:30 ( နည်းပညာ/ကွန်ပျူတာ/ရေကြောင်း ) May4 စပြီ
4 Sat, Sun 7:30 - 9:30 ( ပညာရေး/စီးပွားရေး/ ရန်ကုန်တက္ကသိုလ် ) May2 စပြီ

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ကျေးဇူးဆပ်
ကွန်တော် ရန်ရှင်ချန်(LKI -၀၀၄၆၆၀)၏ နိုင်ငံကူးလက်မှတ် မှာခရီးသွား ရင်းပျောက်ဆုံးသွားပါ ၍ တွေ့ရှိကပေးပို့ပါရန်။
Ph: 09-73201859

ကားရောင်းမည်
Canter Box-10'
2C/3---
ph:09-5102194

အမည်ပြောင်း
အဖ ဦးကိုကို[၈/ဆမန(နိုင်)၀၀၀၂၀၈]၏ သားဖြစ်သူ အထက(၁)၊ မှော်ဘီမြို့၊အဌမတန်း(F)၌ပညာသင်ကြားနေသော မောင်ဘုန်းဟန်ကျော်အား မောင်ဖုန်းအောင်ကျော် ဟုပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဖုန်းအောင်ကျော်

ကျော်
PPTT မူလတန်းပြဆရာများဝင်ခွင့်
တက္ကသိုလ်များနှင့် PSC ရာထူးများ
Ph:09421042332,09420005131

POST မူလတန်းပြဆရာမဝင်ခွင့်
PPTT09420129333

# တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**ပေကျင်း ဧပြီ ၂၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနဝန်ကြီး မစ္စတာ ဝမ်းကျားရွှေ့နှင့် ဧပြီ ၂၆ ရက် ညနေ ၆ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ (Diaoyutai State Guesthouse)၌ တွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးစိုးသာ၊ သူရဦးအေးမြင့်၊ ဦးသိန်းဇော်နှင့် ဦးတီခွန်မြတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များအား ဝန်ကြီး မစ္စတာ ဝမ်းကျားရွှေ့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# မနအမျိုးသားများအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**ကြေညာချက်အမှတ်(၉/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

**မနအမျိုးသားများအဖွဲ့ချုပ်ပါတီအား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ ရွာငံမြို့၊ ဈေးတန်း(တောင်ပိုင်း)ရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ်(ဈ-၃၄၈)၊ ဦးတင်မောင်ဦး နေအိမ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မနအမျိုးသားများအဖွဲ့ချုပ်ပါတီ**အား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**မနအမျိုးသားများအဖွဲ့ချုပ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၁)ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သည့် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ ကြည့်ရှုလေ့လာ

**ကွမ်ကျိုး ဧပြီ ၂၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သည့် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၅ ရက် ညပိုင်းတွင် ကွမ်ကျိုးမြို့ရှိ ကန်တုံတာဝါ(Canton Tower)သို့ သွားရောက်လေ့လာကြရာ ကန်တုံတာဝါ(Canton Tower) ဒုတိယအထွေထွေမန်နေဂျာ Mr. Wu Hao Zhong နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ကန်တုံတာဝါမှ ကွမ်ကျိုးမြို့ရှုခင်းအား ကြည့်ရှုကြသည်။ ကန်တုံတာဝါသည် အာရှတွင် တတိယအမြင့်ဆုံးတာဝါတစ်ခုဖြစ်ပြီး အထပ်ပေါင်း ၁၁၈ ထပ်ရှိကာ မီတာ ၆၀၀ ခန့် မြင့်သည်။ ယင်းတာဝါအား (၅)နှစ်ကြာ တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် ကွမ်ကျိုးမြို့ LEAFUN HI-TECH COMPANY သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ကွမ်ကျိုးမြို့ Yushu Community သို့ ရောက်ရှိရာ အုပ်ချုပ်ရေးမှူး Mr. Xie Jie Ying က လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ကွမ်ကျိုးမြို့ဖွံ့ဖြိုးတိုးတက်ရေးဇုန်သို့ ရောက်ရှိကြရာ ပြခန်းအတွင်းရေးမှူး မစ္စတာ ချန်းကျယ်ဇီနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။**(ယာပုံ)**



၎င်းနောက် ကွမ်ကျိုးမြို့မှ လေကြောင်းခရီးဖြင့် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးကြီးမြင့်သိန်းနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ ခေတ္တတည်းခိုမည့် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ (Diaoyutai State Guesthouse) သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# လောက်ကိုင်မြို့တွင်း၌ ငွေကျပ်သိန်းပေါင်း ၂၇၇၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၇**

လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စစ်ကြောင်းများက လုံခြုံရေးတာဝန်များ ထမ်းဆောင်မှုနှင့်အတူ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချမှုမရှိစေရေး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧပြီ ၂၅ ရက် နံနက်ပိုင်းက လောက်ကိုင်မြို့ ရပ်ကွက်(၂) အောက်ဈေးအနောက်ဘက် ကလေးအားကစားစကိတ်ကွင်းအနီးရှိ လူနေတိုက်တန်းအား ရှောင်တခင်စစ်ဆေးစဉ် အမျိုးသား ၂၁ ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း ၂၃ ဦးတို့အား ကာလတန်ဖိုးငွေကျပ် သိန်း ၁၀၀ ခန့်ရှိသော အိုက်စ် သုည ဒသမ ၅ ကီလိုဂရမ်၊ ကာလတန်ဖိုးငွေကျပ်သိန်း ၂၆၁၀ ခန့်ရှိသော WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀၀၀၊ ကာလတန်ဖိုးငွေကျပ်သိန်း ၆၀ ခန့်ရှိသော နီညိုရောင်စိတ်ကြွရူးသွပ်ဆေးမှုန့် သုည ဒသမ ၃ ကီလိုဂရမ်နှင့် ကာလတန်ဖိုးငွေကျပ် လေးသောင်းခန့်ရှိသော ဘိန်းဖြူမှုန့် သုည ဒသမ ၂ ဂရမ် စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သိန်း ၂၇၇၀ ကျော်တန်ဖိုးရှိသော မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည်။**(ဝဲပုံ)**



ဖမ်းဆီးရမိသော သူများနှင့် မူးယစ်ဆေးဝါးများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

ရွှေထိပ်တန်း ❀ ချောင်းသာ(နေ့စဉ်)
ကျိုက်ထီးရိုး (နေ့စဉ်) | ငွေဆောင် (သောကြာ) | ဇလွန်ပြည်တော်ပြန် (တနင်္ဂနွေ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းလှိုဏ်ဂူ ဒီးလုံးဘွားလက်ခံသည်
01-701015,01-710436,09-5403844,09-5044830



# ဆင်စွယ်သုံးတန်ကျော် ထိုင်းအကောက်ခွန် ဖမ်းဆီးရမိ



**ဗန်ကောက် ဧပြီ ၂၇**

ထိုင်းဆိပ်ကမ်းတစ်ခုတွင် ကုန်သေတ္တာတစ်လုံးအတွင်း၌ ဝှက်ထားသော ဆင်စွယ်သုံးတန်ကျော်ကို တွေ့ရှိကြောင်း အကောက်ခွန်ဌာနက ယနေ့ပြောကြားသည်။

ရက်သတ္တတစ်ပတ် မပြည့်မီအချိန်အတွင်း ဒုတိယအကြိမ် ဆင်စွယ်အမြောက်အမြားကို တွေ့ရှိခြင်းဖြစ်သည်။

မှောင်ခိုဈေးကွက်၌ ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသည့် ယင်းဆင်စွယ်များသည် တရားမဝင် ဆင်စွယ်ရောင်းဝယ်မှု ကြီးထွားနေသော လာအိုနိုင်ငံသို့ ပို့ဆောင်ရန်ဖြစ်သည်။

ဧပြီ ၂၅ ရက်တွင် ကုန်သေတ္တာတစ်လုံးအတွင်း၌ အလေးချိန်သုံးတန်ကျော်သော ဆင်စွယ် ၅၁၁ ချောင်းကို တွေ့ရှိခဲ့ကြောင်း၊ ယင်းကုန်သေတ္တာပေါ်တွင် ကင်ညာနိုင်ငံ မွန်ဘာဆာမှပို့သော လက်ဖက်ခြောက်များဖြစ်သည်ဟု အမှတ်အသားပြုထားကြောင်း၊ လာအိုနိုင်ငံသို့ ဆက်လက်ပို့မည်ဖြစ်ကြောင်း အကောက်ခွန်ဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းဖမ်းဆီးရမိသော ဆင်စွယ်များအနက် အချို့မှာ နှစ်မီတာနီးပါးရှိသည်။

ဧပြီ ၂၀ ရက်ကလည်း ဗန်ကောက်ဆိပ်ကမ်း၌ ကွန်ဂိုနိုင်ငံမှ ရောက်ရှိလာပြီး လာအိုနိုင်ငံသို့ ဆက်လက်ပို့ဆောင်မည့် ကုန်သေတ္တာတစ်လုံးအတွင်းမှ စံချိန်တင်အဖြစ် ဆင်စွယ်လေးတန်ကို ဖမ်းဆီးရရှိခဲ့သည်။

အိမ်နီးချင်းလာအိုနိုင်ငံ၌ တရုတ်၊ ဗီယက်နမ်နိုင်ငံတို့မှ ဝယ်ယူသူများထံသို့ ပြန်လည်ရောင်းချဖွယ်ရာရှိသည်ဟု အာဏာပိုင်များက ယူဆကြသည်။

တရားမဝင်ရောင်းဝယ်သောဆင်စွယ်များနှင့် အခြားတောရိုင်းတိရစ္ဆာန်တို့ဖြင့် ပြုလုပ်သော ကုန်ပစ္စည်းများ လွှဲပြောင်းတင်ပို့ရာ စခန်းအဖြစ် လာအိုနိုင်ငံကို အသုံးချလျက်ရှိကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တစ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားသည်။ **အေအက်ဖ်ပီ။**



# နီပေါလျှင်ကြောင့် သေဆုံးသူ ၃၇၀၀ ကျော်ရှိ၊ စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးအဖွဲ့များ ပိုမိုထောက်ပံ့ပေးရန် တောင်းဆို

**ခတ္တမန္ဒူ ဧပြီ ၂၇**

နီပေါနိုင်ငံတွင် စနေနေ့က လှုပ်ခတ်ခဲ့သည့် ငလျင်ပြင်းအား ၇ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူများ မြင့်တက်လျက်ရှိရာ ဧပြီ ၂၇ ရက်အထိ သေဆုံးသူ ၃၈၁၅ ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၇၀၄၆ ဦးရှိသွားပြီဖြစ်ကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

နီပေါအစိုးရက အိမ်နီးချင်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အပါအဝင် ပြည်ပနိုင်ငံများအနေဖြင့် ကူညီကယ်ဆယ်ရေးနှင့် စားနပ်ရိက္ခာများ ပိုမိုထောက်ပံ့ပေးအပ်ရန် တောင်းဆိုခဲ့သည်။

တနင်္လာနေ့က ပြုလုပ်သည့် နီပေါနိုင်ငံအခြေစိုက်သံအမတ်များနှင့် သံတမန် ၂၀ တက်ရောက်သည့် အစည်းအဝေးတွင် နီပေါနိုင်ငံခြားရေးဝန်ကြီး မဟင်ဒရာဗဟာဒါ ပန်ဒီက သက်ဆိုင်ရာ နိုင်ငံအသီးသီးအနေဖြင့် ဆေးဝါးအထောက်အပံ့များနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ ပိုမိုစေလွှတ်ပေးရန် တောင်းဆိုခဲ့သည်။

တစ်ချိန်တည်းမှာပင် ခတ္တမန္ဒူမြို့တော်၌ ထိခိုက်ဒဏ်ရာရသူများအတွက် သွေးသွင်းကုသရေးအတွက် သွေးစုဆောင်းရန် သွေးလှူဒါန်းမှုအစီအစဉ်ကိုလည်း ပြုလုပ်လျက်ရှိသည်။ သို့သော် နီပေါဆေးရုံများတွင် သွေးလိုအပ်မှုမှာ လွန်ခဲ့သည့်နှစ်ရက်ကတည်းက ပုံမှန်ထက် ပိုမိုလိုအပ်နေခဲ့သည်ဟု ကြက်ခြေနီတပ်ဖွဲ့၏ အဆိုအရ သိရသည်။ **ဆင်ဟွာ။**

# ချီလီ၌ မီးတောင်ထပ်မံပေါက်ကွဲနိုင်ဖွယ်ရှိကြောင်း သတိပေး

**ဆန်တီယေဂို ဧပြီ ၂၇**

လွန်ခဲ့သည့်ရက်သတ္တနှစ်ပတ်က ချီလီနိုင်ငံတောင်ပိုင်း၌ နှစ်ကြိမ်တိုင်တိုင်ပေါက်ကွဲခဲ့သော ကာဗူကိုမီးတောင် ထပ်မံပေါက်ကွဲဖွယ်ရာ အခြေအနေတွင်ရှိကြောင်း အာဏာပိုင်များက ယနေ့ သတိပေးလိုက်သည်။

လုပ်ရှားမှုငြိမ်သက်နေစဉ်တွင် ချီလီနိုင်ငံနှင့် အိမ်နီးချင်း အာဂျင်တီးနားနိုင်ငံတို့မှ လေဆိပ်အများစုကို ပြန်လည်ဖွင့်ခဲ့ကြသည်။

မီးတောင်မှ ထုတ်လွှတ်ခဲ့သည့် တန်ပေါင်းများစွာသော ပြာများသည် လေထုထဲ၌ရှိနေသဖြင့် ၎င်းလေဆိပ်များကို ပိတ်ထားခဲ့ရသည်။

မီးတောင်အနီးတွင် နေထိုင်ကြသော လူပေါင်း ၆၀၀၀ ကျော်ကို ရွှေ့ပြောင်းပေးခဲ့ရသည်။

နောက်ရက်အနည်းငယ်အတွင်း မိုးရွာမည်ဟု မျှော်လင့်ရပြီး ယင်းမိုးကြောင့် မီးတောင်ပြာများနှင့် ရောနှော၍ အန္တရာယ်ရှိသော ရွှံ့နွံများဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကာဗူကိုမီးတောင်သည် ပြာကုဗမီတာသန်း ၂၀၀ ခန့် မှုတ်ထုတ်ခဲ့သည်ဟု ခန့်မှန်းကြသည်။ **ဘီဘီစီ။**

# သေဒဏ်စီရင်ခြင်းခံရမည့် ဘာလီနိုင်းအကျဉ်းသားတစ်ဦး ထောင်ထဲတွင် ထိမ်းမြားလက်ထပ်

**ဂျကာတာ ဧပြီ ၂၇**

အင်ဒိုနီးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးသယ်ဆောင်မှုဖြင့် သေဒဏ်စီရင်ခြင်းခံရတော့မည့် ဘာလီနိုင်းအကျဉ်းသားနှစ်ဦးအနက် တစ်ဦးသည် ၎င်း၏ ချစ်သူနှင့်အတူ ထောင်ထဲတွင် ယနေ့ ထိမ်းမြားလက်ထပ်လိုက်ပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။

အရင်းနှီးဆုံးမိတ်ဆွေများနှင့် မိသားစုဝင်များရှေ့တွင် သေဒဏ်စီရင်ခြင်းခံရမည့် အကျဉ်းသားတစ်ဦးဖြစ်သည့် အန်ဒရူးချန်က ၎င်း၏ချစ်သူ ဖက်ရန်တီဟီတီဝီလာနှင့်အတူ ထောင်တွင်းထိမ်းမြားလက်ထပ်ပွဲကို ကျင်းပခဲ့သည်ဟု အန်ဒရူးချန်၏အစ်ကိုဖြစ်သူ မိုက်ကယ်ချန်က ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ၏ 'သေမင်းတမန်ကျွန်း'ဟု တင်စားခေါ်ဝေါ်ကြသည့် လုံခြုံရေးတင်းကျပ်သော အကျဉ်းထောင်ထဲတွင် အန်ဒရူးချန်နှင့် အပေါင်းပါဖြစ်သူ မျူရယ် စူကူမာရမ်တို့သည် ဧပြီ ၂၈ ရက် ညသန်းခေါင်အချိန်တွင် သေနတ်ဖြင့်ပစ်ကာ ကွပ်မျက်ခြင်းခံရမည်ဖြစ်သည်။

၎င်းတို့အား ၇၂ နာရီအတွင်းကွပ်မျက်ရန် တရားဝင်အကြောင်းကြားစာကို ဧပြီ ၂၅ ရက်က ရရှိခဲ့ပြီးဖြစ်သည်။



"သမ္မတအနေနဲ့ သူတို့ကို သနားရင် သေဒဏ်ကနေ လွှတ်ပေးလို့ရတယ်။ သူတို့တွေရဲ့အသက်ဟာ သမ္မတ လက်ထဲမှာ ရှိတယ်" ဟု မိုက်ကယ်ချန်က ဆိုသည်။

၂၀၀၅ ခုနှစ် ဧပြီ ၁၇ ရက်က အင်ဒိုနီးရှားနိုင်ငံမှ ဩစတြေးလျနိုင်ငံသို့ ဒေါ်လာ ၃ ဒသမ ၁ သန်းတန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၃ ကီလိုဂရမ် သယ်ဆောင်ရန် ကြိုးပမ်းခဲ့သည့်အတွက် ဩစတြေးလျနိုင်ငံသား ကိုးဦးအား အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဖမ်းဆီးရမိခဲ့သည်။

ယင်းတို့အနက် အန်းဒရူးချန်နှင့် မျူရယ် စူကူမာရမ်တို့မှလွဲပြီး ကျန် ခုနစ်ဦးအား ထောင်ဒဏ် ၁၈ နှစ်မှ တစ်သက်တစ်ကျွန်းကျခံရန် စီရင်ချက်ချမှတ်ခဲ့သည်။ အန်ဒရူးချန်နှင့် မျူရယ် စူကူမာရမ်တို့ကို သစ်သားပျဉ်ပြားအရှည်များပေါ်တွင် ကြိုးဖြင့်ချည်နှောင်ထားပြီး ရဲအရာရှိ ၁၂ ဦးက ၎င်းတို့၏နှလုံးနေရာသို့ သေနတ်ဖြင့်ပစ်ကာ ကွပ်မျက်မည်ဖြစ်သည်။

နိုင်ငံအတွင်းတွင် မူးယစ်ဆေးဝါးသုံးစွဲမှုအရေအတွက် မြင့်တက်နေချိန်ဖြစ်သဖြင့် သေဒဏ်စီရင်ခြင်းခံရမည့် အန်ဒရူးချန်နှင့် မျူရယ် စူကူမာရမ်တို့အား ကရုဏာထားပြီး လွှတ်ပေးရန်မဖြစ်နိုင်ကြောင်း အင်ဒိုနီးရှားသမ္မတက ဆိုသည်။ **စကိုင်းနယူးစ်**

# အမေရိကန်ပြည်ထောင်စုတွင် ရက်သတ္တတစ်ပတ်လည်ပတ်ရန် ဂျပန်ဝန်ကြီးချုပ်အာဘေးရောက်ရှိ

**ဝါရှင်တန် ဧပြီ ၂၇**

နှစ်နိုင်ငံမဟာမိတ်ပြုခြင်း၏ အောင်မြင်မှုများကို ပြသမည့်ခရီးစဉ်တစ်ရပ်အဖြစ် အမေရိကန်ပြည်ထောင်စုတွင် ရက်သတ္တတစ်ပတ်ကြာနေထိုင်ရန် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် ဧပြီ ၂၇ ရက်တွင် ဝါရှင်တန်မြို့သို့ ရောက်ရှိလာကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျပန်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း အမေရိကန်ပြည်ထောင်စု သမ္မတ ဘားရက်အိုဘားမားနှင့် ထိပ်သီးအစည်းအဝေးပြုလုပ်ခြင်း၊ အာလင်တန်စစ်သင်္ချိုင်း၌ ပန်းခွေချအလေးပြုခြင်း၊ အစိုးရနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းခေါင်းဆောင်များအား တွေ့ဆုံဆွေးနွေးခြင်းတို့လည်း ပြုလုပ်သွားမည်ဖြစ်သည်။

ဝန်ကြီးချုပ်အာဘေးသည် ဧပြီ ၂၉ ရက်တွင် အမေရိကန်အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ပူးတွဲအစည်းအဝေး၌ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ ဂျပန်နိုင်ငံဝန်ကြီးချုပ်တစ်ဦးအနေဖြင့် အမေရိကန်လွှတ်တော်နှစ်ရပ် ပူးတွဲအစည်းအဝေး၌ မိန့်ခွန်းပြောကြားခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ထိုအတောအတွင်း တောင်ကိုရီးယားနိုင်ငံမှ ဆောင်ကြာမြိုင် အမျိုးသမီးဘဝရောက်ခဲ့ဖူးသူ ယောင်စူးလီသည် လူ့အခွင့်အရေး လှုပ်ရှားသူများနှင့်အတူ ဝါရှင်တန်သို့ ရောက်ရှိနေသည်။ ယောင်စူးလီသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်တပ်ဖွဲ့ဝင်များအား ပျော်တော်ဆက်ရန် အဓမ္မစေခိုင်းခံခဲ့ကြရသော အမျိုးသမီးများတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်တပ်ဖွဲ့ဝင်များက အိမ်နီးချင်းအာရှနိုင်ငံများမှ အမျိုးသမီးများအား မတရားပြုမူဆက်ဆံခဲ့ခြင်းများနှင့် ပတ်သက်၍ ဝန်ကြီးချုပ်အာဘေးက ပုဂ္ဂိုလ်ရေးအရ ဝန်ချတောင်းပန်ရေးအတွက် ယောင်စူးလီက တောင်းဆိုရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ပီတီအိုင်။**

# သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးလုပ်ငန်းများတွင် အလုပ်သမား ၂၀၀၀ နီးပါး အသုံးပြုလျက်ရှိ

တွေ့ဆုံမေးမြန်း - မြတ်သန္တာမောင်
ဓာတ်ပုံ - အငယ်လေး

မြန်မာ-ဂျပန်သီလဝါ Development Limited ကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်က ဂျပန်နိုင်ငံ၌ ပူးတွဲရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်ရှိ သီလဝါအထူးစီးပွားရေးဇုန်၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို စတင်အကောင်အထည်ဖော်ခဲ့သည်။

ထိုသို့ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံမှ အများပိုင်ကုမ္ပဏီ ကိုးခုနှင့် ဂျပန်နိုင်ငံမှ အများပိုင်ကုမ္ပဏီ သုံးခု ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံဘက်မှ ပိုင်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှု ၅၁ ရာခိုင်နှုန်းတွင် မြန်မာအများပိုင်ကုမ္ပဏီကိုးခုက ၄၁ ရာခိုင်နှုန်းပါဝင်ပြီး သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ၁၀ ရာခိုင်နှုန်းပါဝင်သည်။ ဂျပန်နိုင်ငံဘက်မှပိုင်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှု ၄၉ ရာခိုင်နှုန်းတွင် ဂျပန်အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ၁၀ ရာခိုင်နှုန်းနှင့် မစ်ဆူဘီရှိကော်ပိုရေးရှင်း၊ မာရူဘီနီ ကော်ပိုရေးရှင်းနဲ့ ဆူမီတိုမိုကော်ပိုရေးရှင်းများမှ ၃၉ ရာခိုင်နှုန်း ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန်၏ လက်ရှိ ဖြစ်ပေါ်တိုးတက်နေမှုများ၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုများနှင့်စပ်လျဉ်းပြီး မြန်မာ့သတင်းစဉ် (ပြည်တွင်း) မှ မြန်မာ-ဂျပန်သီလဝါ Development Limited ၏ ဥက္ကဋ္ဌ ဦးသိန်းဟန်အား သီလဝါ၌ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

**မေး။ ။ သီလဝါအထူးစီးပွားရေးဇုန်ကို ဘယ်အချိန်ကနေ စတင်အကောင်အထည်ဖော်ခဲ့ပြီး လက်ရှိမှာ ဘယ်လောက် အထိ အကောင်အထည်ဖော်ပြီးနေပါပြီလဲ။**

ဖြေ။ ။ အထူးစီးပွားရေးဇုန်တစ်ခုလုံးအနေနဲ့ ဟက်တာ ၂၄၀၀ ကျယ်ဝန်းပါတယ်။ အပိုင်း(က)မှာတော့ ဟက်တာ ၃၉၆ စတင်ပြီး အကောင်အထည်ဖော်ပါတယ်။ ၃၉၆ ဟက်တာမှာပထမအဆင့် ၂၁၁ ဟက်တာ၊ ဒုတိယအဆင့် ဟက်တာ ၁၅၀ နဲ့ Residential and Commercial Area က ၃၅ ဟက်တာဆိုပြီးခွဲခြားကာ စတင်အကောင် အထည်ဖော်လျက်ရှိပါတယ်။ ကျွန်တော်တို့ အကောင် အထည်စဖော်တာကတော့ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ကနေ စတင်အကောင်အထည်ဖော်တယ်။ အခုလုပ်ငန်းပြီးစီးမှု ပထမအဆင့်က အားလုံးပေါင်း ၈၁ ဒသမ ၅ ရာခိုင်နှုန်း ပြီးပါပြီ။ ၂၀၁၅ ခုနှစ် ဇွန်လမှာဆိုရင် အားလုံးပြီးစီးပါမယ်။ ၂၀၁၆ ခုနှစ် ဇွန်လမှာတော့ ဒုတိယအဆင့်က အားလုံး ပြီးသွားမှာ ဖြစ်ပါတယ်။

အခုလက်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ အလုပ်သမား ၁၈၀၀ နဲ့ ၁၉၀၀ ကြား အလုပ်လုပ်ကိုင်နေ ပါတယ်။ ရုံးမှာလည်း စီမံကိန်းကြောင့် နေရာပြောင်းရွှေ့ ခဲ့ရတဲ့ဒေသခံ (PAP's)တွေနဲ့ ဒေသခံတွေကို အလုပ် အကိုင် ပေးလျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ် ဇွန်လပြီးရင် စက်ရုံရှစ်ရုံ၊ ကိုးရုံလောက်စတင်ပြီးလည်ပတ်နိုင်မယ်။ အခု စက်ရုံတွေ ဆောက်နေပြီ။ ၂၀၁၅ ခုနှစ်ဆိုရင် အလုပ်သမား ၅၀၀၀ လောက် စတင်ပြီး အလုပ်အကိုင်ရမှာ ဖြစ်ပြီး တော့ ၂၀၁၆ ခုနှစ်လောက်ဆိုရင် ၁၅၀၀၀ လောက် အလုပ်အကိုင်တွေ ရရှိပါမယ်။ ပထမအဆင့်တစ်ခုလုံး ပြီးသွားရင် အလုပ်အကိုင်အခွင့်အလမ်း ၅၀၀၀၀ လောက် ကို ခန့်ထားပေးနိုင်မှာ ဖြစ်ပါတယ်။ စီမံကိန်းအပိုင်း (က)ရဲ့ ဒုတိယအဆင့်ကတော့ လက်ရှိမှာ ၁၆ ဒသမ ၃ ရာခိုင်နှုန်းလောက် ပြီးနေပါပြီ။

**မေး။ ။ လက်ရှိမှာ ပြည်တွင်း၊ ပြည်ပကုမ္ပဏီအရေအတွက် ဘယ်လောက် ဒီစီးပွားရေးဇုန်မှာလာရောက်ရင်းနှီးမြှုပ် နှံမှု ပြုလုပ်ထားပါသလဲ။**

ဖြေ။ ။ နိုင်ငံပေါင်း ၁၁ နိုင်ငံက ကုမ္ပဏီ ၄၁ ခုကို ရင်းနှီးမြှုပ်နှံဖို့ မြေရောင်းချပြီးဖြစ်ပါတယ်။ မြေကဟက်တာ ၂၀၁ ဟက်တာပေါ့။ အဲဒီတော့ စက်ရုံရှစ်ခုက တည် ဆောက်နေပါပြီ။ ဒီနှစ်ကုန်လောက်ဆိုရင် လည်ပတ်နိုင် မယ်လို့ ခန့်မှန်းထားပါတယ်။ ၆၈ ရာခိုင်နှုန်းလောက် ရောင်းချပြီးဖြစ်ပါတယ်။ ကုမ္ပဏီ ၄၁ ခုထဲမှာ ဂျပန် ကုမ္ပဏီက ၂၁ ခုပါ။ ရာခိုင်နှုန်းနဲ့ဆိုရင် ၅၁ ဒသမ ၂၂ ရာခိုင်နှုန်း။ မြန်မာကုမ္ပဏီ ငါးခုက ၁၂ ဒသမ ၁၉ ရာခိုင်နှုန်း၊ ထိုင်ဝမ်ကုမ္ပဏီလေးခုက ၉ ဒသမ ၇၅ ရာခိုင်နှုန်း၊ ထိုင်းကုမ္ပဏီ သုံးခုက ၇ ဒသမ ၃၂ ရာခိုင်နှုန်း၊ တရုတ်ကုမ္ပဏီ နှစ်ခုက ၄ ဒသမ ၈၈ ရာခိုင်နှုန်းနဲ့ ကျန်တာ အမေရိကန်၊ ဆွီဒင်၊ ဩစတြေးလျ၊ မလေးရှား၊ စင်ကာပူနဲ့ ဟောင်ကောင် ကုမ္ပဏီတစ်ခုစီက စုစုပေါင်း ၂ ဒသမ ၄၄ ရာခိုင်နှုန်း ဖြစ်ပါတယ်။

အမေရိကန်ကုမ္ပဏီက ကိုကာကိုလာလို ဘူးခွံတွေ ထုတ်လုပ်တဲ့ ကုမ္ပဏီဖြစ်တယ်။ တရုတ်ကုမ္ပဏီကတော့ အထည်ချုပ်၊ နောက် ဂျပန်ကုမ္ပဏီမှာ ကားရေတိုင်ကီ လုပ်တဲ့ ရေဒီရေတာကုမ္ပဏီ၊ လျှပ်စစ်ပစ္စည်းတွေထုတ်လုပ် တဲ့ ကုမ္ပဏီ၊ အထည်ချုပ်ကုမ္ပဏီ၊ ဆေးဆိုးပန်းရိုက်ကုမ္ပဏီ တွေ ဖြစ်ပါတယ်။

လုပ်ငန်းတွေ စတင်လည်ပတ်လို့ လုပ်သားခန့်အပ်ရာ မှာတော့ သူတို့ဘက်က ကျွမ်းကျင်လုပ်သားတွေပါလာ မယ်။ ကျွန်တော်တို့ မြန်မာလုပ်သားတွေကို သင်တန်း တွေပေးမယ်။ ကျန်တဲ့သင်တန်းတွေလည်း ဒီမှာဖွင့်ပါမယ်။ ဒီမှာလာပြီး ရင်းနှီးမြှုပ်နှံတဲ့အထဲမှာ Fuji World ဆိုတာ က လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းပေးမယ့် ကုမ္ပဏီ တစ်ခု လာဖွင့်မယ်။ ဒီမှာရှိတဲ့ မြန်မာအလုပ်သမားတွေကို သူ့ဆိုင်ရာဆိုင်ရာဘာသာရပ်အလိုက် သင်တန်းတွေ ပို့ချပေးမယ်။ လက်ရှိသူတို့ဘက်ကပါလာမယ့် ကျွမ်းကျင် လုပ်သားနဲ့ ကျွန်တော်တို့ဘက်ကပါလာမယ့် လုပ်သားတွေ ပူးပေါင်းပြီးတော့ နည်းပညာဆိုင်ရာကို လက်ဆင့်ကမ်း ပေးမယ်။ လက်တွဲလုပ်ကိုင်ရင်း မြန်မာလုပ်သားတွေ လုပ်ငန်းပိုမိုကျွမ်းကျင်လာမယ်။

**မေး။ ။ သီလဝါ စီးပွားရေးဇုန်ပေါ်ပေါက်လာလို့ မြန်မာ့ စီးပွားရေးကဏ္ဍမှာ ဘယ်လိုအပြောင်းအလဲတွေ ဖြစ်လာ နိုင်မလဲ။**

ဖြေ။ ။ နိုင်ငံရဲ့စီးပွားရေးတွေ ဖွံ့ဖြိုးလာမယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာမယ်။ ပြီးရင် ဒေသထဲမှာရှိတဲ့ ကျွန်တော်တို့ရဲ့ ပြည်သူတွေ အလုပ်အကိုင်အခွင့်အရေး တွေ ပိုလာပါမယ်။ စီးပွားရေးတွေ တိုးတက်လာမယ်။ နည်းပညာတွေ သူတို့ဆီကနေရရှိမယ်။ အနယ်နယ် အရပ်ရပ်ကလူငယ်တွေ အလုပ်အကိုင်ရရှိမယ်။ အခုဆိုရင်



သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ကျွန်တော်တို့ဆီမှာ အလုပ်လုပ်နေတဲ့ အင်ဂျင်နီယာတွေ ဟာ ရန်ကုန်ကသာမကဘဲ ဧရာဝတီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ မန္တလေး၊ မကွေး၊ နတ်မောက်၊ မွန်ပြည်နယ် ဘက်တွေကပေါ့။ မြန်မာတစ်နိုင်ငံလုံးက တိုင်းရင်းသား ပြည်သူတွေ အခုစတင်ဖော်ဆောင်နေတဲ့ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွေမှာ အလုပ်ရနေကြပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှာလည်း စီးပွားရေးဇုန်တွေရှိတယ်။ အဲဒီစီးပွား ရေးဇုန်တွေနဲ့ သီလဝါအထူးစီးပွားရေးဇုန်က ဘယ်လို ကွာခြားမှုတွေရှိလဲ။**

ဖြေ။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ စီးပွားရေး ဇုန်တွေမှာတော့ ပြည်တွင်းကစီးပွားရေးလုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံကြတာများတယ်။ အခုသီလဝါအထူးစီးပွား ရေးဇုန်မှာတော့ ဂျပန်နိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးမှာရှိတဲ့ ရင်းနှီးမြှုပ်နှံကြမယ့် စက်ရုံတွေကဒီကိုလာမယ်။ ဒီမှာက


မြန်မာ-ဂျပန်သီလဝါ Development Limited ၏ ဥက္ကဋ္ဌ ဦးသိန်းဟန်။

ပြည်ပရင်းနှီးမြှုပ်နှံမှုက ရာခိုင်နှုန်းအနေနဲ့ဆိုရင် ပိုများ တယ်။ သူတို့ရဲ့ ကုန်ပစ္စည်းတွေကို ဒီမှာထုတ်လုပ်ပြီး တော်တော်များများက နိုင်ငံခြားကို ပြန်တင်ပို့ကြမှာ။ တချို့ကတော့ ပြည်တွင်းမှာ ပြန်ရောင်းမှာပေါ့။ သူတို့ ပါလာတဲ့လုပ်ငန်းတွေရဲ့ နည်းပညာတွေက မြင့်တယ်။ ကျွန်တော်တို့ဆီမှာရှိတဲ့ အင်ဂျင်နီယာတွေနဲ့ ဝန်ထမ်း တွေဟာ ဒီနည်းပညာတွေကိုရရှိကြမှာဖြစ်တယ်။ အလုပ် သမားတွေကလည်း ကျွမ်းကျင်တဲ့ လုပ်သားတွေဖြစ်လာ ဖို့ ပိုပြီးအခွင့်အလမ်းတွေရကြမှာ ဖြစ်ပါတယ်။ ဒီတော့ အဓိကကွာခြားချက်ကတော့ သီလဝါမှာက ပြည်ပ ရင်းနှီးမြှုပ်နှံမှုက ပိုများပါတယ်။ တိုင်းပြည်အနေနဲ့ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုငွေတွေ များလာမယ်။ ပြည်သူ တွေအနေနဲ့ကတော့ အလုပ်အကိုင်အခွင့်အရေးတွေ ရလာမယ်။ ဒေသတွင်းမှာရှိတဲ့ လူနေမှုအဆင့်အတန်း တွေလည်း မြင့်မားလာတယ်။

နောက်ဒီအထူးစီးပွားရေးဇုန်နဲ့ ပြည်တွင်းက စက်မှုဇုန် တွေရဲ့ ကွာခြားချက်က ဒီမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကို သေချာဂရုစိုက်ထားပါတယ်။ ဒီမှာ ရေသန့်စင်စက်ရုံ ပါတယ်။ သုံးမယ့်ရေတွေ အဲဒီကို ဖြတ်သန်းပြီးမှ အသုံး ပြုမယ်။ နောက်ပြီးတော့ ရေဆိုးသန့်စင်စက်ရုံပါမယ်။ ထွက်လာတဲ့ ရေဆိုးတွေကို သန့်စင်ပြီးတော့မှ ချောင်း၊ မြောင်းတွေထဲကို ပြန်ထုတ်မှာဖြစ်ပါတယ်။ စက်ရုံတွေက ထွက်လာမယ့် စွန့်ပစ်ပစ္စည်းတွေကိုလည်း စနစ်တကျ စီမံခန့်ခွဲမှုတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ခုလို နိုင်ငံခြားကုမ္ပဏီတွေနဲ့ ဖက်စပ်လုပ်ကိုင် တဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေက ဘာဖြစ်မလဲ။**

ဖြေ။ ။ အခက်အခဲကတော့ ကျွန်တော်တို့နဲ့ ဖက်စပ် လုပ်ကိုင်တဲ့ ဂျပန်ကုမ္ပဏီက နိုင်ငံတကာမှာလည်း အတွေ့ အကြုံရှိတာပေါ့။ ဗီယက်နမ်၊ ကမ္ဘောဒီးယားနဲ့ ဖိလစ်ပိုင် မှာ လုပ်ခဲ့တဲ့အတွက်ကြောင့် သူတို့ဆီကပါလာတဲ့ ကျွမ်း ကျင်မှုကို ကျွန်တော်တို့ဆီက ဒေသခံအလုပ်သမားတွေ နဲ့ ပူးတွဲလုပ်ဆောင်တဲ့အခါမှာတော့ သိပ်ခက်ခဲတာတော့ မတွေ့ဘူး။ အားလုံးအဆင်ပြေပါတယ်။ နောက် လာရောက်ရင်းနှီးမြှုပ်နှံသူတွေ အဆင်ပြေအောင်လို့ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီက နေပြီတော့ ONE STOP SERVICE တွေ လုပ်ပေးထား ပါတယ်။ ကုမ္ပဏီတည်ထောင်ဖို့၊ ရင်းနှီးမြှုပ်နှံဖို့၊ ခွင့်ပြု မိန့်တွေရဖို့၊ လုပ်ငန်းခွင့်ပြုမိန့်တွေရဖို့ကို အမြန်ဆုံးဆောင် ရွက်ပေးနေတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေအတွက်လည်း အားလုံးလွယ်ကူပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ မြေဈေးကလာရောက်ရင်းနှီး မြှုပ်နှံသူတွေအတွက် ထည့်သွင်းစဉ်းစားစရာ အချက် ဖြစ်တယ်ဆိုတော့ သီလဝါမှာကော မြေဈေးကို ဘယ်လို ပုံစံမျိုးနဲ့ ရောင်းချပေးပါလဲ။**

ဖြေ။ ။ ဒီကရောင်းတဲ့ဈေးနှုန်းက နိုင်ငံတကာဈေးနှုန်း ထက်နိမ့်ပါတယ်။ နိုင်ငံတကာမှာက တစ်စတုရန်းပေကို ဒေါ်လာ ၁၀၀ နဲ့ ၁၅၀ ကြားရှိပါတယ်။ ကျွန်တော်တို့ ဒီမှာ တစ်စတုရန်းပေကို ၆၅ ဒေါ်လာနဲ့ ရောင်းပါတယ်။ နောက် ဒုတိယဆိုရင် ဒေါ်လာ ၇၀ နဲ့ ရောင်းပါတယ်။ အဲဒီတော့ မြန်မာငွေနဲ့ တွက်မယ်ဆိုရင် တစ်ဧကကို သိန်း ၂၅၀၀၊ ၃၀၀၀ အဲဒီလောက်ပဲရှိပါတယ်။

နောက် ဒီစက်မှုဇုန်ရဲ့ အားသာချက်ကမြေမျက်နှာပြင် ကို ပင်လယ်ရေမျက်နှာပြင်ရဲ့ ၆ ဒသမ ၅ မီတာအထက် ရှိအောင် မြေသားကိုသေချာ ကြိတ်ထားပေးပါတယ်။ နှစ် တစ်ရာအတွင်းမှာ ရွာသွန်းခဲ့တဲ့ မိုးရေချိန်ကို တိုင်းတာ ပြီးတော့ ကျွန်တော်တို့ စက်မှုဇုန်အထိ ရေမရောက် အောင်စီမံထားတာပါ။ ၂၀၀၈ နာဂစ်တုန်းကရေက ၄ ဒသမ ၈ မီတာ ကျော်ကျော်ပဲ ပင်လယ်ရေရောက်ခဲ့တယ်။ အခုက ၆ ဒသမ ၅ မီတာဆိုတော့ နာဂစ်လိုအခြေနေမျိုး ကြုံတွေ့ခဲ့ရရင်တောင် စက်မှုဇုန်ကိုရေမမြုပ်နိုင်ဘူးပေါ့။

**မေး။ ။ တစ်နိုင်ငံလုံးက ကာယ၊ ဉာဏအလုပ်သမား တွေအားလုံး ဒီနေရာမှာ လာပြီးအလုပ်လုပ်ကိုင်ကြရင် လူနေမှုဘဝအတွက် ဘယ်လိုစီမံမှုတွေ ပြင်ဆင်ထားပေး လဲ။**

ဖြေ။ ။ ဒီမှာလာအလုပ်လုပ်တဲ့ အလုပ်သမားတွေနဲ့ ဝန်ထမ်းတွေအတွက်ကို ၃၅ ဟက်တာ Residential and Commercial Area ဆိုပြီး ၃၅ ဟက်တာ၊ ဧကနဲ့ဆိုရင် ၈၆ ဧက လောက်ကို အလုပ်သမားတွေနေနိုင်မယ့် အဆောက်အအုံ ၁၅ လုံးလောက် ဆောက်ပါမယ်။ တစ်လုံး ကို ခြောက်ထပ်ပါမယ်။ တစ်လုံးဆိုရင် အလုပ်သမား ၈၀၀ ကနေ ၁၀၀၀ ကြားနေထိုင်နိုင်ပါတယ်။ နောက်ပြီး ဝန်ထမ်းတွေလာနေဖို့ Service Apartment တွေ ဆောက်ပါမယ်။ ဆေးရုံ၊ လုံခြုံရေးအတွက် ရဲစခန်းတွေ ရှိမယ်။ မီးသတ်စခန်းတွေထားမယ်။ အပန်းဖြေစရာဥယျာဉ် တွေရှိမယ်။ စိမ်းလန်းမြေဧရိယာပေါ့။ ကြယ်သုံးပွင့်၊ ကြယ်ငါးပွင့် ဟိုတယ်တွေရှိမယ်။ ဈေးဝယ်နိုင်ဖို့ ဈေးဝယ် စင်တာတွေ တည်ဆောက်မယ်။ အပန်းဖြေနေရာတွေ၊ ရုပ်ရှင်ရုံတွေ တည်ဆောက်မယ်။

**မေး။ ။ အရင်တုန်းက ဒီနေရာကရန်ကုန်မြို့ရဲ့ အစွန် အဖျားဒေသပေါ့။ ဒီလိုစီးပွားရေးဇုန်တွေ တည်ဆောက် လိုက်တဲ့အခါမှာ ဒီဒေသဟာဘယ်လိုပုံစံကို ပြောင်းလဲ သွားမလဲ။**

ဖြေ။ ။ ဒေသအတွင်းမှာရှိတဲ့ ပြည်သူတွေရဲ့ လူနေမှု အဆင့်အတန်းတွေ မြင့်လာပါမယ်။ အလုပ်အကိုင် အခွင့် အလမ်းတွေ ပေါ်ပေါက်လာမယ်။ အရင်က ဒီကလူတွေက ရန်ကုန်မြို့မှာသွားပြီး အလုပ်ဆင်းရတယ်။ ဒီမှာစက်မှုဇုန် ပေါ်လာပြီး လုပ်ငန်းတွေဖွံ့ဖြိုးလာရင် ဒီဒေသကလူတွေ ရန်ကုန်အထိသွားပြီး အလုပ်သွားလုပ်ဖို့ မလိုတော့ဘူး။ သွားရေးလာရေး အဆင်ပြေသွားပါမယ်။ အလုပ်အကိုင် ဘက်မှာလည်း ကျွမ်းကျင်လာတဲ့အတွက် သူတို့ရဲ့ပညာတွေ တိုးတက်လာမယ်။ ဒီနေရာက ပင်လယ်အထွက်နဲ့ နီးတဲ့ အတွက် ဒီနေရာမှာလာပြီး ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက် ကုန်တင်ကုန်ချ အဆင်ပြေမယ်။ **(ကျေးဇူးတင်ပါတယ်။)**

# သက္ကရာဇ်အကြောင်း သိကောင်းစရာ

ကျမ်းဂန်ကိုးကားတင်ပြသူ
အဆိုကျော် ဦးထွန်းရွှေ

- မဟာ ကောဇာ-နောက် ဂေါဇာ-(၃)ဖြာ ခေါ်လစ် သက္ကရာဇ်
- စိစစ်မှသာ နှစ်ကောဇာ-မှန်စွာ သနစ် ဆိုပြောဖြစ်
- သိချင်သောသူ-စိပ္ပာယ်ယူ-အောက်မူ ဖော်လှစ် စာတန်းသစ်
- စာတန်းအလှ ဖတ်ကြည့်မှ သိရ စင်စစ် ဓိပ္ပာယ်ဖြစ်...

**မြတ်စွာဘုရား၏ ဘိုးတော် အဉ္စနမင်းကြီး(ခ)**
**မဟာသုပ္ပဗုဒ္ဓမင်းကြီးသက္ကရာဇ်ဖြိုခြင်းအကြောင်း**

မြတ်စွာဘုရား၏ ဘိုးတော် (သီရိမဟာမာယာဒေဝီ၏ခမည်းတော်)ဒေဝဒေဟပြည့်ရှင် ဘုရင်အဉ္စနမင်းကြီးသည် မိမိ၏ ခေတ်လက်ထက်တွင် ရှိရင်းစွဲရောက်ဆဲဖြစ်သော ဂေါဇာသက္ကရာဇ်(၈၆၄၉) ရှစ်ထောင့်ခြောက်ရာလေးဆယ့်ကိုးခုကို ထိုနှစ် တပေါင်းလကွယ်စနေနေ့အထိ ဖြိုပြီးလျှင်[-ဗေဒင်နည်းအရ ဖျောက်ချေပယ်ဖျက်စွန့်ပစ်လိုက်ပြီးလျှင် (တစ်နည်း)ထိုရေးမှတ်ခဲ့သော သက္ကရာဇ်အရေအတွက်ကို ရေးမှတ်သုံးစွဲခြင်း မပြုကြရန် စီမံပြဋ္ဌာန်းပြီးလျှင်]တန်ခူးလဆန်း ၁ ရက် တနင်္ဂနွေနေ့ကို အစပြု၍ သက္ကရာဇ်တစ်ခုကို ထားလေသည်။ (ထိုအခါကစ၍ သက္ကရာဇ်တစ်ခုကို အသုံးပြုရန် ပြဋ္ဌာန်းခဲ့သည်။) ထိုသက္ကရာဇ်ကို မဟာသက္ကရာဇ်ဟူ၍ နောင်အခါ၌ ခေါ်ဝေါ်ကြ၏။

ဤသို့ သက္ကရာဇ်ဖြိုခြင်း၊အကြွင်းတစ်ခုကိုထားခြင်း အကြောင်းတို့ကို ပြဆိုချက်တို့မှာ ရာဇဝင်တို့၌ ပြဆိုသော လောကသင်္ကေတစကားတို့သာဖြစ်ကုန်၏။ စင်စစ်ကား သက္ကရာဇ်ဖြိုသော အကြောင်းအရာနှင့် ရောက်လာသော နှစ်ကို မှတ်သားချက် သက္ကရာဇ်ဟူသော အခေါ်အဝေါ် ဝေါဟာရ ကောဇာ+ဂေါဇာဟူသော အသုံးအနှုန်းတို့သည် သင်္ဂါယနာတင်ကျမ်းဂန်တို့၌ မပါရှိခဲ့ကုန်ချေ။ လောကအကြောင်းဆိုင်ရာ ဗေဒင်ကျမ်း၊ရာဇဝင်ကျမ်းတို့၏အဆိုအလိုအားဖြင့်သာ ရှိခဲ့ကုန်၏။ အကျဉ်းချုပ်အားဖြင့်ဆိုရသော် ဘိုးတော်အဉ္စနမင်းလက်ထက် သက္ကရာဇ်(၁၄၈) အရောက်တွင် ဘုရားပရိနိဗ္ဗာန်စံတော်မူ၏။ ဘုရားဘက်လိုက်လျှင် သာသနာသက္ကရာဇ်(၁)ဖြစ်မည်။ ဘိုးတော်ဘက်လိုက်လျှင် သက္ကရာဇ်(၁၄၈)ဖြစ်နေရာ သာသနာနှစ်၊ လောကီနှစ်တွေ ပြောမရအောင်(၁၄၈) ကိုဖြိုချသည်။ ထို့နောက် ဆက်လက်၍ (၆၂၂)သို့ ရောက်သောအခါ သုမုန္ဒြီမင်းက ဖြိုပြန်သည်။ တစ်ဖန် ဆက်လက်၍ နှစ်များတိုးလာရာ နှစ် (၅၆၀) အရောက်တွင် ပုပ္ပားစောရဟန်းမင်းက ဖြိုလေသည်။ ထို့နောက် ဆက်လက်မှတ်သားလာရာ ယခု(၁၃၇၇)ခုနှစ်သို့ သက္ကရာဇ်ရောက်လာသည်။ ထိုလောကအသုံးအဆောင် ဗေဒင်၊ ရာဇဝင်ကျမ်းဂန်တို့၌ရှိကြသော နည်းနာအသုံးအနှုန်းတို့ကိုပင် နှစ်ပရိစ္ဆေဒအချိန်ကာလတို့ကို မှတ်သားလွယ်ကူရန်အကျိုးငှာ မြန်မာပြည် ပုဂံခေတ်၊ ပင်းယခေတ်စသောကာလ ကျမ်းပြုဆရာပညာရှိအဆက်ဆက်တို့ ယူငင်သုံးစွဲရေးမှတ်ခေါ်ဝေါ်ခြင်းအမှု ပြုခဲ့ကုန်သည်။

**သက္ကရာဇ်+သကရာဇ်၊ ကောဇာ+ဂေါဇာ**
**ရေးထုံးများအကြောင်း**

ဤသက္ကရာဇ်+သကရာဇ်၊ ကောဇာ+ဂေါဇာ ရေးထုံးများအကြောင်း သမန္တစက္ခုဒီပနီကျမ်း ဒုတိယတွဲ၌ မုံရွေး ဇေတဝန်ဆရာတော်ဘုရား အကျယ်ဖွေဆို ရေးသားပြီးရှိလေပြီ။ ထိုဝိနိစ္ဆယအဆုံး၌ ဆရာတော်ကြီး၏ နှလုံးသွင်းယူဆချက်ကို-

ဤသို့ စသည်ဖြင့် နည်းနာနယများစွာပင် တွေ့မြင်ကြားသိရဖူး၏။ ကာလဒေသအလျောက် သင်္ကေတပညတ် မှတ်သားရေးသားရရုံမျှသာအကျိုးရှိသည်။ ထိုအရေးအသား၊ အမှတ်အက္ခရာ တိမ်းယိမ်းသည်ဟူ၍ သံသရာရေး လျော့ပါးနွမ်းနယ်ကောင်းသော အရာမဟုတ်ဖြစ်၍ တစ်ကြောင်း၊ ဤသို့သောအရေးကို အတပ်မှန် သိရသဖြင့် ဝဋ္ဋတရားမှ ထွက်မြောက်နိုင်အောင် အကျိုးဆောင်သော ပညာသမ္မာဒိဋ္ဌိဉာဏ်၏ အာရုံမဟုတ်သည်လည်း တစ်ကြောင်းဖြစ်၍ ငါတို့အလိုကား လျော်ရာ လျော်ရာ တော်သင့်ကြလေသည်ချည်းပင် ဖြစ်တော့သည်ဟူ၍ နှလုံးသွင်းသင့်မည်ထင်ပေသည်-
ဟူ၍ ရေးသားတော်မူချက်ကား အလွန်နှစ်သက်ဖွယ် ကောင်းလှပေ၏။

**ယခုရောက်ဆဲ သာသနာနှစ်နှင့် ယခုရောက်ဆဲ ကလိယုဂ်နှစ်တို့ကို သိလိုသော် ရောက်ဆဲ သက္ကရာဇ်နှစ်ကိုတည်၊ ၁၁၈၂ ကိုရောလျှင် အတိတ်သာသနာနှစ်ဖြစ်၊ ယခုရောက်ဆဲ ၁၃၇၇ ခုနှစ်တွင် အတိတ်သာသနာ နှစ်ပေါင်းမည်မျှရှိပြီဟု သိလိုလျှင် ရောက်ဆဲသက္ကရာဇ် ၁၃၇၇ ခုနှစ်နှင့် ၁၁၈၂ ကို ပေါင်း၍ နှော၍ ရသောနှစ်ပေါင်း ၂၅၅၉ သည် အတိတ်သာသနာနှစ်ဖြစ်။**

အချုပ်အားဖြင့် လူများကို ထိန်းစောင့်ခြင်းငှာ စွမ်းနိုင်သောမင်းတို့ စီမံပြဋ္ဌာန်းသော နှစ်အပိုင်းအခြား အမှတ်အသားဖြစ်၍ သက္ကရာဇ်ဟူ၍လည်းကောင်း၊ သကမည်သော မင်းစီမံပြဋ္ဌာန်းသော နှစ်အပိုင်းအခြား အမှတ်အသားဖြစ်၍ သကရာဇ်ဟူ၍လည်းကောင်း၊ နေလတို့၏ အသွားအလာအချိန် အပိုင်းအခြားကို ကောဇာဟူ၍လည်းကောင်း ခေါ်ဝေါ်ပညတ် သမုတ်အပ်လေသည်။ (သက္ကရာဇပုဒ်မှ သက္ကရာဇ်ဟူသော ဝေါဟာရဖြစ်ပေါ်လာသည်။ သက္က=လူအများကို ထိန်းစောင့်ခြင်းငှာ စွမ်းနိုင်သော+ရာဇ=မင်း၊ သက္ကရာဇ=လူများကို ထိန်းစောင့်ခြင်းငှာ စွမ်းနိုင်သော မင်းတို့စီမံပြဋ္ဌာန်း သတ်မှတ်အပ်သော နှစ်အပိုင်းအခြားသက္ကရာဇ်ဟု ဆိုလိုသည်။ သက္ကရာဇပုဒ်မှ သက္ကရာဇ်ဟူသော ဝေါဟာရ ဖြစ်ပေါ်လာသည်။ သက=သကမည်သော+ရာဇ=မင်း၊ သက္ကရာဇ=သကမည်သောမင်း စီမံပြဋ္ဌာန်းသတ်မှတ်အပ်သည့် နှစ်အပိုင်းအခြားသကရာဇ်ဟု ဆိုလိုသည်။ ကောဇာ+ဂေါဇာဟူသည်၌ ကောသဒ္ဒါ နေဟော၊ ဂေါသဒ္ဒါ နေလနှစ်ပါးဟောဖြစ်သည်။ ဇာသဒ္ဒါ လှည့်လည် သွားလာခြင်းဟောဖြစ်၍ နေလတို့၏ အသွားအလာ တဆယ့်နှစ်ရာသီခွင်တွင် တစ်ပါဒ် တစ်ပါဒ် ပြည့်သော အချိန်အပိုင်းအခြားကို ကောဇာနှစ် ဂေါဇာနှစ်၊ တစ်နှစ် တစ်နှစ်ဟူ၍ ခေါ်ဆိုလေသည်။ ဂေါစာရ်နှစ်ဟူ၍လည်း ရေးစမှတ်ပြုကြပေ၏။)

**ကလိယုဂ်နှင့် သက္ကရာဇ်အသုံး**

သက္ကရာဇ်ဟူသောစကား၏ရှေ့မှ ကလိယုဂ်ဟူသော ဝိသေသနပုဒ်ထည့်၍ "ကလိယုဂ်သက္ကရာဇ်နှစ်ပေါင်း ဤမျှ" ဟူ၍ သုံးနှုန်းရာ၌ ကလိယုဂ်ဟူသည်နှင့် သက္ကရာဇ် ဟူသည် အနက်တူမဟုတ်ပေ။ ကလိယုဂ်ဆန်းသော ခေတ်တွင် သက္ကရာဇ်နှစ်ပေါင်း ဤမျှဟူ၍ ဆိုလိုရင်းဖြစ်သည်။ အနည်းငယ်ထင်ရှားစေဦးအံ့. . .။

အန္တရကပ်ခေါ်သော တက်ကပ်၊ ဆုတ်ကပ် တစ်စုံ တစ်စုံအနက် တက်ကပ်၌ ကတယုဂ်၊ တြေတာယုဂ်၊ ဒွါပရာယုဂ်၊ ကလိယုဂ်ဟူ၍ ယုဂ်လေးပါး(နှစ်ပရိစ္ဆေဒ)တို့ အလှည့်အလည် ဆန်းတုံ ကွယ်တုံရှိခဲ့ရာ ထိုယုဂ်လေးပါး ဆန်းကြ ကွယ်ကြသည့် အကြိမ်ပေါင်းခြောက်ဆယ်ပြည့်မှ တက်ကပ် တစ်ကပ်ဆုံး၏။ ဆုတ်ကပ်၌လည်း ထိုနည်းအတူပင်တည်းဟူ၍ လောကီကျမ်းတို့၌ အဆိုရှိသည်။ ထိုယုဂ်လေးပါးတို့တွင် ရှေးဦးစွာ ကတယုဂ်သည် နှစ်ပေါင်း (၁၇၂၈၀၀၀) တစ်သန်းခုနစ်သိန်းနှစ်သောင်းရှစ်ထောင် အရေအတွက်ရှိ၏။ ထို့နောက်တြေတာယုဂ်ဆန်း၏။ ထိုတြေတာယုဂ်သည် နှစ်ပေါင်း(၁၂၉၆၀၀၀)တစ်သန်းနှစ်သိန်းကိုးသောင်း ခြောက်ထောင် အရေအတွက်ရှိ၏။ ထို့နောက် ဒွါပရယုဂ်ဆန်း၏။ ထိုဒွါပရယုဂ်သည် နှစ်ပေါင်း(၈၆၄၀၀၀)ရှစ်သိန်း ခြောက်သောင်းလေးထောင် အရေအတွက်ရှိ၏။ ထို့နောက် ကလိယုဂ် ဆန်း၏။ ထိုကလိယုဂ်သည် နှစ်ပေါင်း(၄၃၂၀၀၀) လေးသိန်းသုံးသောင်းနှစ်ထောင် အရေအတွက်ရှိ၏။ (ကလိယုဂ်နှစ်တွင် တစ်ဆတိုးလျှင် ဒွါပရယုဂ်၊ နှစ်ဆတိုး လျှင် တြေတာယုဂ်သက်၊ သုံးဆတိုးလျှင် ကတယုဂ်သက် ဖြစ်သည်ကို သတိပြုရာ၏။) ယုဂ်လေးပါးအပေါင်း နှစ် ပရိစ္ဆေဒသော်ကား (၄၃၂၀၀၀၀) လေးသန်းသုံးသိန်း နှစ်သောင်း အရေအတွက်ရှိ၏။

ကတယုဂ်နှစ်ပိုင်းတွင် သတ္တဝါတို့ ခြေလေးချောင်း ထောက်၍ နေသကဲ့သို့ သတ္တဝါတို့ကို လေးပုံပုံလျှင် လေးပုံလုံး တရားစောင့်ကြ၏။ တြေတာယုဂ်တွင် ခြေသုံးချောင်း ထောက်၍ နေသကဲ့သို့ လေးပုံသုံးပုံသာလျှင် တရားစောင့်၍ ကျန်တစ်ပုံကား တရားမစောင့်ရှိ၏။ ဒွါပရယုဂ်နှစ်ပိုင်းတွင် လေးပုံနှစ်ပုံ(တစ်ဝက်သာ)တရားစောင့်၍ ကျန်နှစ်ပုံ(တစ်ဝက်) ကား တရားမစောင့်ရှိ၏။ ကလိယုဂ်နှစ်ပိုင်းတွင် လေးပုံ တစ်ပုံသာ တရားစောင့်၍ ကျန်သုံးပုံကား တရားမစောင့်ရှိ၏။

အကျွန်ုပ်တို့၏ဆရာ ဂေါတမနွယ်ဖွား မြတ်စွာဘုရားသည် ကလိယုဂ် နှစ်ပေါင်း(၂၅၇၀) နှစ်ထောင့် ငါးရာခုနစ်ဆယ်မြောက်တွင် ပွင့်ထွန်းတော်မူကြောင်းကို ဂေါတမပုရာဏ်ကျမ်း ပဌမကဏ္ဍ၌-

ကမလရာရဋ္ဌတော သုည-သတ္တပဉ္စဒွေကေ ဂတေ။
သံဝစ္ဆရေ ဗဘာဝ ဝေ၊ ဓမ္မဝိဒေါ ဂေါတမာဘိဓော။

ကလိယုဂ်နှစ်ဆန်းသည်မှ နှစ်ပေါင်း(၂၅၇၀) နှစ်ထောင့်ငါးရာခုနစ်ဆယ်သို့ ရောက်သောနှစ်၌ တရားကို သိမြင်သော ဂေါတမမြတ်စွာဘုရားအဖြစ် ပွင့်တော်မူပြီ ဟူ၍ ရေးသားချက်ရှိလေသည်။

ယခုရောက်ဆဲ သာသနာနှစ်နှင့် ယခုရောက်ဆဲ ကလိယုဂ်နှစ်တို့ကို သိလိုသော် "သက္ကရာဇ်ဒီယတည်ပြီးမှ လျှင်၊ ဒွေးအဌနှင့်၊ ဧကကော၊ နှောတို့ပါက၊ သာသနာနှစ်၊ အတိတ်ဖြစ်၏"ဟူသော ရှေးအလင်္ကာအတိုင်း ရောက်ဆဲ သက္ကရာဇ် နှစ်ကိုတည်၊ ၁၁၈၂ ကိုရောလျှင် အတိတ် သာသနာနှစ်ဖြစ်၏။ (ဥပမာ) ယခုရောက်ဆဲ ၁၃၇၇ ခုနှစ်တွင် အတိတ်သာသနာ နှစ်ပေါင်းမည်မျှရှိပြီဟု သိလိုလျှင် ရောက်ဆဲသက္ကရာဇ် ၁၃၇၇ ခုနှစ်နှင့် ၁၁၈၂ ကို ပေါင်း၍ နှော၍ ရသောနှစ်ပေါင်း ၂၅၅၉ သည် အတိတ်သာသနာနှစ်ဖြစ်၏။

သာသနာနှစ်ကို သိလိုလျှင် "သုညသတ္တ၊ ပဉ္စဒွယ၊ နှောထ ကလိယုဂ်" ဟူသောအတိုင်း ယခုရောက်ဆဲ သာသနာနှစ် ၂၅၅၉ တွင် ၂၅၇၀ ကိုရော၍ နှော၍ ရသော နှစ်ပေါင်း(၅၁၂၉)ငါးထောင်တစ်ရာနှစ်ဆယ်ကိုး သည် ယခုရောက်ဆဲ ကလိယုဂ်နှစ်မည်၏။

အချုပ်အားဖြင့် "ကလိယုဂ်သက္ကရာဇ်နှစ်ပေါင်း ဤရွေ့ ဤမျှ"ဟူ၍ ရေးသားသုံးစွဲကြရာ၌ "ကလိယုဂ် ခေတ်တွင် သက္ကရာဇ်နှစ်ပေါင်း ဤရွေ့ ဤမျှ" ဟု ဆိုလိုရင်းဖြစ်သည်ကို သတိပြုရာ၏။ ကလိယုဂ်မှာ ဆိုခဲ့ပြီးသည့်အတိုင်း နှစ်ပေါင်း လေးသိန်းသုံးသောင်း နှစ်ထောင်ရှိ၏။ သက္ကရာဇ်မှာ မင်းတို့ပြဋ္ဌာန်းဆုံးဖြတ်သည့်အတိုင်း လိုက်နာမှတ်သားရသော နှစ်အရေအတွက်ဖြစ်သည်။

ယုဂ်လေးပါးအကြောင်းနှင့် ကလိယုဂ်နှစ် ၂၅၇၀ ၌ မြတ်စွာဘုရားပွင့်တော်မူကြောင်းကို မဟာသုတကာရီ မဃဒေဝလင်္ကာကျမ်း ဓမ္မစရိယာနိသံသခဏ်း ပိုဒ်ရေ (၅၅၃)၌-

လေးတန်ယုဂ၊ ထိုလောက်မျှတွင်၊ ကတနှစ်တွင်း၊ လူခပင်းတို့၊ မကြွင်းဉဿုံ၊ လုံးစုံသမ္မာ၊ မှန်သစ္စာ၏။ တြေတာ တုံ၊ လေးပုံပုံငြား၊ သုံးပုံအားဖြင့်၊ တရားတည်ကြ၊ တပုံပ၏။ ဒွါပရစက်၊ ထိုယုဂ်သက်၌ ထက်ဝက်ကောင်းဆိုး၊ နှစ်မျိုးညီဘိ။ ယုဂ်ကလိကား၊ အသိအယူ၊ အမူကောင်းစွာ၊ သတ္တဝါနည်းလှ တဘို့မျှဖြင့်၊ သုံးဆချွတ်ယွင်း၊ တရားကင်း၏။ ယင်းကလိယုဂ်၊ သမုတ်လူ့ဘောင်၊ နှစ်ယခေါင်တွင် နှစ်ထောင်ကျော်ထ၊ ငါးရာ့ခုနှစ်ဆယ်၊ ပြည့်ကယ်တုံလျက်၊ ဆန်းလွန်တက်မှ၊ ရာသက်ကာလ၊ ဟာယန၌၊ သကျသီဟ၊ ဂေါတမဟု၊ လေကထွတ်ထား၊ မြတ်ဘုရားလျှင်၊ ထင်ရှားလူ့ရွာ၊ ဖြစ်ပွင့်လာ၍. . . .။
စသည်ဖြင့် စပ်ဆိုလေသည်။

**ကျမ်းကိုး**

***တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု***
***မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တာသာရ ဘိဝံသ***
***ရေးသားသော မဟာဗုဒ္ဓဝင်ကျမ်းကြီး***

## နတ်မောက်မြို့နယ် လေးအိမ်ရထားလမ်းကွေ့တွင် လမ်းပျက်စီးမှုကြောင့် ခရီးသွားပြည်သူများအခက်တွေ့



**နတ်မောက် မေ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ နတ်မောက်-ကျောက်ပန်းတောင်းလမ်းသည် လေးအိမ်ကျေးရွာအနီး မိုင်တိုင် (၅၅/၅) နှင့်(၅၅/၆)ကြားရှိရထားလမ်းဖြတ်ကူးရာ လမ်းမတစ်ခုဖြစ်ပြီး ချိုင့်များဖြင့် ဆိုးရွားစွာပျက်စီးနေ၍ ခရီးသွားပြည်သူများ မကြာခဏ ယာဉ်မတော်တဆမှုများဖြစ်ခြင်းနှင့် အရှောင်အတိမ်းပြုလုပ်ရာတွင်အန္တရာယ်များနှင့်ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါလမ်းမကြီး၏ဘေး ဝဲ၊ယာ၌ လမ်းပြုပြင်ရန် ကျောက်ပုံများ၊ ထင်းများနှင့် ကတ္တရာကြိုရန် ပစ္စည်းများချထားသော်လည်းပြုပြင်ရန်နှောင့်နှေးနေကြောင်း၊ရထားလမ်းအဖွင့် အပိတ်တံခါးများမှာလည်း ဖရိုဖရဲဖြစ်နေကြောင်းနှင့် ညအချိန်ခရီးသွားများ အရှိန်လွန်တိမ်းမှောက်မှုများ မကြာခဏဖြစ်ပွားကြောင်း နတ်မောက်မြို့ ဒေသခံတစ်ဦးက ပြောပြသည်။

"နတ်မောက်မြို့ကနေ လေးအိမ်ရွာ၊ ရွာမွန်ကျေးရွာကို အရောင်းအဝယ်ပြုလုပ်ဖို့အပြင် အခြားဒေသတွေကခရီးသွားတွေလည်း ဆိုင်ကယ်၊ သုံးဘီး၊ကားတွေနဲ့ အဆက်မပြတ်သွားနေကြတယ်။ အခြားကုန်တင်ယာဉ်တွေနဲ့ အဝေးပြေးကားတွေ၊ ကားလေးတွေလည်း နေ့စဉ်သွားလာနေတော့ ရထားလမ်းကွေ့ အရှောင်အတိမ်းမှာ မကြာခဏ အန္တရာယ် ဖြစ်နေကြတယ်။လမ်းပြင်ဖို့ ပစ္စည်းတွေ ချထားပေမယ့်လည်း ကြန့်ကြာနေတယ်ဟု" ယာဉ်မောင်း တစ်ဦးက ပြောပြသည်။ **(ဇွဲထက်ရှင်)**

# Best Core Banking Implementation for Emerging Banks award 2015 ဆု ကမ္ဘောဇဘဏ်လီမိတက် ရရှိ

**ရန်ကုန် ဧပြီ ၂၇**

စင်ကာပူနိုင်ငံအခြေစိုက် The Asian Banker အဖွဲ့အစည်းကြီးမှ ၂၀၁၅ ခုနှစ်အတွက် Best Core Banking Implementation for Emerging Banks award 2015 ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်အား ၂၀၁၅ ခုနှစ် ဧပြီ ၁၅ ရက်တွင် Hong Kong မြို့ Convention and Exhibition Centre ၌ အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့်ခဲ့ရာ ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ရှိသူများက လက်ခံခဲ့သည်။

ဆုပေးအပ် ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ The Asian Banker က ထုတ်ပြန်ကြေညာရာတွင် ကမ္ဘောဇဘဏ် လီမိတက်သည် Oracle FLEXCUBE Core Banking System အား အောင်မြင်စွာအဆင့်တိုးမြှင့် အသုံးပြုဆောင်ရွက်နိုင်ခဲ့ခြင်း၊ Core Banking စနစ်သစ်ကိုအသုံးပြု၍ ပမာဏတိုးတက်များပြားလာသော Customer များအား အရည်အသွေးပိုမိုမြင့်မား၍ ကုန်ကျစရိတ် သက်သာစေသော ဘဏ်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းနှင့် အနာဂတ်တွင် ပမာဏပိုမိုတိုးတက်များပြားလာမည့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် လိုအပ်သလိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်မည့် အရည်အသွေးများ စီမံဖော်ဆောင်ထားနိုင်ပြီးဖြစ်ခြင်းတို့ကြောင့် ရွေးချယ်ပေးအပ်ရခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ယင်းဆုများကို ပေးအပ်ချီးမြှင့်ရာတွင် ဘဏ်ခွဲပေါင်း ၂၀၀၀ အထက်ရှိသော ဘဏ်အုပ်စုများအတွက် နယ်သာလန်နိုင်ငံ အခြေစိုက် ING Bank အား လည်းကောင်း၊ ဘဏ်ခွဲပေါင်း ၂၀၀၀ အောက်ရှိသော ဘဏ်အုပ်စုများအတွက် မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်အား လည်းကောင်း ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။



ယင်းအဖွဲ့အစည်းသည် အာရှ-ပစိဖိတ်ဒေသ၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကဒေသများအတွင်းရှိ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများမှ IT နည်းပညာအသုံးပြု၍ ထူးချွန်ပြောင်မြောက်စွာ ဝန်ဆောင်မှုပေးနေသည့် ဘဏ်များကို ကမ္ဘာတစ်ဝန်းရှိ ဘဏ်များ၊ IT နည်းပညာဆိုင်ရာ အတိုင်ပင်ခံအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်း၍ နှစ်စဉ်ထူးချွန်ဆုများကို ရွေးချယ်ပေးအပ်လျက်ရှိရာ ယခု ၂၀၁၅ ခုနှစ်အပါအဝင် (၉) ကြိမ်မြောက် ရွေးချယ်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၁၄ ခုနှစ်ကလည်း စင်္ကာပူနိုင်ငံအခြေစိုက် Asian Banking and Finance အဖွဲ့ကြီးက ပေးအပ်ချီးမြှင့်သည့် Best Core Banking System Initiative of the Year in Myanmar 2014 အားလည်း ရရှိခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မြောင်းမြမြို့သား ဒီးဒုတ်ဦးဘချိုရုပ်တု မြောင်းမြမြို့လယ်ပန်းခြံတွင် ဂုဏ်ပြုထားရှိမည်

**မြောင်းမြ ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြဇာတိဖွား အမျိုးသားအာဇာနည်၊ စာရေးဆရာ၊ အယ်ဒီတာ၊ ကျောင်းဆရာ၊ ဂီတပညာရှင်ဒီးဒုတ်ဦးဘချိုကို ဂုဏ်ပြုထုလုပ်ထားသော ဒီးဒုတ်ဦးဘချိုရုပ်တု ဧပြီ ၂၃ ရက်က မြောင်းမြမြို့သို့ ရောက်ရှိလာခဲ့ပြီး (၇)လမ်းနှင့် ထောင်ရောင်နေလမ်းဆုံ၊ အလယ်တောရကျောင်းတိုက်ရှေ့ရှိ အသစ်တည်ဆောက်နေသောပန်းခြံအုတ်ခုံပေါ်သို့ တပ်ဆင်ပြီးနောက် ၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်တွင် ကျရောက်သည့် ဦးဘချို အသက်(၁၂၂)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ် သံဃနာယကဆရာတော်များက အန္တရာယ်ကင်းပရိတ်များ ရွတ်ဆိုခဲ့ကြကာ တိုင်းဒေသကြီးဝန်ကြီးနှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဒီးဒုတ်ဦးဘချို ရုပ်တုအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မိသားစု၏ စီစဉ်လှူဒါန်းမှုဖြင့် ပန်းပုပညာရှင် ဦးကျော်ကျော်မင်း (ရန်ကုန်)က လက်ရာမြောက်စွာ ထုဆစ်ထားပြီး ရုပ်တုအမြင့် ကိုးပေ ကျောက်ခုံအပါအဝင် ၂၄ ပေရှိကာ ပန်းခြံအတွက် STU ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ အကြမ်းထည်အားလုံးပြီးစီးသွားပါပြီ။ ဆက်လက်ပြီး မြေခင်းပန်းအလှ၊ ကြွေပြားကပ်ခြင်း၊ ဆေးသုတ်ခြင်း၊ ပန်းနဲ့ မီးအလှဆင်ခြင်း လုပ်ငန်းတွေကို နိုင်ငံတကာ အထင်ကရပုဂ္ဂိုလ်တွေရဲ့ပန်းခြံတွေအတိုင်း ဆောင်ရွက်သွားမှာပါ"ဟု STU ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံဦးစသန်းဦးနှင့် အင်ဂျင်နီယာ ကိုကျော်ချမ်းငြိမ်းတို့က ပြောကြားသည်။

"မြောင်းမြမြို့ရဲ့ အထင်ကရပုဂ္ဂိုလ်တစ်ဦးကို အခုလို ခန့်ညားထည်ဝါစွာတွေ့မြင်ခွင့်ရရှိတဲ့အတွက် နောင်လာနောက်သားတွေအတွက်လည်း အတုယူစရာဖြစ်သလို မြောင်းမြမြို့သားဖြစ်ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်"ဟု ဦးဘချိုရုပ်တုကိုလာရောက်လေ့လာသူ အသက်(၆၀)ကျော် မြို့ခံအငြိမ်းစားတစ်ဦးက ပြောကြားသည်။

ဒီးဒုတ်ဦးဘချိုရုပ်တုကို ကျောင်းဆရာအသွင်ပုံသဏ္ဌာန်ဖြင့် ထုလုပ်ထားပြီး ဦးဘချို၏ အမျိုးသားရေးစိတ်ဓာတ်၊ ထူးချွန်ထက်မြက်သော ဦးဘချို၏ဘဝကို မျိုးဆက်သစ်လူငယ်များ တန်ဖိုးထား အတုယူတတ်စေရန် ရည်ရွယ်၍ ထုလုပ်ထားခြင်း ဖြစ်ကြောင်း သိရသည်။ **အောင်မင်း( IPRD)**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၂၇**

၂၀၁၅ ခုနှစ် ဧပြီလ ၂၇ ရက်တွင်ကျရောက်သော နယ်သာလန်နိုင်ငံဘုရင် ဝီလီယံအလက်ဇန္ဒြား၏ မွေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဲလ်ဘတ်ဂျီရာတ်ကိုအန်ဒါး(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# (၂၁)ကြိမ်မြောက်မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

*(ယမန်နေ့မှအဆက်)*

**၁။ ဝါသနာရှင်(ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) တောင်ယံတောလေး (မွန်)
- (ခ) ဟေဝန်စုံမြိုင် (ပတ်ပျိုး)
- (ဂ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
- (ဃ) ညာသပြေဘောင် (ကြိုး)
- (င) ယသော်ဓရာ (ယိုးဒယား)
- (စ) သောင်းရွှေလယ် (ယိုးဒယား)
- (ဆ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဇ) ရွှေပန်းပန်ငယ်နှင့်ကိုယ်တော်နှင်းနဲ့ (လေးထွေသံကပ်)

**၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) ရေယမုံ (ပတ်ပျိုး)
- (ခ) တောမြိုင်စွန်း (ယိုးဒယား)
- (ဂ) အမင်းမင်းခရ (သီချင်းခံ)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) ကြောက်ဖွဲ့ဘုန်းတန်း (ကြိုး)
- (ခ) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

**၄။ အခြေခံပညာ(၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (ခ) သေနင်္ဂမည် (ပတ်ပျိုး)
- (ဂ) ရွှေပင်ရွှေဘုန်းပပဝင်း (ကြိုး)

**၅။ အခြေခံပညာ(၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) လာချေပြီ (ကြိုး)
- (ခ) ရွှေပြည်ကြီးရော (ကြိုး)
- (ဂ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)




# မိုးရေချိန် စံချိန်သစ်

**နေပြည်တော် ဧပြီ ၂၇**

**ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ အောက်ဖော်ပြပါစခန်း၌ ဧပြီလ၏(၂၄)နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။**

**မိုးရေချိန်စံချိန်သစ်**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန် ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁ | မြိတ်မြို့ | ၁၂၀ | ၄.၇၃ | ၁၀၂ | ၄.၀၂ | ၂၄.၄.၁၉၉၉ | ၆၉ |

# ပြင်ဆင်ဖတ်ရှုပါရန်

ဧပြီ ၂၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြထားသော အုတ်တွင်းမြို့နယ် ဝဲဒေါင့်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်သတင်းတွင် **"ဒုတိယဗိုလ်မှူးကြီး လှမင်း"** အစား **"ဒုတိယဗိုလ်ချုပ်ကြီး လှမင်း"**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

# အာဆီယံအသိုက်အဝန်းကို ပိုမိုခိုင်မာရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားကြရမည်

ကွာလာလမ်ပူ မေ ၂၇

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မေ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ကွာလာလမ်ပူကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၂၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**



ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ဇနီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိပ်သီးအစည်းအဝေးကို အာဆီယံသီချင်း တီးမှုတ်ပြီး ဖွင့်လှစ်သည်။

ယင်းနောက် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတွတ်ဆရီမူဟာမက် နာဂျစ်ဘင်တွန်း အဗ္ဗဒူလ်ရာဇတ်က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းတည်ထောင်ရေး ရည်မှန်းချက်မှာ ယခုနှစ်ကုန်တွင် အထမြောက်တော့မည်ဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်သည် အာဆီယံ၏ သမိုင်းတွင် မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်တော့မည်ဖြစ်ကြောင်း။

အာဆီယံအတွက် ယခုလိုအချိန်အခါကောင်း ရောက်ရှိလာချိန်တွင် အာဆီယံရာစုနှစ်ဟု ပြောနိုင်သည်အထိ မိမိတို့အတူတကွ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် တစ်ဖန်ပြန်လည် တာဝန်ထမ်းဆောင်ရန် အခွင့်ကောင်းရချိန်တွင် အာဆီယံအဖွဲ့အနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)ကို တည်ထောင်နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံအား နိုင်ငံရေးအရ ပိုမိုပေါင်းစည်းသော အဖွဲ့တစ်ဖွဲ့ဖြစ်ရန် နည်းလမ်းရှာရမည့်အချိန်ဖြစ်ကြောင်း၊ အမှန်တကယ်တွင် အာဆီယံ၏ အလားအလာနှင့် စွမ်းပကားမှာ ကြီးမားကြောင်း၊ မိမိတို့ဒေသသည် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး အလုပ်သမားအင်အားကို ပိုင်ဆိုင်ထားပြီး ယင်းတို့ထဲတွင် ငယ်ရွယ်ထက်မြက်၍ အရည်အချင်းမြင့်မားလာသည့် လူဦးရေမှာ သန်း ၆၀၀ ကျော်ရှိကြောင်း။

အလယ်အလတ်လူတန်းစား များပြားလာခြင်းကြောင့် အာဆီယံသည် အာရှဒေသ၏ အကောင်းဆုံးရင်းနှီးမြှုပ်နှံရာနေရာတစ်ခု ဖြစ်လာတော့မည်ဖြစ်ကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)နှင့်အတူ ကုန်သွယ်မှုအပေါ် အဟန့်အတားများကို ဖယ်ရှားနိုင်မည်ဖြစ်သည့်အတွက် သွင်းကုန်အပေါ် စည်းကြပ်ကောက်ခံသည့် အခွန်လျှော့ချခြင်းထက် ပိုမိုကောင်းမွန်ကြောင်း။

အာဆီယံအဖွဲ့သည် ငွေကြေးအရ ပေါင်းစည်းမှုနှင့် အရင်းအနှီးဈေးကွက်ကိုမြှင့်တင်ရင်း နိုင်ငံအချင်းချင်းအကြား ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပင်ကိုစွမ်းရည်များ ပိုမိုလွတ်လပ်စွာ ရောက်ရှိရေးကို မြှင့်တင်ရန်လိုကြောင်း။

အာဆီယံနိုင်ငံများအတွင်း ကုန်သွယ်မှုသည် ၂၄ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ မြင့်တက်လာပါက အာဆီယံစီးပွားရေးသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ဖြစ်လာပါက အာဆီယံနိုင်ငံများ၏ စီးပွားရေးရော၊ လူနေမှုအဆင့်အတန်းပါ မြင့်တက်လာမှာဖြစ်ကြောင်း။

ဒေသတွင်း လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့် မတူညီသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကြောင့် အာဆီယံနိုင်ငံများအကြား ကွဲလွဲမှုများ အနည်းနှင့်အများ ရှိနေမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဆိုစေကာမူ မလေးရှားနိုင်ငံအနေဖြင့် အဆိုပါကွဲလွဲမှုများကို စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုများဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ဘန်ဆာမိုငြိမ်းချမ်းရေးအစီအစဉ်များကိုကြည့်မည်ဆိုပါက အာဆီယံအုပ်စု တစ်စိတ်တစ်ဝမ်းတည်းဖြစ်ရေးမှာ အာဆီယံဒေသအတွင်းရှိ ပဋိပက္ခများဖြေရှင်းရေးသည် အဓိကကျကြောင်း၊ ပြည်သူဗဟိုပြု အာဆီယံဖြစ်ရေးသည် အာဆီယံဒေသရှိ ပြည်သူများအနေဖြင့် တစည်းတလုံးတည်းနေထိုင်လိုသည့် ဆန္ဒရှိရန်လိုကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် မလေးရှားရိုးရာတေးသွားအကဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ အကြီးအကဲများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်က Go ASEAN အား ဖွင့်လှစ်ခြင်း၊ ၎င်းအစီအစဉ်နှင့်စပ်လျဉ်း၍ တင်ဆက်ခြင်း၊ သုံးဖက်မြင်ရုပ်လုံးကြွ တင်ဆက်ခြင်း၊ အာဆီယံဥက္ကဋ္ဌတေးသီချင်းဖြင့် တင်ဆက်ခြင်းများပြုလုပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နံနက် ၁၀ နာရီခွဲတွင် (၂၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး မျက်နှာစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ မျက်နှာစုံညီအစည်းအဝေးမကျင်းပမီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ခေါင်းဆောင်များက ဆွေးနွေးကြသည်။

မျက်နှာစုံညီအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆွေးနွေးပြောကြားရာ၌ မိမိတို့ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ ရောက်ရှိစဉ် နွေးထွေးစွာ ကြိုဆိုဧည့်ခံသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပထမဦးစွာ အာဆီယံကို အဓိကဦးဆောင်ထူထောင်သူတစ်ဦးဖြစ်သည့် စင်ကာပူနိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူ ကွယ်လွန်သွားခြင်းနှင့်ပတ်သက်ပြီး ဝမ်းနည်းမိပါကြောင်း၊ ဝန်ကြီးချုပ် မစ္စတာလီကွမ်ယူကွယ်လွန်ခြင်းမှာ စင်ကာပူနိုင်ငံအတွက် အစားထိုးမရသည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်သကဲ့သို့ အာဆီယံအတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ရပ်လည်း ဖြစ်ပါကြောင်း။

ယခုနှစ် အာဆီယံဥက္ကဋ္ဌ၏ဆောင်ပုဒ်ဖြစ်သည့် Our People, Our Vision, Our Community သည် အာဆီယံအသိုက်အဝန်းထူထောင်မှုနှင့် ပြည်သူများကို အခြေပြုသည့် အာဆီယံအသိုက်အဝန်း ပေါ်ပေါက်မှုအတွက် နှိုးဆော်မှုတစ်ရပ်ဖြစ်ပြီး အာဆီယံဥက္ကဋ္ဌ၏ ဦးစားပေးမှုရှစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် မိမိတို့အနေဖြင့် အပြည့်အဝထောက်ခံ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အာဆီယံအသိုက်အဝန်းထူထောင်နိုင်ခြင်းသည် အာဆီယံအတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်လာတော့မည်ဖြစ်ပါကြောင်း၊ မိမိတို့ အာဆီယံအသိုက်အဝန်းကို ပိုမိုခိုင်မာရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အာဆီယံအသိုက်အဝန်းထူထောင်မှုသည် အမြဲရှင်သန်နေမည့် ဖြစ်စဉ်တစ်ခုဖြစ်ပြီး အဆုံးသတ်သွားပြီဟု မယူဆနိုင်ပါကြောင်း။

အာဆီယံအသိုက်အဝန်းသည် ကမ္ဘာ့အသိုက်အဝန်းအလယ်တွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ယုံကြည်အားထားအပ်ပြီး ဒေသအတွင်း အဖွဲ့အစည်းများအား ဦးဆောင်နိုင်စွမ်းရှိသည့် အဖွဲ့အစည်းဖြစ်ရန်လည်း လိုအပ်ပါကြောင်း။

အစဉ်အမြဲရှင်သန်ပြီး ကမ္ဘာကြီး၏ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိနေသည့် အဖွဲ့အစည်းတစ်ခုအဖြစ် အာဆီယံကို ထိန်းသိမ်းသွားနိုင်ရန် အာဆီယံ၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ကိုလည်း နေပြည်တော်ကြေညာစာတမ်းနှင့်အညီ ချမှတ်သွားကြရမည်ဖြစ်ပါကြောင်း။

ယင်းမျှော်မှန်းချက် ချမှတ်မှုမှာ နိုင်ငံတကာအသိုက်အဝန်း၏ ဖြစ်ပေါ်တိုးတက်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သကဲ့သို့ ကုလသမဂ္ဂ၏ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့်လည်း ကိုက်ညီအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အာဆီယံအဖွဲ့အနေဖြင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ချစ်ကြည်ရင်းနှီးစွာ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေပြီး ဆွေးနွေးဖက်နိုင်ငံများနှင့် ယခုထက် ပိုမိုချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်သွားရန်လည်း လိုအပ်ပါကြောင်း၊ ထို့အတူ အာဆီယံအဖွဲ့အစည်းသို့ ဆွေးနွေးဖက်၊ မိတ်ဖက်နိုင်ငံများအဖြစ် ကမ်းလှမ်းလျှောက်ထားလာသည့် နိုင်ငံများကိုလည်း ကြိုဆိုပါကြောင်း၊ အာဆီယံအနေဖြင့် ပြင်ပဆက်ဆံရေးကို တိုးချဲ့ရာတွင် အာဆီယံ၏ ရည်မှန်းချက်များကို အထောက်အကူပြုမှုနှင့် အာဆီယံ၏ ထိတွေ့နိုင်စွမ်းအားနှင့်ကိုက်ညီမည့် တိုးချဲ့မှုများကို ဆောင်ရွက်သွားရန် အကြံပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အာဆီယံ Inter - Parliamentary Assembly မှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီနှင့်လည်းကောင်း၊ အာဆီယံလူငယ်ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံခဲ့ကြသည်။

**(သတင်းစဉ်)**




**အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီ အစည်းအဝေးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (ပြန်/ဆက်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးသီးသန့်အစည်းအဝေး တက်ရောက်

**ကွာလာလမ်ပူ ဧပြီ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ကွာလာလမ်ပူမြို့မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာလာရာ လန်ကာဝီလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရောက်ရှိသည်။

ထို့နောက် ဒေသစံတော်ချိန် ည ၇ နာရီတွင် လန်ကာဝီ ကွန်ဗင်းရှင်းစင်တာ၌ (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးသီးသန့်အစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံ့ခေါင်းဆောင်များက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ မလေးရှားနိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အပါအဝင် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ ဇနီးများအား မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က Westin Hotel ရေကူးကန်မြက်ခင်းပြင်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၆)ကြိမ်မြောက် အာဆီယံ ထိပ်သီးသီးသန့်အစည်းအဝေးတက်ရောက်စဉ်။**

(ပြန်/ဆက်)

**❖ ကျောဖုံးမှ**

ရှန်းကန်ရဖွယ်ရှိနေသည်။ ပထမအကျော့တွင်လည်း ရတနာပုံအသင်းမှာ အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

အိမ်ကွင်း၌ ကစားရမည့် ဧရာဝတီအသင်းမှာလည်း ယခုပွဲအနိုင်ရခဲ့ပါက နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ရန် အခြေအနေကောင်းသွားမည် ဖြစ်သည်။ ဧရာဝတီအသင်း ပါဝင်သောအုပ်စု (H)တွင် အင်ဒိုနီးရှား ကလပ်ဘန်ဒေါင်းအသင်းက ရှစ်မှတ်၊ ဧရာဝတီအသင်းက ခြောက်မှတ်၊ မော်လ်ဒိုက်ကလပ် နယူးရေဒီးယန့်အသင်းက လေးမှတ်၊ လာအိုကလပ် လာအိုတိုယိုတာအသင်းက နှစ်မှတ် ရရှိထားသည်။ ဧရာဝတီအသင်းသည် လာအိုတိုယိုတာအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့်အဝေးကွင်း ပထမအကျော့ပွဲတွင် နှစ်ဂိုးစီသရေကျထားသည်။

**(ရှိုင်းထက်ဇော်)**

**❒ လက်ရှိချန်ပီယံမှ**

နီရှီကိုရီသည် ၂၀၁၄ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သူဖြစ်ပြီး လာမည့်မေလတွင် ယှဉ်ပြိုင်ကစားမည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲရန်ရေပန်းစားနေသည့် တင်းနစ်ကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်ကြောင်းလည်း သိရသည်။

**(နိုင်လင်းကြည်)**

# နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်း လူမှုစီးပွားရေးမှတစ်ဆင့် တောင့်တင်းခိုင်မာစေခြင်း ဖိုရမ်တက်ရောက်

**နေပြည်တော် ဧပြီ ၂၇**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ (Plenary Theatre)၌ ကျင်းပသည့် လူမှုစီးပွားရေးမှတစ်ဆင့် တောင့်တင်းခိုင်မာစေခြင်းဖိုရမ်သို့ တက်ရောက်သည်။

ဖိုရမ်တွင် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး ဒါတင်ပါတူကာဆာရီရော့မာမန်ဆွာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Yunus စင်တာ၏ အုပ်ချုပ်မှုဒါရိုက်တာ Ms. Lamiya Morshed က လူမှုစီးပွားသီအိုရီနှင့် လက်တွေ့ကျင့်သုံးမှုဥပမာများ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Telecom Trust မှ ဦးဆောင်ညွှန်ကြားရေးမှူး Mrs.Parveen Mahmad က လူမှုစီးပွားလုပ်ငန်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ မူဝါဒများနှင့် ဘဏ္ဍာရေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**




# ဘက်စုံပညာထူးချွန်လူငယ်များ ငွေဆောင်အပန်းဖြေစခန်းတွင် လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေလျက်ရှိ

**ငွေဆောင် ဧပြီ ၂၇**

ငွေဆောင်အပန်းဖြေစခန်းတွင်ရောက်ရှိနေသည့် ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများအား ယခုနှစ်တွင် အခြေခံစစ်ရေးပြသင်တန်းကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးနေကြောင်းနှင့် လွတ်လပ်ပျော်ရွှင်စွာ အနားယူအပန်းဖြေလျက်ရှိကြောင်း သိရသည်။

"မနှစ်က လူရည်ချွန်စခန်းမှာ စစ်ရေးပြမပါပါဘူး။ ဒီနှစ်တော့ ပါတယ်။ ကလေးတွေကို အခြေခံစစ်ရေးပြသင်ခန်းစာတွေဖြစ်တဲ့ သတိ၊ သက်သာ၊ အေးစေ၊ ရှေ့ကြည့်၊ အလေးပြု သတင်းပို့ စတာတွေသင်ပေးမယ်။ စာတော်တဲ့ကလေးတွေက အားကစားလုပ်တာနည်းပါးတယ်။ ဒါကြောင့် ကာယလေ့ကျင့်ခန်းပါထည့်သွင်းသင်ကြားပေးသွားမှာ ဖြစ်ပါတယ်" ဟု (၂၀၁၅) ဘက်စုံပညာထူးချွန်စခန်း(ငွေဆောင်)တွင် သင်တန်းပို့ချပေးနေသည့် ဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး ကာယပညာမှ ဒေါ်တင်မာဦးက ပြောသည်။

ညနေပိုင်းများတွင် ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများသည် သဲသောင်ပြင်၌ လွတ်လပ်ပျော်ရွှင်စွာဖြင့် ဘောလုံးကစားခြင်း၊ ပင်လယ်ပြင်တွင် ရေချိုးခြင်းများ ပြုလုပ်ကြသည်။ ထိုသို့ကစားနေကြသည့် ကျောင်းသားကျောင်းသူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ရေပေါ်ဗောသီးများဖြင့် တားမြစ်ကန့်သတ်ပေးထားခြင်း၊ ရေကူးကျွမ်းကျင်သူများက မော်တော်ဘုတ်သုံးစင်းဖြင့် လှည့်လည်စောင့်ကြည့်ပေးကြပြီး အုပ်ချုပ်သူ ဆရာ ဆရာမများကလည်း အနီးကပ်စောင့်ကြည့်ပေးလျက်ရှိကြောင်း သိရသည်။

**(သီသီမင်း)**

# မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှု အခြေအနေ

**ရန်ကုန် ဧပြီ ၂၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၄-၄-၂၀၁၅ ရက်အထိ ၄၂ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၄၄၀၀၁၇ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ၆၀၁၈၉၄ ဒသမ ၃၈ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ၅၆၂၂၃၅ ဒသမ ၉၄ ကျပ်သန်း စုစုပေါင်း ၁၁၆၄၁၃၀ ဒသမ ၃၂ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန်(CD)နှင့် ကုန်သွယ်လုပ်ငန်းခွန်(CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၁၉၄၂၉ စီး၊ ကားအရောင်းပြခန်းများအတွက် ၉၆၄၇၅ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၃၀၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၁၈၁၃၁ စီးတို့ဖြစ်ကြောင်း သိရသည်။ **(ဝင်းလှိုင်)**

# တောင်းဆုပြည့်မြဲပြည့်စေချင်ပါသည်

**ခင်မောင်ငွေး(ပညာရေး)**

မကြာခင်ကပဲ စာရေးသူဆေးရုံတက်ခဲ့ပါတယ်။ အကြောင်းကတော့ ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းထိပ်မှာ ကျောက်တည်ခဲ့လို့ပါ။ ဆီးနဲ့ကျောက်ကပ်ပညာရှင် (Physician) နဲ့ ခွဲစိတ်ပါရဂူရဲ့ သုံးသပ်ချက်အရ ခွဲစိတ်ရမှာ သေချာသွားပါတယ်။ အဲဒီအခါမှာတော့ အတော်တုန်လှုပ်သွားပါတယ်။ အချို့ကတော့ ပြောပါတယ်။ ဒါမိုင်နာကေ့စ်ပါတဲ့။ ရယ်လိုက် မောလိုက်သေးတယ်။ ဒါပေမယ့် ကိုယ့်မှာတော့ အသက်(၆၀)ကျော်လာတဲ့အထိ မခွဲစိတ်ဖူးတာရယ်၊ ဆေးရုံဆေးခန်းမရောက်ဖြစ်တာတွေကြောင့် တွေးပြီးကြောက်ခဲ့တာပေါ့။

ပြောရရင်တော့ အတွေ့အကြုံက ဘာမှမရှိတာ။ ခွဲစိတ်မယ်ဆိုပြန်တော့လည်း ချက်ချင်းခွဲစိတ်လို့က မရပြန်ဘူး။ ဆီးချိုနည်းနည်းရှိလို့တဲ့။ ဆီးချိုချဖို့ နှစ်ရက်လောက်ကြိုပြီး ဆေးရုံတက်ရတယ်။ ပြောရရင် မခွဲစိတ်ခင် ၁၀ ရက်လောက်ကတည်းက ကောင်းကောင်းတောင်အိပ်မပျော်ဘူး။ မိတ်ဆွေတွေ၊ တပည့်တွေကလည်း ဝိုင်းပြီးအားပေးကြ၊ ဆုတောင်းပေးကြပေါ့။

တကယ်တော့ ပြည်သူ့ဆေးရုံကြီးမှာ ခွဲစိတ်ချင်တာ။ (ပြည်သူ့ဆေးရုံကြီးတွေရဲ့သတင်းတွေကလည်း မွှေးနေတာကိုး) ဒါပေမယ့် ဘိုကင်က ၂၀၁၆ ခုနှစ်ထိတောင်ပြည့်နေပြီလို့ အသိဆရာဝန်ကြီးတစ်ဦးက ဆိုလာပါတယ်။ အဲဒီလောက် စောင့်နေလို့ကလည်း မရတော့ဘူးလေ။ ဘိုကင်ကိုရှေ့နားရနိုင်သမျှရအောင် ကြိုးစားပေးမယ်လို့လည်း ပြောကြပါတယ်။ သူလိုကိုယ်လို အရေးကြီးနေတဲ့သူတွေအပေါ်လည်း ဒီလိုမျိုးလည်း မကြိုးစားချင်ပါဘူး။

ရန်ကုန်မှာဆို ရန်ကုန်ဆေးရုံကြီး(တိုးချဲ့ဆောင်)နဲ့ သယ်န်းကျွန်းစံပြဆေးရုံကြီးမှာပဲ ဆီးနဲ့ကျောက်ကပ်ဌာနကြီး ရှိတာ။ ခွဲစိတ်ရမယ့်သူတွေကလည်း တန်းစီနေတာပဲတဲ့။ ဒါနဲ့ပဲ ပုဂ္ဂလိကဆေးရုံတစ်ရုံမှာ တက်လိုက်ရပါတယ်။ ပုဂ္ဂလိကဆေးရုံရဲ့ဝန်ဆောင်မှုကတော့ ပြောစရာမရှိလောက်အောင်ကိုပါပဲ။ ကျွမ်းကျင်ဆရာဝန်ကြီးနဲ့ သုံးစွဲတဲ့ဆေးတွေကလည်း ကောင်းမှကောင်း၊ ဘာပဲပြောပြောလေ စားစရာမရှိရှိ လျော်စရာကတော့ ရှိရတော့မှာပေါ့။

စာရေးသူကို မေ့ဆေးပေးပြီးခွဲတာ နှစ်နာရီကြာပါတယ်။ ကျောက် ၁၀ လုံးရပါတယ်။ သတိရတဲ့အခါ ဘယ်ဘက် ခါးနားမှာ ခွဲစိတ်ထားတာကြောင့် နည်းနည်းတော့ နာသယောင်ရှိပါတယ်။ နောက်တစ်နေ့မှာလည်း အဲသလောက်ပါပဲ နာပါတယ်။ MO ဆရာဝန်လာတော့ မေးကြည့်တာပေါ့။ မခံမရပ်နိုင်အောင်များ ဘယ်တော့နာမှာလဲပေါ့။ MO က ပြုံးတယ်။ ဒီထက်ပိုမနာဘူးတဲ့။ ခွဲစိတ်ပြီးရင်နာကျင်မှာတွေ တွေးကြောက်ပြီး အိပ်မပျော်ဖြစ်ခဲ့ရတာတွေ၊ တကယ်တော့ ခေတ်ကပြောင်းသွားပြီပဲ။ ကျွမ်းကျင်မှု၊ နည်းစနစ်တွေပြောင်း၊ ဆေးဝါးအာနိသင်တွေကလည်းကောင်းဆိုတော့ လူနာရှင်တွေအတော်သက်သာလာပါပြီ။

> **ဆေးရုံကြီးတွေဟာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ယုံကြည်အားထားစရာနေရာအဖြစ်လည်း မှတ်ယူလာကြပါပြီ**

အဲဒီလို မသိတော့ ချုပ်ရိုးဖြေမယ်ဆိုလည်းကြောက်၊ ဆီးလမ်းကြောင်းထဲက ပိုက်ကလေးဖြုတ်မယ်ဆိုလည်းကြောက်နဲ့ အတွေ့အကြုံဗဟုသုတမရှိတာပေါ့။ ဘာပဲပြောပြော ခွဲစိတ်ပြီးသည်ကစလို့ ချုပ်ရိုးဖြေ၊ ပိုက်ထုတ်တဲ့အဆင့်အထိ မနာမကျင်ခဲ့လို့ ဝမ်းသာရတယ်။ ဝိုင်းပြီးအားပေးကြ၊ ဆုတောင်းပေးကြတာတွေ ဆုတောင်းပြည့်ခဲ့တာလို့ပဲ ခံယူမိပါတယ်။

စာရေးသူရဲ့မိတ်ဆွေတစ်ယောက်ဆိုရင် ခွဲစိတ်ရမှာကြောက်လို့ လေဆာနဲ့ခွဲနေတာ။ တစ်ကြိမ်နဲ့လည်း မပြီးဘူး။ အခါခါနာကျင်နေရတာပေါ့။ တစ်ယောက်ဆို Pain Shock တောင်ဖြစ်တယ်။ နည်းစနစ်တွေပြောင်း၊ ဆေးဝါးတွေ ကောင်းနေပါပြီ။ အရင်ကလို ခွဲစိတ်ပြီးတာနဲ့ တစ်ညလုံးအော်ဟစ်နေရတာမဟုတ်တော့ပါဘူး။

တစ်ဆက်တည်းမှာပဲ ဆုတောင်းပြည့်စေချင်တာတွေ ပိုလာပါတယ်။ အဲဒါကတော့ ဆေးရုံကြီးတွေမှာ အားကိုးတကြီးနဲ့ စောင့်ဆိုင်းနေကြရတဲ့ လူနာရှင်တွေပါပဲ။ သူတို့တွေလည်း သက်သောင့်သက်သာနဲ့ မြန်မြန်ဆန်ဆန်ကုသပျောက်ကင်းစေချင်ပါတယ်။ နိုင်ငံတော်အနေနဲ့ကလည်း ကျန်းမာရေးအတွက် အသုံးစရိတ်တွေ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲနေတာတွေ တွေ့ရပါတယ်။

ဒါပေမယ့် ရောဂါအမျိုးအစားအလိုက် ရောဂါဖြစ်ပွားမှုနှုန်းက တိုးပွားလာနေတာတွေ့ရပါတယ်။ဒါ့ကြောင့်လည်း တန်းစီစောင့်ဆိုင်းနေရတာတွေ ရှိနေဆဲပါ။ ဆေးရုံကြီးတွေဟာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ယုံကြည်အားထားစရာနေရာအဖြစ်လည်း မှတ်ယူလာကြပါပြီ။

ဒါ့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုတွေအတွက် အကူအညီတွေ၊ အလှူရှင်တွေ လိုအပ်နေဆဲပါ။ ကျန်းမာရေး အလှူ ဇီဝိတဒါနအလှူတွေဟာ အလွန်မွန်မြတ်လှပါတယ်။ ကျန်းမာရေးအတွက် ကူညီစောင့်ရှောက်ကုသမှု လိုအပ်နေသူတွေအားလုံး အဆင်ပြေလွယ်ကူချောမွေ့နိုင်စေဖို့ ဆုတောင်းပို့သမြဲ ပို့သပေးလျက်ပါ။ ။

# ဂျပန်နိုင်ငံ အိုရှီမာရကုမ္ပဏီ ဂျပန်မြက်စိုက်ပျိုးရန် တောင်သူများနှင့်တွေ့ဆုံ

**အင်းတော် မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နတ်မဟုတ်ကလေးရွာ တောင်သူများနှင့် ဂျပန်နိုင်ငံအိုရှီမာရကုမ္ပဏီမှ မစ္စတာအိုရှီမာ ဦးဆောင်သောအဖွဲ့တို့ မေ ၂၆ရက် မွန်းလွဲ ၁နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် မစ္စတာအိုရှီမာ၊ မစ္စတာရာမမုရနှင့် မြန်မာနိုင်ငံ ရှမ်းမောမြေကုမ္ပဏီမှ ဦးဝေဖြိုးအောင်တို့ ပါရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမင်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဦးစိုးလွင်တို့က နတ်မဟုတ်အုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်ဖေနှင့် တောင်သူများအား ဂျပန်မြက်(IGUSA) စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအကြောင်း ဆွေးနွေးကြသည်။

ဂျပန်မြက်ပင်မှာ နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး မေလတွင် ရိတ်သိမ်းရကြောင်း၊ ရိတ်သိမ်းပြီးသောမြက်ပင်များအား သုံးရက်နေလှန်းရပြီး ကုမ္ပဏီသို့ရောင်းချနိုင်ကြောင်း၊ မြက်ပင်အရှည်နှစ်ပေမှ စတင်ကာ ဝယ်ယူမည်ဖြစ်ကြောင်း မစ္စတာအိုရှီမာက ပြောသည်။

အဆိုပါမြက်ပင်ကို ပုစွန်ရှိသောလယ်မြေများတွင် စိုက်ပျိုးရန်မသင့်ကြောင်း၊ ထွက်ရှိသောမြက်ပင်များအား ကုန်ချောအဖြစ်မြက်ဖျာရက်လုပ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ကသာခရိုင်အတွင်း ကောလင်းမြို့နယ် ကြူတောအုပ်စု ကန်လည်ကြီးရွာတွင် ဂျပန်မြက်ပင်များ စမ်းသပ်စိုက်ပျိုး အောင်မြင်လျက်ရှိကြောင်း သိရသည်။

ယခုခရီးစဉ်တွင် ကသာ၊ အင်းတော်၊ ထီးချိုင့်မြို့နယ်များမှ တောင်သူများအားတွေ့ဆုံကာ ဂျပန်မြက်စိုက်ပျိုးနည်းနှင့်ပတ်သက်သောအချက်အလက်များအားဖြန့်ဝေပြီး တောင်သူများသိရှိလိုသည်များကို ရှင်းလင်းပြောကြားခြင်းနှင့် စိုက်ပျိုးမြေများအား ကွင်းဆင်းကြည့်ရှုခြင်းတို့ပြုလုပ်မည်ဖြစ်ပြီး ကသာခရိုင်အတွင်း ဂျပန်မြက်ဖျာ စက်ရုံတစ်ရုံတည်ဆောက်နိုင်ရန် ကသာ၊ အင်းတော်၊ ထီးချိုင့်မြို့နယ် သုံးမြို့နယ်မှ ဂျပန်မြက်စိုက်ပျိုးရန် နှစ်နေရာ ရွေးချယ်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

ထို့နောက် ယင်းအဖွဲ့မှာ နတ်မဟုတ်ကလေးရွာ မြောက်ဘက်ရှိ အင်းတော်အင်းထွက်ပေါက်မှ နွေလယ်စိုက်ပျိုးလျက်ရှိသော လယ်မြေများအား သွားရောက်ကြည့်ရှုရာ အဆိုပါလယ်မြေများတွင်တွေ့ရသော ခရုများကြောင့် ဂျပန်မြက်စိုက်ပျိုးရန် မသင့်ကြောင်း မစ္စတာအိုရှီမာက ပြောသည်။ အဆိုပါခရုများမှာ စပါးပင်၊ မြက်ပင်၊ သစ်တုံးများပေါ်တွင် ဥဥကြပြီး ထိုဥများမှာ ဥသောနေရာများတွင် ကပ်တွယ်ကာ နေကြသောကြောင့် ယင်းဥများအား မီးရှို့ဖျက်ဆီးပစ်ရန်နှင့်လယ်ကွင်းထဲမှ ခရုများအား စနစ်တကျကောက်ယူကာ ဖျက်ဆီးခြင်းတို့ ပြုလုပ်မှသာ ခရုတိုးပွားနှုန်းကိုလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ မပြုလုပ်နိုင်ပါက တစ်နှစ်ထက်တစ်နှစ် ခရုများတိုးပွားကာ စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်လာမှာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ချစ်လင်း**

❑❑❑



# မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြိုင်ကုန်းကျေးရွာ ဝင်းစိန်တောရကျောင်းဆရာတော် ဘဒ္ဒန္တကေသရ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း။** ဆရာတော်လောင်းလျာကို မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ လက်တက်ကျေးရွာ၌ အဖဦးနိုင်ဖေ၊ အမိဒေါ်တရုတ်မတို့မှ ၁၂၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း။** ၁၃၃၃ ခုနှစ်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ဈေးကြိုရပ်၊ ဇောတိကာရာမကျောင်း ခဏ္ဍသိမ်၌ ဇောတိကာရာမကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း။** ဆရာတော်သည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကတိုးကော့နှပ်ကျောင်းဆရာတော်နှင့် ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လတို့ထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း။** ဆရာတော်သည် သာသနာပြုသက်တမ်း ၅၀ နှစ်အတွင်း မြန်မာပြည်အရပ်ရပ်ရပ်ရှိ သုသာန်ပေါင်း ၁၃၃ ခုတွင် ကမ္မဋ္ဌာန်းအားထုတ်ခြင်းနှင့် ဓုတင် ၁၃ ပါးကို ပြင်းပြင်းထန်ထန်ကျင့်ကြံတော်မူပြီး ကရင်ပြည်နယ်၊ ဘားအံမြို့နယ်ဇာသပြင် သာသနာပြုစခန်း၊ မုဒုံမြို့နယ် ခပ်ရခပ်ယူ သာသနာပြုစခန်း၊ ကမာချိုင့် သာသနာပြုစခန်း၊ ကမာတာ သာသနာပြုစခန်း၊ ကမာခရဲသာသနာပြုစခန်း၊ ကော့ဟဘင်ကွင်းကလေး သာသနာပြုစခန်း၊ ကွေ့ဝမ်းကျေးရွာသာသနာပြုစခန်း၊ နိုင်းပြိုင်ကျေးရွာသာသနာပြုစခန်း၊ မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ သာသနာပြုစခန်းတို့ကို ထူထောင်၍ ပဋိပတ္တိ သာသနာတော်ကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ပါသည်။ ဝင်းစိန်တောရသာသနာပြုစခန်းတွင် အတောင် ၄၀၀ ပြည့် ဇိနသုခရန်အောင်ချမ်းသာ လျောင်းတော်မူဘုရားကြီး တည်ထားကိုးကွယ်ခြင်းအပါအဝင် စေတီပုထိုးပေါင်း ၆၀၀ ကျော်တို့ကို ပြုပြင်မွမ်းမံတည်ထားခြင်း၊ သာသနိကအဆောက်အအုံ ၃၀ ကျော်တို့ကို ပြုပြင်မွမ်းမံတည်ဆောက်ခြင်းများအပြင် ပြည်ပနိုင်ငံများသို့ ကြွရောက်သာသနာပြုခြင်း၊ အခြေခံပညာ မူလတန်းကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူမျိုးပေါင်းများစွာကို ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာအောင် ဆောင်ရွက်ခြင်းတို့ဖြင့် သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ် အလှူခံရရှိတော်မူခြင်း။** ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် သာသနာ့ဓုရာဝဟဂုဏ် လဇ္ဇီပေသလ္လ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်သည် ၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း။** ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၄၄ ဝါအရ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် (၂၆-၄-၂၀၁၅) တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# အိမ်တွင်းမှုအသက်မွေးပညာအခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား မေ ၂၇**

မြန်မာနိုင်ငံအမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်တွင်းမှုအသက်မွေးပညာဖြင့်ဝင်ငွေရရှိရေးရည်ရွယ်ချက်ဖြင့် ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သောအခြေခံစက်ချုပ်သင်တန်းကိုမေ ၂၇ ရက်မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ပြည်နယ်အမျိုးသမီးရေးရာရုံးတွင် ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာနာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးဒေါ်ကံဆီးဆိုင်းလုံ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မြနုနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူများတတ်ရောက်ကြသည်။

ရှေးဦးစွာပြည်နယ်အမျိုးသမီးရေးရာနာယက ဒေါ်ကံဆီးဆိုင်းလုံကအဖွင့်အမှာစကားပြောကြားပြီးအိမ်တွင်းမှုသင်တန်းကျောင်းအုပ်ကြီးဒေါ်ခင်အုန်းကသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို မြစ်ကြီးနားမြို့ပေါ်ရှိရပ်ကွက်၊ကျေးရွာများမှ သင်တန်းသူ ၃၀ တတ်ရောက်သင်ကြားမည်ဖြစ်ပြီးသင်တန်းကာလမှာတစ်လခွဲကြာသင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။ **စိန်ဝင်း(iprd)**

# နိုင်ငံအတွက်ရည် ကင်းထောက်တို့အားမာန်တည်




**ရန်ကုန် ဧပြီ ၂၇**

ဒို့. . . တစ်တွေ . . . နိုင်ငံကို . . ချစ်တဲ့ . . . ကင်းထောက်တွေ . . ဒို့. . အမျိုးကို. . . ချစ်တတ်ကြတဲ့ . . . သွေးတွေ. . ဒို့တိုင်းပြည်အတွက်လေ. . အသက်စွန့်လို့. . ကာမလေ. . ဒို့ရဲ့မြေ. . ဒို့ပြည်. . .

ပညာရေးဝန်ကြီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမတွင် တက္ကသိုလ်များ ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲကျင်းပရာ Scouter ဦးညဏ်ထွန်းဦး ရေးစပ်ထားသော ကင်းထောက်များရဲ့ ရှေ့သို့ခြေလှမ်း သီချင်းကို အားလုံးပါဝင်၍ ညီညွတ်တက်ကြွစွာ သီဆိုနေကြခြင်းဖြစ်သည်။

"ကင်းထောက်လုပ်ငန်းဟာ စစ်သဘောမပါ၊ နိုင်ငံရေးမစွက်၊ လူမှုဝန်ထမ်းသက်သက်မျှသာဖြစ်ပြီး လူငယ်တွေရဲ့ အကျင့်စာရိတ္တကို ပြုပြင်ခြင်း၊ သစ္စာရှိမှု၊ မျိုးချစ်စိတ်ရှိမှု၊ စွမ်းရည်သတ္တိရှိမှု၊ သူတစ်ပါးအတွက် ကူညီဆောင်ရွက်တတ်မှု၊ သဘာဝပတ်ဝန်းကျင်ကို အကဲခတ်လေ့လာတဲ့ အလေ့အကျင့်၊ ကိုးကွယ်တဲ့ ဘာသာတရားနှင့် လူကြီးသူမကို ရိုသေကိုင်းရှိုင်းတဲ့ အလေ့အထ၊ အများပြည်သူအကျိုးပြုမှုတဲ့၊ မိမိအတွက် အသုံးဝင်တဲ့၊ လက်မှုပညာသင်ယူလေ့လာခြင်းစသည်တဲ့ မိမိတို့၏ ဉာဏဗလ၊ စာရိတ္တဗလ တိုးတက်မှုကို အားပေးခြင်းဖြင့် လူငယ်တိုင်း နိုင်ငံသားကောင်း ဖြစ်ထွန်းလာစေရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်" ဟု တက္ကသိုလ်များ ကင်းထောက်သင်တန်းဖွင့်လှစ်ရေး သင်တန်းကြီးကြပ်မှု ကော်မတီမှ ဒေါက်တာအောင်မင်းက ပြောကြားသည်။

"ကင်းထောက်ဆိုတာ သူတစ်ပါးအပြစ်ကို စောင့်ကြည့်ဖို့မဟုတ်ဘူး။ သူတစ်ပါးကို အနိုင်ကျင့်ဖို့မဟုတ်ဘူး။ သူတစ်ပါးကို ကူညီဖို့၊ အစဉ်အသင့်ဖြစ်နေဖို့၊ အလုပ်တစ်ခုကို စိတ်ပါလက်ပါလုပ်တတ်စေဖို့၊ မိသားစုအတွက် လူ့အဖွဲ့အစည်းအတွက် အသုံးဝင်တဲ့လူဖြစ်စေဖို့ လေ့ကျင့်ပေးခြင်းဖြစ်တယ်။ ကင်းထောက်တစ်ယောက်ဖြစ်ဖို့ဆိုတာ လွှာတင်ရုံ၊ ကင်းထောက်ဝတ်စုံဝတ်ရုံ၊ သင်တန်းတက်ရုံနဲ့ ကင်းထောက်တစ်ယောက်ဖြစ်မလာဘူး။ ကင်းထောက်ဆိုင်ရာ အတတ်ပညာတွေ၊ အသိပညာတွေ တတ်၊ မတတ် စစ်ဆေးခံရမယ်။ ကတိသုံးပါးရွတ်ဆိုပြီး ကင်းထောက်ကျင့်ဝတ် (၁၀) ပါးကိုလည်း အထူးဂရုပြုလိုက်နာရမယ်။ ဒါမှ ကင်းထောက်ခြေနုတံဆိပ် (Tender Foot) တပ်ခွင့်ရမှာဖြစ်တယ်။ ကင်းထောက်ဖြစ်ပြီးရင် တစ်သက်လုံး ကင်းထောက်ဖြစ်သွားတာပါပဲ။ သိပ်ဂုဏ်ယူစရာကောင်းတယ်"ဟု မြန်မာနိုင်ငံကင်းထောက်ကြီး၊ ကင်းထောက်ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းရေးဆွဲရေး အဖွဲ့ခေါင်းဆောင် ဦးသာစိန်က ပြောသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးကင်းထောက်အဖွဲ့ကို ၁၉၁၆ ခုနှစ်၊ အမျိုးသားကင်းထောက်အဖွဲ့ကို ၁၉၂၀ ပြည့်နှစ်တွင် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများအဖြစ် နိုင်ငံတော်က ဖွဲ့စည်းခဲ့သည်။ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၊ အာရှကင်းထောက်အဖွဲ့များနှင့်လည်း ဆက်သွယ်ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် အောင်မြင်စွာရပ်တည်နိုင်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် အမျိုးသမီးနှင့် အမျိုးသား ကင်းထောက်အဖွဲ့များကို စုစည်းဖွဲ့စည်းခဲ့ရာ သမ္မတကြီး စဝ်ရွှေသိုက်သည် ကင်းထောက်နာယကတစ်ဦးဖြစ်ခဲ့သကဲ့သို့ သမ္မတကြီး ဒေါက်တာဘဦး၊ မန်းဝင်းမောင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုတို့သည်လည်း ကင်းထောက်နာယကများအဖြစ် လူငယ်ကင်းထောက်များနှင့် တစ်သားတည်း ရှိခဲ့ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အသင်းကို ၁၉၁၆ တွင် စတင်တည်ထောင်စဉ်က အသင်းဝင် ၃၀ မျှသာရှိသည်။ ထို့နောက် ကျောင်းသူများနှင့် ဂုဏ်သရေရှိ အမျိုးသမီးများ ပါဝင်လာကြသည်။ ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်မြရီက ကင်းထောက်အမျိုးသမီးအဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်(မဟာသီရိသုဓမ္မ)က ကင်းထောက်မင်းကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအသင်းကို ၁၉၅၂ ခုနှစ် ဩဂုတ်လတွင် ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့ချုပ်က အသိအမှတ်ပြုခဲ့သည်။

၁၉၆၄ မတ်လတွင် ကင်းထောက်လှုပ်ရှားမှုများ ရပ်ဆိုင်းသွားခဲ့သည်။ ယခုအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာနကကြီးမှူးပြီး ကင်းထောက်အဖွဲ့များကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၂၀ ကို အခြေပြုပြီး စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ ကျောင်းပေါင်း၂၀၀ ကျော်တွင် ကင်းထောက်လူငယ်ပေါင်း သုံးသောင်းကျော်အား မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့ကျင်းပသော တက္ကသိုလ်ကင်းထောက်လူငယ်သင်တန်းကို၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံကင်းထောက်ကော်မတီနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့ပူးပေါင်းပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသင်တန်းတွင် တက္ကသိုလ် ရှစ်ခုမှ ကျောင်းသား ၂၉ ဦး၊ ကျောင်းသူ ၃၁ ဦးကို ကြီးကြပ်သူ ဆရာ၊ ဆရာမ ရှစ်ဦးက သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ ဧပြီ ၂၅ ရက်မှ ၂၇ ရက်ထိ သုံးရက်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ပြင်ဦးလွင်မြို့၌ တတိယအကြိမ်မြောက် ကင်းထောက်လူငယ်တွေ့ဆုံပွဲကိုကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**(ခင်ဇာလီ)**

# တိုင်းပြည်အတွက် အားထားရမည့် ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာစေရန် နိုင်ငံတော်မှ ပြုစုပျိုးထောင်ပေးလျက်ရှိ

နိုင်ငံတော်မှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရည်ထူးချွန်ပြီး ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူလူငယ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိရာ ပညာရေးဝန်ကြီးဌာနက ၁၉၆၄ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် လူရည်ချွန်စီမံကိန်းကိုနိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ဘက်စုံပညာထူးချွန် လူငယ်စီမံကိန်းအဖြစ် ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်။

ယခုနှစ်တွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဘက်စုံပညာထူးချွန်လူငယ်များအား စိစစ်ရွေးချယ်ခဲ့ပြီး ပုဂံအပန်းဖြေစခန်း၊ အင်းလေးအပန်းဖြေစခန်း၊ ငွေဆောင်အပန်းဖြေစခန်းများ ဖွင့်လှစ်၍ ဧပြီ ၂၅ ရက်မှ မေ ၅ရက်အထိ သက်ဆိုင်ရာ အပန်းဖြေစခန်း အသီးသီးတွင် အပန်းဖြေလေ့လာရင်း ကင်းထောက်သင်တန်းများပေးခြင်း၊ အခြေခံစစ်ရေးပြသင်တန်းများပို့ချခြင်း၊ လူရည်ချွန်ဟောင်းများနှင့် တွေ့ဆုံပေးခြင်းတို့ အပြင် ဒေသခံတို့၏ လူမှုဘဝများကို လေ့လာခွင့်ရရှိကြမည်ဖြစ်သည်။

ငွေဆောင် အပန်းဖြေစခန်းသို့ ရောက်ရှိလာသည့် ဒသမတန်း ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူ လူငယ်များနှင့် အုပ်ချုပ်သူ၊ တာဝန်ရှိသူများအားတွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဦးအောင်ကျော်ထွန်း**
**ညွှန်ကြားရေးမှူး[ဘက်စုံထူးချွန်(ငွေဆောင်)ယာယီစခန်းမှူး]**
**ဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး**

ကလေးတွေနေဖို့ ထိုင်ဖို့ စားဖို့က အစ ဒီစခန်းမှာ အစစအရာရာလုပ်ပေးထားပါတယ်။ အဓိကကတော့ နိုင်ငံတော်က ထူးချွန်ကလေးတွေကို ဆုချီးမြှင့်တဲ့အနေနဲ့ အခုလိုဆောင်ရွက်ပေးတာပါ။ ဒီကလေးတွေက နောင်တစ်ချိန်မှာ တကယ့်ကို တိုင်းပြည်အတွက် အားထားရမယ့် ထူးချွန်ထက်မြက်တဲ့ ကလေးတွေ ဖြစ်လာမှာ အမှန်ပဲလေ။ အခုကလေးတွေက အဖေအမေရင်ခွင်ထဲကနေ ထွက်ခွာပြီး လူစုလူဝေးနဲ့ နေနိုင်အောင်၊ လူမှုဘဝတွေကိုလေ့လာနိုင်အောင် အဲဒီလိုရည်ရွယ်ချက်တွေနဲ့ ထူးချွန်စခန်းတွေကို ဖွင့်လှစ်တာပါ။ အခြေခံစစ်ရေးပြ သင်တန်းတွေ သင်ပေးမယ်။ ကင်းထောက်နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေ သင်ပေးတယ်။ ပြီးတော့ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ဟိုတယ်ဇုန်တွေ၊ သဇင်ရွာမှာရှိတဲ့ ငါးမွေးမြူရေးလုပ်ငန်းတွေ ပြည်သူ့ဘဝ လေ့လာရေးပေါ့။ ပြီးတော့ ဧရာဝတီရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ပတ်သက်ပြီး ပုသိမ်မှာရှိတဲ့ အထည်ချုပ်လုပ်ငန်းစက်ရုံတွေ၊ ကလေးတွေအနေနဲ့ ဗဟုသုတရနိုင်တဲ့ နေရာတွေကို လိုက်ပို့ပေးမယ်။ ပုသိမ်ထီးလုပ်ငန်းနဲ့ ပုသိမ်မြို့ရဲ့ ကျက်သရေဆောင် ရွှေမုဋ္ဌောဘုရားကိုလည်း လိုက်ပို့ဖို့ရှိပါတယ်။ ဒီမှာရောက်နေတဲ့ကလေးတွေကို ကျွန်တော်တို့ဌာနက ထောက်ပံ့မှုတွေ လုပ်နေသလို လိုအပ်တာရှိရင်လည်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီပါတယ်။ကလေးတွေအားလုံးကလည်း လိမ္မာကြပါတယ်။ ဘာအခက်အခဲမှမရှိပါဘူး။

**ဦးခဲင်းကျုံးထန်း**
**ချင်းပြည်နယ်၊ ဟားခါး အထက(၁)၊အထက်တန်းပြဆရာ**

ကျွန်တော်က ကြီးကြပ်အနေနဲ့ လိုက်လာတာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက အခုလို လာပြီး ကလေးတွေအားလုံး ဆုံစည်းခွင့်ရတော့ သူတို့ဒေသအကြောင်း သူတို့အတွေ့အကြုံတွေကို ဖလှယ်လို့ရတာပေါ့။ တစ်ယောက်နဲ့ တစ်ယောက်က ဒေသချင်းလည်းမတူတော့ တစ်ယောက်နဲ့ တစ်ယောက်က တွေ့ဖို့ မလွယ်ဘူးလေ။ အခုတော့တိုင်းရင်းသား ကလေးငယ်တွေ တစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးသွားကြတာပေါ့။ လူရည်ချွန်ဟောင်းကြီးတွေကို လေ့လာကြည့်ရင် လုပ်ငန်းနယ်ပယ် နေရာစုံကနေ တိုင်းပြည်အကျိုးပြုလုပ်ငန်းတွေ လုပ်ဆောင်နေကြတာ တွေ့ရမှာပါ။ အခု လူရည်ချွန်မျိုးဆက်သစ်ကလေးတွေကလည်း နောင်တစ်ချိန်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တစ်ဦးနဲ့တစ်ဦး၊ တစ်နေရာနဲ့ တစ်နေရာ ချိတ်ဆက်ပြီး ဆောင်ရွက်သွားကြမယ့်၊ တိုင်းပြည်ကအားထားရမယ့် ကလေးတွေဖြစ်လာလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

**မိုင်းလုံစောထီး**
**(လောက်ကိုင်ဒေသ၊နယ်စပ်ဒေသတိုင်းရင်းသားရေးရာဖွံ့ဖြိုးရေးသင်တန်းကျောင်း)**

ကျွန်တော်က လူရည်ချွန်နှစ်ထပ်ကွမ်းပါ။ ကျွန်တော် ဘက်စုံထူးချွန်ဖြေတဲ့အချိန်နဲ့ နယ်မြေမငြိမ်းချမ်းတဲ့အချိန်က တစ်ထပ်တည်းကျနေပါတယ်။ ဒါပေမယ့် အခက်အခဲတော့ မရှိခဲ့ပါဘူး။ နယ်စပ်ရေးရာဝန်ကြီးဌာနကအကူအညီတွေပေးခဲ့ပါတယ်။ အခုကျွန်တော်တို့ဒေသမှာ နယ်မြေမအေးချမ်းတဲ့အခါကျတော့ သူငယ်ချင်းအချို့ စာမေးပွဲမဖြေဖြစ်တာတွေရှိတယ်။ ကျွန်တော့်မြို့နယ်မှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေ အကုန်လုံးကို ကျွန်တော့်လိုပဲ ထူးချွန်စေချင်ပါတယ်။ ပညာတတ်ကြီးတွေဖြစ်စေချင်ပါတယ်။ နယ်စပ်မှာတုန်းက ဒီလိုလူအများကြီးနဲ့ အပေါင်းအသင်းမဖြစ်ဖူးဘူး။ အခုတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ထူးချွန်လူငယ်တွေ လာတွေ့ဆုံရတဲ့အတွက် ပိုပြီဝမ်းသာပါတယ်။ မရောက်ဖူးတဲ့နေရာတွေ သွားရတော့ ဒေသန္တရဗဟုသုတတွေ လည်းရပါတယ်။

**မောင်ဆက်ဝေပိုင် (အထက ကျောက်မဲ၊ ရှမ်းပြည်နယ်မြောက်ပိုင်း )**

ကျွန်တော်က အဋ္ဌမတန်းကနေ ဒသမတန်းအထိ ဘက်စုံထူးချွန် သုံးထပ်ကွမ်းရထားပါတယ်။ စာတော်တယ်၊ ပညာထူးချွန်တယ်ဆိုတာ ပုံမှန်လေ့ကျင့်မှုနဲ့ဆိုင်တာပါ။ ကျွန်တော်ငယ်ငယ်ကတည်းက ကျောင်းစာကိုတစ်နေ့စာ တစ်နေ့ နေ့စဉ်ပုံမှန်လုပ်ပါတယ်။ ဆရာ၊ ဆရာမတွေရဲ့ ညွှန်ကြားမှုတွေ၊ သင်ကြားပေးမှုတွေကိုလည်း လိုက်နာတယ်။ ပြီးတော့ ကိုယ်ကိုယ်တိုင်လည်း ကျောင်းကသင်ကြားလိုက်တဲ့ ဘာသာစုံကို မှတအောင်ကျက်တယ်။ လေ့ကျင့်မှုတွေလုပ်ပါတယ်။ အထူးသဖြင့် ကျောင်းအားလပ်ရက်တွေမှာ မြန်မာစာ စာစီစာကုံးရေးကြည့်တာတို့၊ အင်္ဂလိပ်စာ အက်ဆေးရေးတာတို့ လေ့ကျင့်ပါတယ်။ ညီငယ်ညီမငယ်တွေကို ပြောချင်တာက ပုံမှန်ကျောင်းစာတွေကို လေ့လာပါ။ ပုံမှန်လေး ကြိုးစားသွားရင် ကိုယ်လိုချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ကိုရောက်နိုင်ပါတယ်။

**မမေဦး (အထက-ဖားဆောင်း၊ ကယားပြည်နယ်၊ ဘော်လခဲခရိုင်)**

သမီးတို့က တောမှာနေတာဆိုတော့ ဆရာ၊ဆရာမ သိပ်မပြည့်စုံဘူး။ မြို့နဲ့တော့ သိပ်ပြီးမယှဉ်နိုင်ပါဘူး။ ဒါ့ကြောင့် မြို့ကလူတွေထက် နှစ်ဆကြိုးစားရပါတယ်။ ဘက်စုံပညာထူးချွန်အဖြစ် ပထမဆုံး အရွေးခံရတာပါ။ အခုလို နိုင်ငံတော်က ရွေးချယ်တဲ့အတွက် သမီးအနေနဲ့ ပိုပြီးဝမ်းသာမိပါတယ်။ ကိုးတန်းတုန်း က လူရည်ချွန်မဖြေခဲ့ရပါဘူး။ အခု ဒသမတန်းကျတော့ လူရည်ချွန်ဖြေရမယ်ဆိုတော့ ဝင်ဖြေဖြစ်ခဲ့ပါတယ်။ မိဘတွေက တောင်ယာပဲ လုပ်ကိုင်စားကြပါတယ်။ သမီးကနေတာတော့ တောမှာပါ။ ကျောင်းတက်တော့ မြို့က ဆွေမျိုးအိမ်ကနေတက်တာပါ။ ပြင်ပကျူရှင်တို့ ဘာတို့ မရှိပါဘူး။ ကျောင်းကဆရာ၊ ဆရာမသင်တဲ့စာကိုပဲ လေ့လာကျက်မှတ်ပြီး သင်ယူရပါတယ်။ ငယ်ငယ်ကတည်းက အတန်းထဲမှာ ပထမ၊ ဒုတိယအမြဲရပါတယ်။ ကိုးတန်းတုန်းကတော့ ပထမပါရှင့်။ သမီးကြီးလာရင် စစ်သူနာပြုဖြစ်ချင်ပါတယ်။ ဒေသကို အရမ်းဖွံ့ဖြိုးစေချင်ပါတယ်။ သမီးတို့ဒေသမှာ ၁၀ တန်းအောင်တဲ့ သူမရှိသလောက်ရှားပါတယ်။ ဒါ့ကြောင့် ပညာတတ်တွေလည်းပေါများ စေချင်ပါတယ်။ သမီးကတော့ ဒေသမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို သူများထက်နှစ်ဆကြိုးစားကြပါ။ ဒါမှ သမီးတို့ဒေသမှာ ပညာတတ်တွေ ပေါများလာမှာပါ။


မိုင်းလုံစောထီး။


ဦးခဲင်းကျုံးထန်း။


ဦးအောင်ကျော်ထွန်း။


မမေဦး။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ - သီသီမင်း**



# ကိုရီးယားအနုပညာရှင်တွေအပေါ် သရုပ်ဆောင်ကောင်းပြည့်ရဲ့အမြင်

ကမ္ဘာ့ရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံးမင်းသားဆုရရှိသွားသည့် ကိုရီးယားမင်းသား လီဗြောင်ရှင်းသည် လာမည့် ဇူလိုင်လလယ်တွင် ၎င်း၏ပထမဦးဆုံး အာရှခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ပြီး ပြည်တွင်းအနုပညာရှင် မော်ဒယ်များနှင့်တွဲဖက်ကာ ကြော်ငြာသုံးခုခန့် ရိုက်ကူးမည်ဖြစ်ကြောင်း ရှေ့ပြေးသတင်းများအရသိရသည်။

ထိုကဲ့သို့အောင်မြင်နေသည့် နာမည်ကြီးကိုရီးယားအနုပညာရှင်များ မြန်မာပြည်သို့ လာရောက်၍ ကြော်ငြာရိုက်ကူးခြင်းနှင့်ပတ်သက်၍ သရုပ်ဆောင်ကောင်းပြည့်က "အခုလို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုတဲ့ အနုပညာရှင်က လာရောက်ပြီး ကြော်ငြာရိုက်ကူးမယ်ဆိုတာ အလွန်ပဲကောင်းမွန်ပါတယ်။ ဂုဏ်ယူစရာလည်းကောင်းပါတယ်။ တကယ်လို့ ကျွန်တော်သာ သူနဲ့ဆုံဖြစ်မယ်ဆိုရင် ကျွန်တော့်အနေနဲ့ သူတို့ရဲ့သရုပ်ဆောင်မှုအပိုင်းတွေ၊ ကင်မရာပိုင်းဆိုင်ရာအယူအဆတွေကို လေ့လာဖြစ်မှာပါ။

ကိုရီးယားအနုပညာရှင်တွေအပေါ် ကျွန်တော့်ရဲ့အမြင်က သူတို့ကသရုပ်ဆောင်မှုပီပြင်ကြတယ်။ အလွန်ကောင်းတဲ့အတွက် ကျွန်တော်ကိုယ်တိုင်ကလည်းကြိုက်ပါတယ်။ ဒါပေမယ့် သူတို့ဆီကယောကျ်ားလေးတွေက အလှအပကို ပြင်ဆင်တာများလွန်းတာ တွေ့ရတယ်။ ကျွန်တော့်အနေနဲ့ကတော့ ယောကျ်ားလေးတွေဆိုရင် သန့်သန့်ပြန့်ပြန့်လေးနဲ့ တည်တည်တံ့တံ့ဖြစ်နေဖို့ပဲလိုတယ်လို့ ထင်မိတယ်။ ပြင်ဆင်တာများပြီး အမူအရာတွေက မိန်းကလေးဆန်ပြီး နွဲ့တဲ့ပုံစံမျိုးဆိုရင်တော့ သိပ်မကြိုက်ဘူး" ဟု ကောင်းပြည့်ကပြောသည်။

ဆက်လက်၍ "ဒီလိုကိုရီးယားအနုပညာရှင်နဲ့ တွဲဖက်ပြီး ကြော်ငြာရိုက်ကူးဖြစ်မယ့် မော်ဒယ်တွေအနေနဲ့ အဓိကကျွန်တော်ပြောချင်တာက ရိုက်ကူးရေးလုပ်တဲ့အခါမှာ ကိုယ့်အလုပ်လည်း ကိုယ်လုပ်သလို သူတို့ရဲ့ပညာတွေကိုလည်း ဂရုစိုက်ပြီးလေ့လာစေချင်ပါတယ်။ ဒီလိုတွဲဖက်ပြီး လုပ်ရမယ်ဆိုရင် ကိုယ့်အနေနဲ့ပညာယူတတ်ဖို့ အရေးကြီးတယ်။ ရှူတင်မှာလည်း မသိလိုက် မသိဘာသာမနေဘဲ ကြိုးစားအားထုတ်ပြီး အမြဲသင်ယူနေသင့်ပါတယ်" ဟု သူ့အမြင်ကိုပြောပြခဲ့သည်။ **(စန္ဒာဝင်း)**

# ကလေးများစောင့်ရှောက်ခြင်းအလုပ်က အခက်ခဲဆုံးပါဟု မီဂန်ဖောက်စ်ရင်ဖွင့်

မီဂန်ဖောက်စ်ဟာ အရင်ကဆိုရင် ဟောလိဝုဒ်မင်းသမီးတွေကြားမှာတောင် ပိုပြီးဟော့ရမ်းခဲ့တဲ့ အမျိုးသမီးဖြစ်ပါတယ်။ ဒါပေမယ့် အခုသားနှစ်ယောက်ဖြစ်တဲ့ နှစ်နှစ်နဲ့ခြောက်လအရွယ် နော့ရှ်နဲ့ တစ်နှစ်သား ဘော်ဂျီတို့နှစ်ဦးကို စောင့်ရှောက်နေရတဲ့အတွက် သူ့မှာအားလပ်ချိန်မရှိဘဲဒီလို လုပ်နေရတာကဘဝမှာ အခက်ခဲဆုံးနဲ့ အပင်ပန်းဆုံးအလုပ်ဆိုပြီး ပြောကြားလာခဲ့ပါတယ်။ မင်းသမီးဟာ လက်ရှိမှာ အသက်(၂၈)နှစ်ရှိနေပြီဖြစ်ပြီး ဖော်မြူလာဝမ်းကားမောင်းသမားအော်စတင်ဂရင်းနဲ့ လက်ထပ်ထားသူဖြစ်ပါတယ်။

ဖောက်စ်က"ဘယ်သူမဆိုသားသမီးမရခင်က ကလေးဝေယျာဝစ္စတွေဟာ ဒီလောက်များတယ်ဆိုတာသဘောမပေါက်ခဲ့ဘူး။ အခုတော့ ကျွန်မရဲ့အချိန်တွေဟာ ဒီသားနှစ်ယောက်အတွက်ပဲဖြစ်နေတယ်။ ဒါပေမယ့် ဒီလိုလုပ်ပေးနေရတာကိုပဲ ကြည်နူးနေမိပြီး ကျွန်မရဲ့သားနှစ်ယောက်က ကျွန်မအတွက် ကမ္ဘာကြီးတစ်ခုလိုမျိုးဖြစ်နေခဲ့တယ်။ အရင်က ဘဝမှာလိုအပ်တာတွေနဲ့ အခုလိုအပ်တာတွေခြားနားသွားပြီး သူတို့အတွက်ပဲ ဦးစားပေးနေမိတယ်။ အခုဆိုနော့ရှ်က ဘော်ဂျီလေးကိုချစ်ခင်ရမယ်ဆိုတာသိနေပြီး တစ်ခါတလေဘော်ဂျီလေး သက်သောင့်သက်သာရှိအောင် သူသိသလောက်နဲ့ စောင့်ရှောက်ပေးနေတတ်ပြီ။ သူတို့နှစ်ဦးစလုံးကို ဘက်ညီအောင်စောင့်ရှောက်ပေးရင်းနဲ့ မိခင်ဘဝရဲ့အဓိပ္ပာယ်ကို ကျွန်မကောင်းကောင်းသဘောပေါက်ခဲ့ပါပြီ"လို့ ရှင်းပြခဲ့ပါတယ်။



မီဂန်ဟာ ကလေးတွေနဲ့နေချိန်နည်းမှာစိုးတဲ့အတွက် တီဗွီကြည့်တာကို အင်မတန်နှစ်သက်တတ်တဲ့သူ့ရဲ့အကျင့်ကိုတောင် ဖျောက်ထားပြီး ကလေးတွေ Grade-8 လောက်ရောက်တဲ့အထိ ကွန်ပျူတာတွေ၊ ဆဲလ်ဖုန်းတွေကိုအသုံးမပြုဖြစ်အောင် စီမံဆောင်ရွက်သွားမယ်လို့ ဆိုခဲ့လေရဲ့။ ဒါက ဘာလို့လဲဆိုရင် ညစ်ညမ်းရုပ်ရှင်တွေ၊ ဗီဒီယိုဖိုင်တွေ၊ ဓာတ်ပုံတွေဟာ ဒီပစ္စည်းတွေကို သုံးရင် အလွယ်တကူ ကြည့်လို့ရနေတဲ့အတွက် ကလေးတွေနဲ့ဘယ်လိုမှ မအပ်စပ်ဘူးလို့ သားနှစ်ယောက်အတွက်သူ့ရဲ့အနာဂတ်စိတ်ကူးကိုပါ ဖောက်သည်ချသွားပါတယ်။ **(မေလှဲ့သင်း)**

# အောင်မြင်မှုလမ်းကြောင်းသို့ အမှတ်မထင်ရောက်ရှိခဲ့သူ စတီဗင်ဆီးဂဲလ်

အက်ရှင်မင်းသားစတီဗင်ဆီးဂဲလ်ဟာ အောင်မြင်တဲ့ သရုပ်ဆောင်ဘဝကို ရည်ရွယ်ချက်ရှိရှိနဲ့ ဝင်ရောက်လာခဲ့တာမျိုး မဟုတ်ဘဲ မထင်မှတ်လောက်အောင် ဆန်းကြယ်တဲ့ ကံတရားကြောင့်သာ ရောက်ရှိလာခဲ့တာလို့ People မဂ္ဂဇင်းနဲ့ အင်တာဗျူးပြုလုပ်စဉ် ပြောကြားသွားခဲ့ပါတယ်။ ၁၉၈၀ ကျော်ကာလတွေမှာ ဆီးဂဲလ်အနေနဲ့ အာကီဒို ကိုယ်ခံပညာသင်တန်းကျောင်းမှာရှိနေစဉ် စူးရှတဲ့အမြင်ရှိသူ အေးဂျင့်မိုက်ကယ်အိုဗစ်ဇ်က တွေ့ရှိခဲ့ပြီး သူ့ကိုဟောလိဝုဒ်ရုပ်ရှင်လောကထဲ ဝင်ရောက်နိုင်အောင် ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဆီးဂဲလ်ကို ယုံယုံကြည်ကြည်နဲ့ ခေါင်းဆောင်မင်းသားအဖြစ်တင်ရိုက်ဖို့ ဟောလိဝုဒ် အသိုင်းအဝိုင်းက လက်တွန့်နေခဲ့ကြလို့ အိုဗစ်ဇ်က ဟောလိဝုဒ်ကလူတွေနဲ့ အလောင်းအစားဆန်ဆန်အပေးအယူလုပ်ခဲ့ပြီး ဆီးဂဲလ်ကို ဒီနေရာရောက်အောင် ဖန်တီးပေးခဲ့တာဖြစ်ပါတယ်။

ဟောလိဝုဒ်မှာ ဆီးဂဲလ်လို ရုပ်မချောတဲ့ လူမျိုးအတွက် အောင်မြင်ဖို့ခဲယဉ်းခဲ့ပေမယ့်လည်း သူကသူရဲ့သရုပ်ဆောင်အရည်အသွေး၊ ပီပြင်တဲ့ အနာခံသရုပ်ဆောင်မှုများနဲ့သာ အောင်မြင်မှုဆီ တစ်ဆင့်ချင်း တက်လှမ်းလာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဆီးဂဲလ်က သူ့ရဲ့အောင်မြင်မှုဟာ သူ့ရဲ့အစွမ်းအစထက် သူရဲ့ဆရာရင်း အိုဗစ်ဇ်ရဲ့ စွမ်းဆောင်မှုကသာ အဓိကကျကြောင်းဆိုခဲ့လေရဲ့။ **(မေလှဲ့သင်း)**

# မင်းသားကြီး ဗင်ဒီဇယ် Furious 8 ရုံတင်မည့်ရက် ကြေညာ



မင်းသားကြီး ဗင်ဒီဇယ်က လက်စ်ဗေးဂတ်စ် စင်းနီးမားကွန်းတွင် ဧပြီ ၂၃ ရက်က Furious 8 ဇာတ်ကားသစ်ထုတ်လွှင့်ပြသမည့်ရက်ကို ရုပ်ရှင်ရုံပိုင်ရှင်များ၊ ဂျာနယ်လစ်များ၊ ပွဲတာဝန်ခံများအား ကြေညာခဲ့သည်။

အဆိုပါ ရုပ်ရှင်ကို ၂၀၁၇ ခုနှစ် ဧပြီ ၁၄ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကာ Furious 7 သည် ကမ္ဘာတစ်ဝန်းဝင်ငွေ တစ်ဘီလီယံကျော် ရရှိထားသည်။

အလားတူ ယူနီဗာဆယ် စင်းနီးမားကွန်းတွင်လည်း " Fifty Shades of Gray" ဇာတ်လမ်းများပြသမည့်ရက်ကို ကြေညာခဲ့ရာ Fifty Shades Darker ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင်လည်းကောင်း၊ Fifty Shades Freed ကို ၂၀၁၈ ဖေဖော်ဝါရီ ၉ ရက်တွင်လည်းကောင်း ပြသသွားမည်ဖြစ်သည်။ **(ခင်ခင်သက်)**

# ရုပ်မြင်သံကြားအစီအစဉ်များ

၂၈ - ၄ - ၂၀၁၅ (အင်္ဂါနေ့)

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ရွှေဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ဂန္ထဝင်မြောက်အမုန်း
- ၆း၁၀ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ရာဇဝင်ထဲကတော်ဝင်သမားတော် အပိုင်း(၃၈)
  - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
  - မေးမြန်းစူးစမ်း
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - မော်ဝင်စီးချင်း အပိုင်း(၁)

## Entertainment Channel

- ၆း၀၀ -ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၃၉)
- ၆း၁၅ "နေရယ်၊ လရယ်၊ အမှန်တရားရယ်" (အပိုင်း-၇)
  "အလုပ်သမားသမဂ္ဂ" (မိုးယံဇွန်၊ နေယံ၊ ဘုဏ်းသိုက်၊ ဆုပန်ထွာ) (ဒါရိုက်တာ-အောင်ကိုလတ်)
- ၇း၀၀ ဝတ်စားဆင်ယင်မှုပြပွဲ
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၇)
- ၈း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၄၆)
- ၈း၄၀ တေးဂီတအစီအစဉ်
- ၉း၀၀ ပြည်သူ့နီတိ "မာတာမိခင်"
- ၉း၁၅ ဟိုးတုန်းကရေဒီယို အသံလွှင့်ဇာတ်လမ်းများ "လောကီလူ့ဘုံ" (ဝေယံမင်း၊ ဘလိတ်၊ A.3၊ စောမင်းယျာ) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy))
- ၁၀း၀၅ China In Myanmar Cultural Show
- ၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်ချင်သမျှ ချစ်လိုက်ကြစမ်း" (ကျော်ရဲအောင်၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-ဇော်မြင့်ဦး)

## MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်၊ မေတ္တာသုတ်
- ၇း၅၀ ရွှေဘိုမြို့အောင်မြေ (၉)ဌာန
- ၉း၄၀ အနုပညာမိုးကောင်းကင်
- ၁၀း၀၅ ခေတ်သစ်ပျိုမေ
- ၁၀း၅၀ ဝင်းစိန်တောရ ဆရာတော် ဘဒ္ဒန္တကေသရအား သွားရောက်ဖူးမြော်ခြင်း
- ၁၁း၀၅ သွားမယ်စားမယ် (Korn Thai)
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၁၂၉)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၁၉)
- ၃း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၉၅)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၉၆)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၂၀)
- ၈း၁၀ ရသစုံညွှန်းတမ်းများ
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၅၂)
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၁၃၀)
- ၉း၅၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၅ MRTV-4 Stage
- ၄း၃၅ တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ

## mitv

- Insight Myanmar "Responsible Tourism and Economy"
- Ngapali, Unique Spot To Relax
- Moe Ne' Keeps Its Tradition Alive
- My Life & My Art
- Archery Session (from Ramayana Play)
- Products Of Myanmar - Strong And Stylish Pakokku Slippers
- Chinlone & The Dreams of the players
- All About Orchids
- Orphanage
- To The Land Of Countless Temples - Bagan Trip (EP-1)
- Today Myanmar "Booming Garment Industry"
- Taste Of Myanmar (Rakhine Monte Ti)
- Kayin Child Boxer
- Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
- Oboist and His Life
- Rakhine Tourist Area
- A Pilgrimage to Prominent Pagodas in Pakokku
- Kyauk Gu Umin Cave Gu Pha Ya
- Modifying Natural Thanakha Bark into Ready-Made Skin Care Product
- Youth Film Maker
- Tea Leaves

# တိုက်စစ်မှူး အေဒင်ဟာဇက်နှင့် တိုက်စစ်မှူး ဟယ်ရီကိန်း ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုများဆွတ်ခူး



ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်။

ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်သည် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့ (ပီအက်ဖ်အေ)၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကြယ်ပွင့် အေဒင်ဟာဇက်သည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၁၈ ဂိုး အထိသွင်းယူပေးနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်းအား ကက်ပီတယ်ဝမ်းဖလားချန်ပီယံဖြစ်ရေး စွမ်းဆောင်ပေးခဲ့သည့်အပြင် ၂၀၁၀ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ဖလားချန်ပီယံဖြစ်လာရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင်လည်း အထောက်အပံ့ပေးနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး အေဒင်ဟာဇက်သည် အဆိုပါ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးဆုအား မေ ၂၆ ရက်ညပိုင်းက လန်ဒန်မြို့ရှိ ဂရော့စ်ဗီနာဟိုတယ်၌ ကျင်းပသည့် ယင်းဆုပေးပွဲတွင် တစ်ဦးချင်းစွမ်းဆောင်ရည် ကောင်းမွန်မှုကြောင့် အကောင်းဆုံးဆုချီးမြှင့်ခြင်းခံခဲ့ရခြင်းဖြစ်သည်။

"ဒီဆုကိုရရှိတာ အလွန်ပျော်ပါတယ်။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးဖြစ်လာမယ်လို့လည်း ရည်ရွယ်ထားပါတယ်။ အဲဒါကြောင့် အခုနှစ်ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းနဲ့အတူ အကောင်းဆုံးကစားပေးခဲ့တာပါ။ ဒီဆုဟာ ဘောလုံးနဲ့ပတ်သက်ပြီး အရာရာကိုတတ်သိနားလည်တဲ့ ကစားသမားတွေက ကျွန်တော်နဲ့ ထိုက်တန်တဲ့ဆုလို့ သတ်မှတ်ပြီး မဲပေးရွေးချယ်ခဲ့လို့သာ ကျွန်တော် ဒီဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ"ဟု တိုက်စစ်မှူး အေဒင်ဟာဇက်က ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုဆွတ်ခူးအပြီးတွင် ၎င်း၏ ရင်တွင်းစကားကို ထုတ်ဖော်ပြောကြားခဲ့သည်။

တိုက်စစ်မှူး အေဒင်ဟာဇက်သည် ပြီးခဲ့သည့်နှစ်က ပီအက်ဖ်အေတစ်နှစ်တာ အကောင်းဆုံးလူငယ်ကစားသမားဆုကိုဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်တွင် ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ထပ်မံဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဘောလုံးနဲ့ပတ်သက်ပြီး လျင်မြန်စွာတိုးတက်မှုရှိလာသည့် ကစားသမားတစ်ဦးအဖြစ်လည်း ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့က မှတ်ချက်ပြုခဲ့သည်။

အေဒင်ဟာဇက်အနေဖြင့် ပြီးခဲ့သည့်သီတင်းပတ်က ပရီမီယာလိဂ်၏ ပွဲကောင်းတစ်ပွဲအဖြစ် ယူဆထားသည့် မန်ယူအသင်းနှင့် ပွဲစဉ်တွင်လည်း တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါတစ်လုံးတည်းသောသွင်းဂိုးဖြင့် မန်ယူအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားကို ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်သည့်အပြင် ဖလားရယူနိုင်မည့်အခွင့်အရေးတစ်ရပ်နှင့် ပိုမိုနီးစပ်သည့် အနေအထားတစ်ရပ်ကိုလည်း ပိုင်ဆိုင်ထားနိုင်ခဲ့သည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်သည် ချယ်လ်ဆီးအသင်းသို့ ၂၀၁၂ ခုနှစ် ဇွန်လက ရောက်ရှိလာခဲ့ပြီး ချယ်လ်ဆီးအသင်းသို့ မရောက်မီ ပြင်သစ်ပထမတန်းကလပ်လိုင်လီအသင်းတွင်လည်း ပြင်သစ်ပထမတန်းကလပ်၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ပီအက်ဖ်အေတစ်နှစ်တာ ပရီမီယာလိဂ်အကောင်းဆုံးအသင်းအဖြစ် ထုတ်ပြန်သော ကစားသမား ၁၁ ဦး စာရင်းတွင်လည်း ချယ်လ်ဆီးကစားသမားများဖြစ်ကြသည့် ဂျွန်တယ်ရီ၊ ကာဟေး၊ အိုင်ဗန်နိုဗစ်၊ မာတစ်နှင့် ဒီယေဂိုကော်စတာတို့ ပါဝင်လာခဲ့သည်။ အခြားကစားသမားများမှာ ဟယ်ရီကိန်း၊ ကော်တင်ဟို၊ ဆန်းချက်ဇ်၊ ဘာထရန်နှင့် ဒီဂီယာတို့ ဖြစ်ကြသည်။

၂၀၁၄-၂၀၁၅ ဘောလုံးရာသီ၏ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကိုမူ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက ဆွတ်ခူးရရှိခဲ့ပြီး အသက်(၂၁)နှစ်အရွယ်ရှိ လူငယ်ကစားသမား ဟယ်ရီကိန်းသည် နိုဝင်ဘာလအထိ စပါးအသင်းနှင့်အတူ ပုံမှန်ပွဲထွက်ကစားခွင့်မရရှိခဲ့သော်လည်း ပြိုင်ပွဲအရပ်ရပ်တွင် စပါးအသင်းအတွက် သွင်းဂိုး ၃၀ အထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ပြင် စပါးအသင်းကိုလည်း ကက်ပီတယ်ဝမ်းဖလားနောက်ဆုံးဗိုလ်လုပွဲအထိ ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးအမျိုးသမီးကစားသမားဆုကို ချယ်လ်ဆီးအမျိုးသမီးအသင်းမှ ဂျီဆိုယွန်က ဆွတ်ခူးရရှိခဲ့ပြီး ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးအမျိုးသမီး လူငယ်ကစားသမားဆုကိုမူ အာဆင်နယ်အမျိုးသမီးအသင်းမှ ဝီလီယံဆင်က ဆွတ်ခူးရရှိခဲ့သည်။

ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးဝါရင့်ကစားသမားဆုကိုမူ စတီဗင်ဂျာရတ်နှင့် ဖရန့်လမ်းပတ်တို့က ဆွတ်ခူးရရှိခဲ့သည်။ပီအက်ဖ်အေတစ်နှစ်တာ ချန်ပီယံရှစ် အကောင်းဆုံးအသင်းစာရင်းတွင် ဝက်စ်ဝုဒ်၊ ဖရန့်၊ မာတင်၊ ကို့ဂ်၊ ဖရန်ဆစ်၊ ပရစ်ချက်၊ ဆာခို၊ လိဒ်ဘစ်တာ၊ ရစ်ချီ၊ ဒီနေးနှင့် မာဖီတို့ ပါဝင်လာခဲ့ပြီး ပီအက်ဖ်အေတစ်နှစ်တာ လိဂ်ဝမ်းအကောင်းဆုံးအသင်းတွင်မူ ဖီးဒီး၊ ဘရေယန်၊ ဖလင့်၊ ကလာ့ခ်၊ ဘိုင်ယာနီ၊ အယ်လ်လီ၊ ဖရီးမန်း၊ လူအန်ဂို၊ စမစ်၊ ဒွိုင်းလီ၊ ဂါမာတို့ပါဝင်လာခဲ့သည်။ အဆိုပါ လိဂ်ဝမ်း အကောင်းဆုံးအသင်းတွင် ဘရစ္စတိုးစီးတီးအသင်းမှ ကစားသမားငါးဦးအထိ ပါဝင်လာခဲ့ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**



စပါး တိုက်စစ်မှူး ဟယ်ရီကိန်း

## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၅ ဒုတိယပွဲစဉ် ပဲခူးတွင် ကျင်းပမည်

**ပဲခူး မေ ၂၇**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA)တို့က ကြီးမှူး၍ မြဝတီဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်ကို မေ ၇ ရက်မှ ၁၀ ရက်အထိ ပဲခူးမြို့ရှိ ဟံသာဝတီဂေါက်ကလပ်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကိုပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသား (Handicap 0-12) အဆင့် ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး R&A (Rules Limited St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများသည် ပြိုင်ပွဲတွင်အသုံးပြုခွင့် (Confirming) ရရှိထားသောဂေါက်တုတ်များဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် ၂၀၁၅ ခုနှစ် မေ ၅ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၂၅၀၁၆၈၂၈၅၊ ၀၉-၇၃၁၃၀၄၇၄ နှင့် ပြိုင်ပွဲကျင်းပမည့် ဟံသာဝတီဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအားကြိုတင်လေ့ကျင့်နိုင်ရန်အတွက် Official Practice Round အား မေ ၄၊ ၅ နှင့် ၆ ရက်တို့တွင် ခွင့်ပြုထားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေးအနေဖြင့် ပရော်ဖက်ရှင်နယ်ကစားသမားများ ငွေကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့် အမျိုးသားနှင့်အမျိုးသမီး ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးနောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

သွားလာရေးအဆင်ပြေစေရန်အတွက် ရန်ကုန်မြို့မှ ပဲခူးမြို့သို့ မေ ၄ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး လိုက်ပါလိုသော ပြိုင်ပွဲဝင်များသည် ရန်ကုန်မြို့ ကျောက်ရေတွင်းရှိ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းသို့ ကြိုတင်စာရင်းပေးသွင်းရမည် ဖြစ်ကြောင်းသိရသည်။ **(ဖိုးသော်ဇင်)**

## အာဆင်နယ်ပရီမီယာလိဂ်ဖလားလက်မဲ့ ၁၁ နှစ်ကြာဖြတ်သန်းရခြင်းမှာ အလွန်ပျင်းရိဖွယ်ကောင်းကြောင်း မော်ရင်ဟိုလှောင်ပြောင်

ချယ်လ်ဆီးအနေဖြင့်ပရီမီယာလိဂ်ဖလားဆွတ်ခူးရန်ငါးမှတ်သာ လိုအပ်တော့သည့် အနေအထားတစ်ရပ်တွင် အာဆင်နယ်အသင်းက ပရီမီယာလိဂ်ဖလားမရရှိရန်သေချာသလောက်ရှိနေရာ မော်ရင်ဟိုက အာဆင်နယ်၏ ပရီမီယာလိဂ်ဖလားလက်မဲ့ ၁၁ နှစ်ကြာ ဖြတ်သန်းရခြင်းမှာ အလွန်ငြီးငွေ့ဖွယ်ကောင်းသည့်ကာလများပင်ဖြစ်လိမ့်မည်ဟု လှောင်ပြောင်ခဲ့သည်။ ဧပြီ ၂၅ ရက်တွင် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ ထိပ်တိုက်တွေ့ဆုံခဲ့ကြရာ ဂိုးမရှိ သရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့သည်။ အာဆင်နယ်သည်ပရီမီယာလိဂ်ဖလားကို ၂၀၀၄ ခုနှစ်က နောက်ဆုံးဆွတ်ခူးထားခဲ့ခြင်းဖြစ်သည်။



မော်ရင်ဟိုက" ၁၁ နှစ်တာ ဖလားလက်မဲ့ဆိုတာက အလွန်ငြီးငွေ့ဖွယ်ကောင်းပါတယ်။ ခင်ဗျားကတော့ အသင်းကိုထောက်ခံပြီး ဖလားရဖို့စောင့်တယ်။ ဒီလိုနဲ့နှစ်တွေကြာလာတယ်။ပရီမီယာလိဂ်ဖလားက ရမလာဘူး။ ဒါဟာ တော်တော်ကိုငြီးငွေ့ဖို့ကောင်းပါတယ်။ အိမ်ကွင်းမှာပရိသတ်တွေက အနိုင်လိုချင်မှာပဲလေ။ရှေ့တန်းမှာ ဝဲလ်ဘတ်နဲ့ ဂီရော့ဒ်တို့လည်း ရှိနေတယ်။ ဒါပေမယ့် ဂိုးတော့ တစ်ဂိုးမှမသွင်းနိုင်ဘူး။ ချယ်လ်ဆီးကတော့ ကော်စတာနဲ့ ရီမီနှစ်ဦးစလုံး မကစားနိုင်ခဲ့ဘဲ ရှေ့တန်းအတွက်တိုက်စစ်သမား စစ်စစ်တစ်ယောက်တည်းပဲ ရွေးချယ်စရာရှိခဲ့တယ်။ငြီးငွေ့စရာကောင်းတဲ့အသင်းဟာ ဂိုးတွေတော့ သွင်းနိုင်တယ်။ ဒါပေမယ့် ဖလားမရဘူး။ အကောင်းဆုံးအသင်းကတော့ ဒီလိုအခြေအနေနဲ့ မတူတဲ့အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ထားတဲ့အသင်းဖြစ်တယ်"ဟု ပွဲအပြီးသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယင်းပွဲစဉ်တွင် မော်ရင်ဟိုသည် အော်စကာအား တိုက်စစ်မှူးနေရာ၌ ကစားစေခဲ့ပြီး အော်စကာဦးခေါင်းဒဏ်ရာရရှိခဲ့ရပြီးနောက် နည်းဗျူဟာသစ်တစ်ရပ်ဖြင့် အာဆင်နယ်ကို ရင်ဆိုင်ခဲ့သည်။ အာဆင်နယ်အနေဖြင့် ပိုမိုကောင်းမွန်စွာကစားနိုင်ခဲ့သော်လည်း အနိုင်ရလဒ်ဖန်တီးနိုင်မှုမရှိခဲ့ခြင်းအတွက် မချင့်မရဲဖြစ်မိသည်ဟု အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက ဆိုခဲ့သည်။ လက်ရှိတွင်ပရီမီယာလိဂ်သွင်းဂိုးအများဆုံးအသင်းမှာသွင်းဂိုး ၇၀ အထိသွင်းယူထားသော မန်စီးတီးဖြစ်ကာ ချယ်လ်ဆီးကသွင်းဂိုး ၆၅ ဂိုးနှင့် အာဆင်နယ်က ၆၃ ဂိုးသွင်းယူထားသည်။ **(မေလှဲ့သင်း)**

# ပုသိမ်၌ ကျောက်၊ သဲတင် ထော်လာဂျီယာဉ်နှင့် ဟွန်ဒါဆိုင်ကယ်တို့ လမ်းလေးခွဆုံ၌တိုက်မိ၊ ဆိုင်ကယ်မောင်းသူသေဆုံး

**ပုသိမ် မေ ၂၇**

ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက် ဘန်ဘွေးကုန်းလမ်းမကြီးနှင့် မြို့ပတ်လမ်းမကြီး လေးခွဆုံ၌ မေ ၂၆ ရက် မွန်းလွဲပိုင်းက တောင်မှမြောက်သို့ မောင်းနှင်လာသော ကျောက်၊ သဲတင်ထော်လာဂျီယာဉ် ၇၄/××××××နှင့် အနောက်မှ အရှေ့သို့ မောင်းနှင်လာသော ဟွန်ဒါဆိုင်ကယ်တို့ ကန့်လန့်ဖြတ်တိုက်မိကြရာ ဟွန်ဒါဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်က ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက် ရေကြည်ဦး(၂)လမ်းနေ ယာဉ်မောင်း အောင်အောင်(ခ) ဇင်မျိုးအောင် (၂၁)နှစ်သည် ရာမညရပ်ကွက်မှ ကျောက်၊ သဲများပို့ဆောင်ပြီး ယာဉ်နောက်လိုက်မပါဘဲ ထော်လာဂျီယာဉ်ကို တစ်ဦးတည်းမောင်းနှင်လာစဉ် မြို့ပတ်လမ်းမနှင့် ဘန့်ဘွေးကုန်းလမ်းမကြီး လမ်းလေးခွဆုံအရောက်၌ ပုသိမ်မြို့ အမှတ်(၆)နယ်မြေ ကမ်းနားလမ်း အိမ်အမှတ်(၄)နေ ဗိုလ်ကြီး လူလှကျော်(ငြိမ်း) (၄၂)နှစ်မောင်းနှင်လာသော ဆိုင်ကယ်အား ကန့်လန့်ဖြတ်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူမှာ ဦးခေါင်းဝဲဘက် ချိုစောင်းပေါက်ပြဲ၊ ဝဲနဖူးပေါက်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ပြီး ထော်လာဂျီယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသည်။

ထို့ကြောင့် ပုသိမ်နယ်မြေရဲစခန်းမှ ဒုရဲအုပ် ဇော်လင်းအောင်နှင့်အဖွဲ့က ထွက်ပြေးတိမ်းရှောင်သွားသော ထော်လာဂျီယာဉ်နှင့် ယာဉ်မောင်းအား လိုက်လံဖမ်းဆီးပြီး အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**(ပုသိမ်လှကြည်)**

## မိုးလေဝသအခြေအနေ

**မေ ၂၇ ရက် နေ့အပူချိန်များ**

| တိုင်းဒေသကြီးနှင့် ပြည်နယ် | အမြင့်ဆုံး | အနိမ့်ဆုံး |
|---|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၈°C | ၂၃°C |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | ၃၈°C | ၂၄°C |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၄°C | ၂၃°C |
| ပဲခူးတိုင်းဒေသကြီး | ၃၉°C | ၂၄°C |
| ချင်းပြည်နယ် | ၂၅°C | ၁၅°C |

**မေ ၂၈ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ**

| | | | |
|---|---|---|---|
| ရေကျ | နံနက် | ၅း၅၄ နာရီ | ၈. ၃၇ ပေ |
| ရေတက် | မွန်းလွဲ | ၁၂း၀၁ နာရီ | ၁၅. ၃၆ ပေ |
| ရေကျ | ညနေ | ၆း၄၂ နာရီ | ၈. ၈၆ ပေ |

**မေ ၂၈ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်**

| | | |
|---|---|---|
| နေထွက် | နံနက် | ၅း၄၁ နာရီ |
| နေဝင် | ညနေ | ၆း၂၂ နာရီ |

# ရန်ကုန်-မန္တလေးအမြန်လမ်းတွင် အရှိန်မထိန်းနိုင်သောယာဉ်က ကွန်ကရစ်လမ်းအစပ်၌ ရပ်ထားသည့် ခရီးသည်တင်ယာဉ်အား ဝင်ရောက်တိုက်မိ

**နေပြည်တော် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၆၀/၄-၅)ကြား၌ မေ ၂၄ ရက် နံနက် ၅ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ အုတ်ရှစ်ကုန်း အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ ဦးခင်ဇော်ဦး (၄၃)နှစ်မောင်းနှင်လာသော 3E/×××× IPSUM အဖြူရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ကွန်ကရစ်လမ်း ယာဘက်အစပ်၌ ရပ်ထားသည့် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ သိန်းထိုက်(၃၃)နှစ် မောင်းနှင်သော ခရီးသည်တင် မှန်လုံယာဉ်၏ နောက်ယာဘက်ခြမ်းအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ခရီးသည်တင် မှန်လုံယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ IPSUM ယာဉ်မောင်း ခင်ဇော်ဦးနှင့် ယာဉ်ပေါ်ပါ ကမာရွတ်မြို့နယ်နေ ဒေါ်ခင်ချိုလွင် (၄၀)နှစ်တို့တွင် ဒဏ်ရာများ အသီးသီး ရရှိခဲ့သောကြောင့်ခင်ဇော်ဦးအား အုတ်ရှစ်ကုန်း အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**(ရဲပြန်ကြား)**





# မှူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နမ့်ခမ်းမြို့နယ်**

မူးယစ်တပ်ဖွဲ့စု (၂၂)မှူးဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက်က နမ့်ခမ်းမြို့ (၁၄)ရပ်ကွက်နေ မလင်းနေခြည်ထွေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း ခုတင်ပေါ်မှ ဘိန်းဖြူဆပ်ပြာခွက်တစ်ခွက် (ဘိန်း ဖြူအလေးချိန် သုည ဒသမ ၀၀၇ ကီလို)၊ နေအိမ်ဧည့်ခန်းရှိ သစ်သား သေတ္တာအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် လေးခွက် (ဘိန်းဖြူ အလေးချိန် သုည ဒသမ ၀၄၈ ကီလို) စုစုပေါင်း ဘိန်းဖြူမှုန့် သုည ဒသမ ၀၅၅ ကီလိုနှင့် ပလတ်စတစ် ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၅၁၀ တို့ကို သိမ်းဆည်းရမိသဖြင့် မလင်းနေခြည်ထွေး (၃၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဖားကန့်မြို့နယ်**

မေ ၂၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ လမ်းမပေါ်တွင် ကျော်စွာ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အင်္ကျီဝဲဘက်အိတ်အတွင်းမှ ပလတ် စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၅၈၈ ပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများရောင်းချသူ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မော်ရှန်ကျေးရွာDလိုင်းနေ တင်မောင်အေး (ခ)ဝမ်းတူး၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းရှိ အိမ်သာကျင်းထဲတွင် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀ နှင့် နေအိမ်အောက် ကျောက်ပုံထဲမှ ကြွပ်ကြွပ်အိတ်အတွင်း ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိသဖြင့် ကျော်စွာ (၄၁)နှစ်၊ တင်မောင်အေး (ခ) ဝမ်းတူး (၃၄) နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တနင်္သာရီ**

တနင်္သာရီ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက်က တနင်္သာရီတိုင်းဒေသကြီး တကူကျေးရွာအုပ်စု အင်းရှည်ကုန်း ကျေးရွာနေ မမိငွေး (ခ)မငွေးငွေးမူ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ခန်းရှိ လက်ဆွဲအိတ်အတွင်းမှ ပလတ်စတစ်ကပ်ခွာ အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀ သိမ်းဆည်းရမိသဖြင့် မမိငွေး (ခ) မငွေးငွေးမူ (၄၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



ကျော်ငွေးနှင့် မအေးခိုင်တို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ကျော်စွာနှင့် တင်မောင်အေး(ခ)ဝမ်းတူးတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မြိတ်မြို့နယ် စားမြိန်တောင်ကျေးရွာ၌ လေပြင်းတိုက်ခတ်၊ နေအိမ်များပြိုကျပျက်စီး

**မြိတ် မေ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း မေ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၆ နာရီအထိ လေပြင်းတိုက်ခတ်မှုကြောင့် စားမြိန်တောင်ကျေးရွာရှိ လူနေအိမ် ၁၂ လုံး ပြိုကျပျက်စီးခဲ့ပြီး နေအိမ်ခုနစ်လုံး အမိုးလန်ခဲ့သဖြင့် တောင်းရှည်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ တညက်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ကူညီဆောင်ရွက်ပေးကာ အိမ်ထောင်စု ၁၉ စုမှ လူဦးရေ ၉၅ ဦးတို့အား နီးစပ်ရာဆွေမျိုးများထံ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# တရားမဝင်ရွှေသတ္တုတူးဖော်မှု အရေးယူဆောင်ရွက်

**ကသာ မေ ၂၇**

ကသာမြို့နယ်သတ္တုတွင်းစီမံကိန်းရုံးတာဝန်ခံ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်ရွှေသတ္တုတူးဖော်နေကြောင်း သတင်းအရ မေ ၉ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဒယူးကျေးရွာအုပ်စု တောင်လည်ကျေးရွာ တောင်ဘက်တောအတွင်းသို့ ကွင်းဆင်းရှာဖွေခဲ့ကြသည်။

ထိုသို့ကွင်းဆင်းရှာဖွေရာတွင် တရုတ်နိုင်ငံလုပ် ၂၅ ကောင်အင်ဂျင်စက် ၁၆ လုံး၊ ၃တန် ချိန်းဘလောက်ခုနစ်ခု၊ ပိုက်ပျော့ ၁၀ခွေ၊ ဖိုက်ဘာပိုက်ပြား ၁၂ လုံး၊ လည်ချောင်းပိုက်ရှစ်လုံးတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ယင်းပစ္စည်းများအား ဒယူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံတွင် ယာယီအပ်နှံထားကြောင်း သိရသည်။

**ရဲကို(ကသာ)**

**ဥတုရာသီ တောကိုမှီ၏**

# ရေသွင်းစိုက်သောပဲတီစိမ်းများအောင်မြင်ဖြစ်ထွန်းနေ

**ရေစကြို ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျောမကြားကွင်းတွင် ၄၅ ရက်သား ရေသွင်းပဲတီစိမ်းကွင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်းဒေသခံများကပြောသည်။

"ကျွန်တော့ပဲတီစိမ်းခင်းက အခုမှ ၄၅ ရက်သားပဲရှိပါသေးတယ်။ ရေနှစ်ကြိမ်သွင်းပြီးပါပြီ။ အဖူးအပွင့်တွေစုံပြီး အဦးသီးတွေကတော့ နောက်ရက် ၂၀ လောက်ဆို ကောက်လို့ရတော့မှာပါ။ ပဲတီစိမ်းမျိုးကတော့ ရေဆင်းမျိုးဖြစ်ပါတယ်။ အတောင့်လည်းရှည်တယ်။ အစေ့လည်းကြီးတယ်။ သီးတာကလည်း မြင်တဲ့အတိုင်း တစ်ထပ်ပြီးတစ်ထပ်သီးတာခဲနေတာပဲ။ တချို့ကတော့ ဘုံခုနစ်ဆင့်မျိုးလို့တောင် ပြောကြတယ်ဗျ။ စိုက်ဧကေ သုံးဧကေပါ။ နောက်ထက် ရေနှစ်ကြိမ်တော့ အနည်းဆုံးသွင်းရအုံးမှာပါ။ စပေါ်စကတော့ ၃၅၀၀၀ ကျပ်ဈေး၊ အခုတော့ ၄၀၀၀၀ ကျပ်ဈေးလို့ ကြားတယ်။ ဒီနှစ်တော့ အခြေအနေကောင်းမှာပါ" ဟု တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော့်တို့ပွဲရုံကို ပဲတီစိမ်းတွေ စဝင်နေပါပြီ။ ပေါ်စအဖွင့်ဈေးကတော့ ၃၅၀၀၀ ကျပ်ဈေးကစခဲ့တာ။ ဧပြီ ၂၄ ရက် ဒိုင်ဖြတ်ဈေးကတော့ ၄၀၅၀၀ ကျပ်ဈေးဖြစ်ပါတယ်။ အိတ်စပို့ဝယ်လက်ဈေးရှိရင်တော့ ဒီထက်ဈေးတက်အုံးမှာပါ။ လွန်ခဲ့တဲ့လေးနှစ်လောက်က အိတ်စပို့ဈေးကွက်ကတော့ ၅၀၀၀၀၊ ၆၀၀၀၀ ကျပ်ထိ ဈေးကောင်းရခဲ့ကြပါတယ်" ဟု ပွဲစားတစ်ဦးကပြောသည်။

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း၌ တစ်မြို့နယ်လုံးစိုက်ဧကမှာ ၃၀၀၀၀ နီးပါးရှိကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# သန်လျင်မြို့နယ်တွင် လျှပ်စစ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ရန်ကုန် ဧပြီ ၂၇**

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှကျင်းပသော လျှပ်စစ်နှင့်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ပွဲကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့မရဲစခန်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ဦးလွင်မင်းပိုင်နှင့် တပ်ဖွဲ့ဝင်များက ရဲတပ်ဖွဲ့ဝင်အင်အား ၄၆ ဦး၊ တပ်ဖွဲ့မိသားစုဝင် အမျိုးသမီး ၃၈ ဦးတို့အား မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြဆောင်ရွက်ပြီး တပ်ဖွဲ့နေအိမ်လိုင်းခန်းများသို့ သွားရောက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်ဦး၊ မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်လျှပ်စစ်မှ တာဝန်ရှိသူများက မီးဘေးနှင့် လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

**သန်းဝင်း(သန်လျင်)**

# အမှတ်(၂၁)တပ်မတော်ဆေးရုံမှ အထူးကုဆရာဝန်နှင့်အဖွဲ့ ဖာပွန်မြို့နယ်တွင် နယ်လှည့်ဆေးကုသပေး

**ဖာပွန် ဧပြီ ၂၇**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ရပ်ကွက်၊ ကျေးရွာနှင့် အနောက်ဘက်ကမ်းကျေးရွာအုပ်စု ကျေးရွာများတွင် ကျန်းမာရေးညီညွတ်စေရန်ရည်ရွယ်၍ ဖာပွန်မြို့နယ် အမှတ်(၂၁) တပ်မတော်ဆေးရုံ ခုတင် ၁၀၀ မှ ပါရဂူများနှင့် သူနာပြုများသည် ဧပြီ ၂၃ ရက် နံနက် ၉ နာရီမှစတင်၍ အနောက်ဘက်ကမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးဝါးကုသရေးအဖွဲ့သည် ရပ်ကွက်နှင့် အနောက်ဘက်ကမ်း ကျေးရွာအုပ်စု ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူ ၁၅၀ အား အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆေးကုသပေးနေမှုအား ဖာပွန်ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးကြည်ခိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးဦးဆန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် တာဝန်ရှိသူများမှ သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**



# ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ရင်ပြင်တွင် စတုဒိသာပွဲကျင်းပမည်

**မုံရွာ ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးရင်ပြင်တော်တွင် ဂေါပကအဖွဲ့မှဦးစီး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော စတုဒိသာပွဲတော်အား ဧပြီ ၃၀ ရက် ညနေ ၄ နာရီခွဲတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စတုဒိသာပွဲတော် ကျင်းပမည့်အစီအစဉ်နှင့်ပတ်သက်ပြီး "ဟိုတုံးကတော့ ဘုရားကြီး၊ အေးသာယာရပ်ကွက်တွေရဲ့ ညောင်တပင်လမ်း၊ အေးသာယာကမ်းနားလမ်းတစ်လျှောက်မှာ ဟိုတုန်းက ကဆုန်လဆန်း ၁၄ ရက်မှာ စတုဒိသာကျွေးခဲ့ကြတာ။ နှစ်တော်တော်ကြာလာတော့ ဓလေ့ကပျောက်သလိုဖြစ်လာပြီး အခုနောက်ပိုင်းမှာ ကိုယ်နဲ့ခင်တဲ့မိတ်ဆွေတွေကို အိမ်ဖိတ်ပြီးကျွေးတဲ့ အဆင့်ပဲရှိတော့တာ။ အဲဒါကို ကျွန်တော်တို့ဂေါပကအဖွဲ့က ဦးဆောင်ပြီး ရပ်ကွက်ပေါင်းစုံက လှူဒါန်းချင်တဲ့သူတွေကို ဆုတောင်းပြည့်မြတ်စွာဘုရားကြီးရင်ပြင်ပေါ်မှာ နေရာပေးပြီး ပြန်လည်ဖော်ထုတ်ကျင်းပတာ သုံးနှစ်မြောက်ရှိသွားပါပြီ။ နှစ်စဉ်အလှူရှင်ဂေါပကအဖွဲ့အပါအဝင် ၃၀ ဦးလောက်ရှိတယ်" ဟု ဆုတောင်းပြည့်မြတ်စွာဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ စတုဒိသာပွဲတော်သို့ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကုသိုလ်ပြုပါဝင်လိုသူ အလှူရှင်များအနေဖြင့် ရင်ပြင်တော်ပေါ်တွင် နေရာများစီစဉ်ပေးမည်ဖြစ်သဖြင့် ဂေါပကအဖွဲ့သို့ ကြိုတင်အကြောင်းကြားပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# တုန်းဇန်-ငါလ်းဘွာလ်း-ဆွောင်းဆန်-လာလ်တာကြား ကျေးလက်လမ်းတာချဲ့ခြင်းလုပ်ငန်းကွင်းဆင်းစစ်ဆေး

**တီးတိန် ဧပြီ ၂၇**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၀၃ ဒသမ ၀၀၀ သန်းဖြင့်ဆောင်ရွက်သော တုန်းဇန်-ငါလ်းဘွာလ်း-ဆွောင်းဆန်-လာလ်တာကြား လမ်းအရှည် (၁၇/ ၀) မိုင်၊ အကျယ် ၁၈ ပေ တာချဲ့ခြင်းလုပ်ငန်းအား တင်ဒါအောင်မြင်သည့် Ka Zaitha Co. Ltd. မှ တာဝန်ယူဆောင်ရွက်ခဲ့ရာ လုပ်ငန်းဆောင်ရွက်နေမှုအား တီးတိန်မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန်၊ တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်တို့က ဧပြီ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

လောကီလောကုတ်ကောင်းကျိုးအဖြာဖြာရစေဖို့
ဗုဒ္ဓသာသနာရောင်ခြည်စာစဉ်မှ

စာအုပ်များထွက်ပါပြီ

- မြတ်ဗုဒ္ဓပုံတော်များနှင့် ပရိတ်တော်များ
- မြတ်ဗုဒ္ဓပုံတော်နှင့်ဓမ္မစက္ကပဝတ္တနသုတ်(ဓမ္မစကြာ)နှင့် အနတ္တလက္ခဏာသုတ်
- မြတ်ဗုဒ္ဓပုံတော်နှင့် ပဋ္ဌာန်းတရားတော်

ရွတ်ဖတ်ပူဇော်သူတို့ အသံမှန် အနက်သိစေရန် (ပါဠိ+မြန်မာ+အသံထွက်)တို့အား အရောင်ခွဲ၍ စီစဉ်ပေးထားပါသည်။

ဗုဒ္ဓဘာသာဝင် လူငယ်မောင်မယ်တို့ သိဖို့မှတ်ဖို့လိမ္မာယဉ်ကျေးဖို့

- ပုံတော်စုံ မဟာဗုဒ္ဓဝင် (ရောင်စုံ+အင်္ဂလိပ်+မြန်မာ)
- ပုံတော်စုံပညာလမ်းညွှန် ဇာတ်တော်များ (ရောင်စုံ+အင်္ဂလိပ်+မြန်မာ)
- ဗုဒ္ဓဝင်အမေးအဖြေ (ပုံတော်ရောင်စုံ)

(ဗုဒ္ဓဘာသာအခြေပြု ယဉ်ကျေးမှုသင်တန်းများအတွက် တိုက်ရိုက်မှာကြားပါက အထူးနှုန်း)

ရွှေကုံ့ကော်စာပေ
၀၁ ၂၀၂၅၉၅၊ ၀၉ ၇၃၂၄၄၄၅၉
ကောင်းကျော်စာပေ
၀၉ ၇၃၀ ၈၉၀၆၃

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ် (၆၄၀ ၁/၂)၊ မြေကွက်တည်နေရာအမှတ် (၆၄၀ ၁/၂)၊ နွယ်သာကီ(၂)လမ်း၊ ဒေါ်ကျင်တီ[၁၂/ဥကမ(နိုင်)၁၂၈၉၄၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဇနီးဒေါ်ကျင်တီ ကွယ်လွန်သဖြင့် ဦးဘစိန်ချစ်[၁၂/ဥကမ(နိုင်)၀၄၄၉၇၅]က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံ သောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**တိပိဋကဓရ - ပုဂ္ဂိုလ်အကျော်မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ဒုတိယအကြိမ်ထွက်ရှိနေပါပြီ**

ပူဇော်လိုသူများ အောက်ဖော်ပြပါဌာနတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ရောင်းဈေး တစ်အုပ်ချင်း ကျပ် - ၇၅၀၀/-

ရောင်းဈေး (၁၀)အုပ်နှင့်အထက် ကျပ် - ၇၀၀၀/-

ဆက်သွယ်ဝယ်ယူရန်ဌာန

မင်းကွန်းတိပိဋက - နိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။

ဖုန်း- ၀၁-၂၂၂၂၇၇/၇၈/၇၉၊၀၉-၇၃၁၉၇၉၉၅၊ ၀၉-၄၂၀၀၄၀၄၉၂

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ်-က/၇၁၊ မြေကွက်တည်နေရာအမှတ်-က/၇၁၊ ဂန့်ဂေါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်စန်းအမည်ပေါက် (၂၅)နှစ်ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်စန်းမှာ ၂၁-၈-၂၀၁၄ရက်တွင်လည်းကောင်း၊ ဖခင်ဦးတင်ဦးမှာ ၉-၆-၂၀၀၈ရက်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသည့် ဒေါ်မြင့်မြင့်သိန်း[၁၂/စခန(နိုင်)၀၄၃၆၁၁]၊ ဦးထွန်းအောင်ကျော်[၁၂/လမတ(နိုင်)၀၀၆၂၉၉]၊ ဒေါ်စန်းစန်းရီ [၁၂/စခန(နိုင်)၀၄၃၆၁၂]၊ ဦးမျိုးသိန်း[၁၂/စခန(နိုင်)၀၄၄၅၅၃]၊ ဒေါ်စန်းစန်းဝင်း[၁၂/စခန(နိုင်)၀၄၃၆၁၃]၊ ဦးမျိုးဝင်းအောင်[၁၂/ စခန(နိုင်)၀၄၃၆၁၄]၊ ဦးမြတ်သူ[၁၂/စခန(နိုင်)၀၄၃၆၁၅]တို့မှ (၂၅)နှစ်ဂရန်၊ သေစာရင်း၊ သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ တိုက်အမှတ် ၉၃၊ ၅လွှာခြေရင်းခန်း (တိုက်အားမျက်နှာမူလျှင် လက်ယာဘက်အခြမ်း) အတိုင်းအတာ ၁၄ပေ×၅၀ပေရှိ တိုက်ခန်းနှင့် စပ်လျဉ်း၍ အများသိစေရန်**

**ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်းအား ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူဖြစ်ပြီး ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ပြဿနာတစ်စုံတစ်ရာမရှိကြောင်းဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသူ ဒေါ်တင်တင်အေး [၇/ပမန(နိုင်)၀၇၈၇၃၇]ထံမှ ကျွန်တော်၏ မိတ်ဆွေက လွှဲပြောင်းဝယ်ယူ ရန်ရှိပါသဖြင့်ထိုတိုက်ခန်းလွှဲပြောင်းရောင်းဝယ်မည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေး ဆိုရန်ရှိသူမည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါရှိသည့် ရက်မှစ၍ (၁၀)ရက်အတွင်း ရုံးချိန်များတွင် အောက်ဖော်ပြပါ လိပ်စာသို့ လူကိုယ်တိုင်လာရောက်တင်ပြနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို နှစ်ဖက်သဘောတူစာချုပ်အရ ဥပဒေနှင့်အညီဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်စိုး
တရားလွှတ်တော်ရှေ့နေ(စဥ်-၅၀၉၇)
အခန်း-၁၆ဘီ၊ ပထမထပ်၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စျ)၊ မြေကွက်အမှတ် (၄၁၉/အေ)၊ မြေကွက်တည်နေရာအမှတ် (၄၁၉/အေ)၊ ဝေဘာဂီလမ်း၊ (ဦးမိုးသူ)[၁၂/ဥကမ(နိုင်)၀၇၄၉၄၃]၊ ဒေါ်အေးအေးမော်[၁၂/လမန(နိုင်) ၀၅၈၇၄၄])အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးမိုးသူ ကွယ်လွန်သဖြင့် ဒေါ်အေးအေးမော်[၁၂/လမန(နိုင်)၀၅၈၇၄၄]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)ရပ်ကွက်၊ မြေကွက်အမှတ် (၅၅၅/ခ)၊ မြေကွက်တည်နေရာအမှတ် (၅၅၅/ခ)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်သန်းသန်းအေး-ဦးပုလေး)အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးပုလေး ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်သန်းသန်းအေး[၁၂/ရကန(နိုင်) ၀၂၁၉၆၇]က မွေးစားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်း/မွေးစားစာချုပ် တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ (၇) ရက်အတွင်းခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာ အပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အေးမွန်ရတနာ**

**အမျိုးသမီးစက်ချုပ်သင်တန်း**

ဘလောက်(စ်)၊ မြန်မာဝတ်၊ ရှပ်၊ စကတ်၊ ဘောင်းဘီ၊ ဂါဝန်

**ဒေါ်ခင်ဝင်းရီ B.A, B.Ed**

နယ်ဝေးသူများအတွက် နေရာစီစဉ်ပေးမည်။ အိမ်အရောက်သင်ပေးမည်။

(ရန်ကင်း၊ ပဟန်း၊ တာမွေ၊ ကျောက်မြောင်း၊ တ/ဥက္ကလာ၊ သဃ်န်းကျွန်း မြို့နယ်များတွက်သာ)

အမှတ်(၁၉/ဂ)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်။(ကျောက်ကုန်းမီးပွိုင့်အနီး)

☎ 01579825, 01 564736 📱 : 095104687,09 5193491,09 40006809

# ကမ္ဘာတွင်ပထမဆုံးတည်ထားသည့် ကျောက်စိမ်းစေတီတော် အထက်ဌာပနာသွင်းခြင်းနှင့် ရွှေထီးတော်တင်လှူပွဲကျင်းပနိုင်ရေးဆွေးနွေး



**အမရပူရ မေ ၂၇**

မန္တလေးတိုင်းခရိုင် အမရပူရမြို့နယ် ဆင်ရွာမြင်းမှုူးကျေးရွာတွင် တည်ထားကိုးကွယ်သည့် ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး၏ အထက်ဌာပနာပူဇော်ခြင်း၊ ရွှေထီးတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါစေတီတော်အတွင်းရှိ စီမံကိန်းရှင်းလင်းဆောင်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်ပြီး လုပ်ငန်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီးဦးသန်းစိုးမြင့်က စေတီတော်မြတ်ကြီး၏ အထက်ဌာပနာပူဇော်ခြင်း၊ ရွှေထီးတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုလုပ်ငန်း အခြေအနေကိုလည်းကောင်း၊ အလှူရှင်ဦးစိုးနိုင်က ကျောက်စိမ်းစေတီတော်တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ရွှေထီးတော်တင်လှူပူဇော်မည့်အစီအစဉ်များကိုလည်းကောင်း၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများက အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထွေထွေ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကိုမှာကြားကာ သက်ဆိုင်ရာတာဝန်ရှိသူများအား လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝေရောစနကျောက်စိမ်းစေတီတော်မြတ်နှင့် ပရိဝုဏ်အတွင်း သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ရွှေထီးတော်တင်လှူပူဇော်နိုင်ရန်အတွက် လုပ်ငန်းများကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုကြပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးခရိုင် အမရပူရမြို့နယ် ဆင်ရွာမြင်းမှုူးကျေးရွာတွင် တည်ထားကိုးကွယ်သည့် ဝေရောစနကျောက်စိမ်းစေတီတော်မြတ်သည် ကမ္ဘာတွင် ပထမဆုံးတည်ထားကိုးကွယ်မည့် ကျောက်စိမ်းစေတီတော်ဖြစ်သည်။ **တင်မောင်**

# အိမ်ထောင်စုစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**မြင်းခြံ မေ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ချောင်းဒေါင်းကျေးရွာအုပ်ချုပ်ရေးမှုူးရုံးတွင် မိုးပွင့်(အထူး) စီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးအပ်ခြင်းနှင့် အိမ်ထောင်စုစာရင်းများပြုလုပ်ပေးခြင်းကို မေ ၂၄ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည် ။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှုူး ဦးမြင့်သင်းအောင်က နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားသည် မရှိမဖြစ်အရေးကြီးကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအား မပျောက်ပျက်အောင် ထိန်းသိမ်းထားသင့်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှုူး ဦးမြင့်စိန်က နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသော အသက်ပြည့်မီသူများကို မိုးပွင့်စီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အိမ်ထောင်စုစာရင်းများကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားသူများအနေဖြင့်လည်း နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေများနှင့် သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရန်လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှုူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှုူး ဦးထွန်းသိန်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှုူး ဦးမြင့်စိန်၊ မြို့နယ်ဦးစီးမှုူး ဦးအောင်စိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင်များမှ ပြုလုပ်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများကို ဒေသခံများထံသို့ ပေးအပ်ခဲ့သည်။

ယင်းနေ့တွင် ချောင်းဒေါင်းကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၂၂ ကတ်နှင့်အိမ်ထောင်စုစာရင်း ၅၀ တို့ကို မိုးပွင့်စီမံကိန်းဖြင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၂၇**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကျင်းပစဉ်နှင့် ရွေးကောက်ပွဲကျင်းပပြီးချိန်တို့တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လုံခြုံရေးဆောင်ရွက်ရမည့်အခြေအနေများ၊ ဆက်သွယ်ရေးစက်များ ဆက်သွယ်ရရှိအောင် ကြိုတင်ဆောင်ရွက်ထားရန်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့များနှင့် စဉ်ဆက်မပြတ်ချိတ်ဆက်ဆောင်ရွက်သွားရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၃ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီခွဲထိ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှုူးရုံး အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို ခရိုင်ရဲတပ်ဖွဲ့မှုူးမှဦးဆောင်၍ ဒုခရိုင်ရဲတပ်ဖွဲ့မှုူး၊ ဒုရဲမှုူး (ရေး၊ထောက်)၊ ဒုရဲမှုူး (မှုခင်းသတင်း)၊ ဦးစီး (၁) ဌာနစိတ်တာဝန်ခံ၊ ဦးစီး(၃)ဌာနစိတ်တာဝန်ခံ၊ ဦးစီး(၅)ဌာနစိတ်တာဝန်ခံ၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့လက်အောက်ရှိ မြို့နယ်များမှ ဦးစီး(၁)ဌာနစိတ်တာဝန်ခံများ၊ နယ်ထိန်းအရာရှိများနှင့် ရဲကင်းစခန်းမှုူးများ တက်ရောက်ခဲ့ကြသည်။

**(ကြေးမုံ)**

**ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့**
**ဘူမိရူပတိုင်းတာရေးကိရိယာ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိမြို့နယ်၊ မြို့နယ်ခွဲစည်ပင်သာယာရေးကော်မတီများ၏ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော ဘူမိရူပတိုင်းတာရေးကိရိယာ(Geophysical Measuring Instrument) (၁)စုံဝယ်ယူလိုပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူနိုင်မည့်နေ့ရက် - ၄-၅-၂၀၁၅ ရက် (တနင်္လာနေ့)
အချိန်နာရီ - နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ
နေရာ - ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့
(ခ) တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက် - ၈-၅-၂၀၁၅ ရက် (သောကြာနေ့)
အချိန်နာရီ - နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့။
(ဂ) တင်ဒါလျှောက်လွှာတင်သွင်းမည့်နေ့ရက် - ၁၁-၅-၂၀၁၅ ရက်(တနင်္လာနေ့)
အချိန်နာရီ - နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

၂။ ဘူမိရူပတိုင်းတာရေးကိရိယာ(Geophysical Measuring Instrument) အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့် ပစ္စည်းအမျိုးအမည်၊ ထုတ်လုပ်သည့်နိုင်ငံ၊ တိုင်းတာနိုင်သည့်နည်းစနစ်နှင့် ဆက်စပ်ပစ္စည်းများ ပြည့်စုံစွာဖော်ပြရပါမည်။

၃။ တင်သွင်းမည့် ဘူမိရူပတိုင်းတာရေးကိရိယာ(၁)စုံ ဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးချေရမည့် (With Holding Tax)ကိုခုနှိမ်ပြီး ကျန်ငွေအားပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ တောင်ကြီးမြို့၊ ဖုန်းနံပါတ်(၀၈၁-၂၁၂၃၉၁၅)သို့ဖြစ်စေ၊ တင်ဒါတင်သွင်းသူကိုယ်တိုင်လာရောက်၍ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ**

**ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**
**တောင်ကြီးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးအတွက် ပေ(၇၀×၃၆×၃၀) RC နှစ်ထပ်ရုံး(၁)လုံးအား ဆောက်လုပ်နိုင်ရေး အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၇-၄-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၅-၂၀၁၅ ရက်

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၈၁-၂၀၆၈၂၉

"မြန်မာနိုင်ငံ အိမ် ၊ ခြံ ၊ မြေ ဝန်ဆောင်မှုအသင်း
ပထမအကြိမ် အသင်းသားစုံညီ သင်းလုံးကျွတ် အစည်းအဝေး ဖိတ်ကြားလွှာ"

၂၀၁၅ခုနှစ်၊ ပထမအကြိမ် အသင်းသားစုံညီ သင်းလုံးကျွတ် အစည်းအဝေးကို
အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်
အသင်းသူ၊ အသင်းသားများ တက်ရောက်ကြပါရန်
လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် * ၃၀-၄-၂၀၁၅ (ကြာသပတေးနေ့)
ကျင်းပမည့်အချိန် * မွန်းလွဲ (၂း၀၀)နာရီမှ (၄း၀၀)နာရီထိ
ကျင်းပမည့်နေရာ * မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက်။ ။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသူ/အသင်းသားအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ရုံးခန်း - အမှတ်(၁၂၃)၊ ပထမထပ်၊ အနော်ရထာလမ်းမကြီး၊ (၄၉) လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၂၀၀၄၃၆၊ ၀၉ - ၃၃၃၂၈၂၇၂ Email : mresamyanmar2012@gmail.com, Facebook:mresamyanmar

ရွှေပလ္လင် ဆိုင်သစ်
ဂမုန်းပွင့်ကုန်တိုက် (ဘိုကလေးဈေးလမ်း)တွင်
ဖွင့်ပါပြီ။
ရွှေပလ္လင် လက်ဖက်ရည် အရမ်းကောင်းဆိုပဲ !
တွေ့ကြရအောင် ရွှေပလ္လင် မှာ...
ပြုံးရွှင် တက်ကြွသော ဝန်ထမ်းကောင်းများစွာ လိုအပ်ပါသည်
အသေးစိတ် ဆက်သွယ်ရန် Ph:01-538736

# အလေးထားစောင့်ကြည့်အပ်သည့် အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုဘဏ်

**à** တက္ကသိုလ်ဟန်စိုးဦး

အာရှ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank- AIIB) ဆိုတာ တရုတ်နိုင်ငံက ဒေါ်လာ ဘီလီယံ ၅၀ ကမကထပြု ငွေကြေးအရင်းအနှီးထည့်ဝင်ပြီး စတင်တည်ထောင်ဖို့ အဆိုပြုခဲ့တဲ့ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ဒီဘဏ်ကို တည်ထောင်ရတဲ့ ရည်ရွယ်ချက်က အာရှဒေသရဲ့ အခြေခံအဆောက်အအုံ စီမံကိန်းကြီးတွေကို ငွေကြေးထောက်ပံ့သွားနိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။

AIIB ဘဏ်ဟာ အမေရိကန်အပါအဝင် အနောက်နိုင်ငံကြီးတွေ ကြီးစိုးလွှမ်းမိုး နေတဲ့ လက်ရှိ ရှိပြီးသား နိုင်ငံတကာငွေကြေးအဖွဲ့အစည်းကြီးတွေဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုး ရေးဘဏ် (ADB) တွေနဲ့ ပြိုင်ဘက်ဖြစ်လာမှာစိုးတဲ့အတွက် အမေရိကန်နိုင်ငံက AIIB ဘဏ်တည်ထောင်မှုကို ဆန့်ကျင်ခဲ့ပါတယ်။

အမေရိကန်နိုင်ငံဟာ သူ့ရဲ့ မဟာမိတ်နိုင်ငံတွေကိုလည်း AIIB ဘဏ်မှာ မပါဝင်ကြဖို့ တိုက်တွန်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို တိုက်တွန်းနေတဲ့ ကြားထဲကမှ အနောက်ဥရောပနိုင်ငံတွေ အပါအဝင် အမေရိကန်ရဲ့ မဟာမိတ်နိုင်ငံတွေဟာ AIIB ဘဏ်မှာ ပါဝင်ဖို့ ဆောင်ရွက်လာခဲ့ကြပါတယ်။ နောက်ဆုံးမှာတော့ အမေရိကန် နိုင်ငံသည်ပင်လျှင် သူ့ရဲ့မူလရပ်တည်ချက်ကို ပြောင်းပြီး AIIB ဘဏ်ဟာ နိုင်ငံတကာ စံနှုန်းစံထားတွေနဲ့ ပြည့်ဝကိုက်ညီတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်မယ်ဆိုရင် ပါဝင်ကောင်း ပါဝင်နိုင်မယ့် အလားအလာရှိကြောင်း လေသံပြောင်းပြီး ပြောကြားလာပါတယ်။

ဒီအချက်ဟာ အင်မတန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ AIIB ဘဏ်တည်ထောင်တာဟာ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းတစ်ခု ဖွဲ့စည်းခြင်းသက်သက်ထက် တရုတ်နိုင်ငံရဲ့ နိုင်ငံရေးအရ အင်အားချိန်ခွင်လျှာကို ထိန်းညှိလာတဲ့ ကြိုးပမ်းချက်တစ်ရပ်များ ဖြစ်လာလေမလားလို့ လေ့လာသုံးသပ်မှုတွေ ရှိနေပါတယ်။ စီးပွားရေးအရ တိုးတက်အောင်မြင်မှုတွေ ရရှိနေတဲ့ တရုတ်နိုင်ငံဟာ သူ့ရဲ့ကြွယ်ဝတဲ့ ဓနအင်အားကို အခြေပြုကာ နိုင်ငံတကာမှာ သူ့ရဲ့ ရပ်တည်မှု အနေအထား (Status) နဲ့ နိုင်ငံရေးအရ လွှမ်းမိုးနိုင်မှု (Political Clout) တို့ကို ဖြန့်ကျက်လာခြင်းများ ဖြစ်လာနိုင်မလားလို့လည်း ခန့်မှန်းမှုတွေလည်း ရှိနေပါတယ်။ မည်သို့ပင်ဖြစ်စေ အာရှဒေသမှာ စီးပွားရေးအရ အင်အားအကြီးမားဆုံးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ ခြေလှမ်းသစ်တစ်လှမ်းဟာ အနာဂတ် နိုင်ငံတကာဆက်ဆံရေးအနေအထားအတွက် အရေးပါတဲ့ ဖြစ်နိုင်ချေ အလားအလာတွေကို ဆန်းစစ်နိုင်မယ့် နမူနာတစ်ခုဖြစ်တာကြောင့် လေ့လာတင်ပြလိုက်ရပါတယ်။

**ဘဏ်တည်ထောင်ရေး စတင်အဆိုပြုခြင်း**

AIIB ဘဏ်တည်ထောင်မယ်လို့ စပြီး အသံထွက်လာတာဟာ ၂၀၁၃ ခုနှစ် အတွင်းမှာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံကို သွားရောက်လည်ပတ်ခဲ့တဲ့ ခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်ဟာ အင်ဒိုနီးရှားနိုင်ငံ ပါလီမန်မှာ မိန့်ခွန်းပြောကြားစဉ် ဒေသတွင်း ပေါင်းစည်းဆက်နွယ်မှု လုပ်ငန်းစဉ် (Regional Connectivity) နဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေဖို့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့နိုင်ရန် AIIB ဘဏ်ကို တရုတ်နိုင်ငံအနေနဲ့ မတည်ရင်းနှီးငွေ ဒေါ်လာ ဘီလီယံ ၅၀ (ဒေါ်လာသန်းပေါင်း ငါးသောင်း) ထည့်ဝင်ပြီး တည်ထောင်သွားဖို့ရှိကြောင်း စတင်အဆိုပြုခဲ့ပါတယ်။ အဆိုပါဘဏ် တည်ထောင်နိုင် ရေးအတွက် တရုတ်နိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေရော၊ ဒေသပြင်ပနိုင်ငံတွေကိုပါ သံတမန်ရေးနည်းလမ်းတွေနဲ့ ချဉ်းကပ်စည်းရုံးခဲ့ပါတယ်။

**ဘဏ်တည်ထောင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း**

AIIB ဘဏ်တရားဝင်စတင်တည်ထောင်တဲ့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေး ထိုးတဲ့ အခမ်းအနားကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်က ပေကျင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့ရာမှာ နိုင်ငံပေါင်း ၂၁ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပါဝင် လက်မှတ်ရေးထိုးခဲ့တဲ့ နိုင်ငံ ၂၁ နိုင်ငံကတော့ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ ကာဇက်စတန်၊ ကူဝိတ်၊ လာအို၊ မလေးရှား၊ မြန်မာ၊ မွန်ဂိုလီးယား၊ နီပေါ၊ အိုမန်၊ ဖိလစ်ပိုင်၊ ပါကစ္စတန်၊ ကာတာ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ ဥဇဘက်ကစ္စတန်နဲ့ ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါတယ်။

အဲဒီရက်နောက်ပိုင်း AIIB ဘဏ်မှာ ကနဦးတည်ထောင်သူအဖွဲ့ဝင်အဖြစ် ပါဝင်လိုပါက ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ အထိ လျှောက်ထားနိုင်တယ်လို့ ကြေညာခဲ့ပါတယ်။ မတ်လ ၃၁ ရက် မတိုင်မီ ပါဝင်တဲ့ နိုင်ငံတွေဟာ ဘဏ်ကို ကနဦး တည်ထောင်သူအဖွဲ့ဝင်များ (Original Founding Members) အဖြစ် သတ်မှတ်သွားမှာဖြစ်ပြီး ဘဏ်ရဲ့ အခြေခံစည်းမျဉ်းစည်းကမ်းတွေကို ရေးဆွဲချမှတ်သွားနိုင်မှာ ဖြစ်ပါတယ်။ မတ်လ ၃၁ ရက်နောက်ပိုင်းမှ ဘဏ်မှာ ပါဝင်လာသူတွေဟာ မဲပေးပိုင်ခွင့်ရှိတဲ့ သာမန်အဖွဲ့ဝင်များအဖြစ်သာ သတ်မှတ်မှာဖြစ်ပြီး ဘဏ်ရဲ့ အခြေခံစည်းမျဉ်း စည်းကမ်းတွေကို ရေးဆွဲချမှတ်ရာမှာ ပြောဆိုပိုင်ခွင့် အနည်းငယ်သာရရှိကြမှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ AIIB ဘဏ်မှာ ကနဦးတည်ထောင်သူ အဖွဲ့ဝင်အဖြစ် ပါဝင်လိုပါက နောက်ဆုံးထားလျှောက်ထားရမယ့်ရက်ကို ၂၀၁၅ ခုနှစ် ဧပြီလ ၁၅ ရက်အထိ နောက်ပိုင်းမှာ တိုးမြှင့်ပေးခဲ့ပါတယ်။

AIIB ဘဏ်တည်ထောင်ရေးအတွက် လုပ်ထုံးလုပ်နည်းတွေ၊ ပြဋ္ဌာန်းချက်တွေ၊ ပဋိညာဉ် စာတမ်းတွေကိုအဖွဲ့ဝင်နိုင်ငံများအကြား ဆက်လက်ညှိနှိုင်းဆွေးနွေးနေဆဲ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဇွန်လခန့်မှာ ဘဏ်တည်ထောင်ရေးဆိုင်ရာ သဘောတူညီချက်ကို အပြီးသတ်ရေးဆွဲပြီး အဖွဲ့ဝင်အဖြစ် ပါဝင်လိုသူတွေ လက်မှတ်ရေးထိုးနိုင်ဖို့ စတင်မှာဖြစ်ပါတယ်။ အဲဒီနောက် AIIB ဘဏ်ဟာ ၂၀၁၅ ခုနှစ်၊ နှစ်ကုန်ပိုင်းမှာ တရားဝင်နိုင်ငံတကာဘဏ်ကြီးအဖြစ် စတင်ပေါ်ထွက်လာတော့မှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ AIIB ဘဏ်ရဲ့ မတည်ရင်းနှီးငွေကို ဒေါ်လာဘီလီယံ ၅၀ ကနေ ဒေါ်လာဘီလီယံ ၁၀၀ (ဒေါ်လာသန်းပေါင်း တစ်သိန်း) အထိ တိုးမြှင့်သွားမယ်လို့ လည်း ကြေညာခဲ့ပါတယ်။




**AIIB ဘဏ် တည်ထောင်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်က ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီးတွင် ကျင်းပစဉ်။**

**အမေရိကန်နိုင်ငံ၏ သဘောထား**

AIIB ဘဏ်ရဲ့ ကနဦးအဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ဖို့ နောက်ဆုံးသတ်မှတ် ပေးထား တဲ့ ရက်ဖြစ်တဲ့ မတ်လ ၃၁ ရက် မတိုင်မီ ဖြစ်ပေါ်တိုးတက်မှုတွေအနက် စိတ်ဝင်စားဖို့ကောင်းတဲ့ အချက် နှစ်ချက်ကို တွေ့ရပါတယ်။ ပထမအချက်က အမေရိကန်နိုင်ငံရဲ့ AIIB ဘဏ်အပေါ် သဘောထားဖြစ်ပါတယ်။ အမေရိကန်နိုင်ငံက သူ့ရဲ့ မဟာမိတ် နိုင်ငံတွေကို တရုတ်နိုင်ငံက ကမကထပြု တည်ထောင်မယ့် AIIB ဘဏ်မှာ အဖွဲ့ဝင်အဖြစ် မပါဝင်ကြဖို့ စည်းရုံးတိုက်တွန်းခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ အမြင်မှာတော့ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းတစ်ခုကို တည်ထောင်မယ်ဆိုရင် လက်ရှိရှိပြီးသား ကမ္ဘာ့ဘဏ်တို့လို ချမှတ်ထားတဲ့ မြင့်မားတဲ့ စံနှုန်းစံထားတွေ (အုပ်ချုပ်မှု၊ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ)နဲ့ အညီ ထည့်သွင်း ဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ တရုတ်နိုင်ငံက လက်ရှိဖွံ့ဖြိုးဆဲ နိုင်ငံတွေရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းကြီးတွေမှာ ဆောင်ရွက်နေတဲ့ အနေအထားအရဆိုရင် ဒီစံနှုန်းစံထားတွေကို ဖြည့်စွမ်းနိုင်မှာမဟုတ်ဘူးလို့ ထောက်ပြပါတယ်။

အမေရိကန်ရဲ့ တိုက်တွန်းချက်ကြောင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ AIIB ဘဏ် တရားဝင်စတင်တည်ထောင်ဖို့ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးတဲ့ အခမ်းအနားမှာ ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဂျပန်၊ အင်ဒိုနီးရှားစတဲ့နိုင်ငံတွေ မပါဝင်တာကို တွေ့ရမှာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ တရုတ်နိုင်ငံက ဦးဆောင်ပြီး နိုင်ငံတကာ အဖွဲ့အစည်းတွေ ဖွဲ့စည်းနေတာဟာ အမေရိကန်နဲ့ မဟာမိတ်နိုင်ငံများရဲ့ ဒေသတွင်းမှာ ဩဇာသက်ရောက်မှုစွမ်းအားကို လျော့နည်းစေပြီး တရုတ်နိုင်ငံရဲ့ စီးပွားရေးနဲ့ နိုင်ငံရေးအရ လွှမ်းမိုးမှုကို မြင့်မားလာစေနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ ၂၀၀၉ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး ဘရာဇီးလ်၊ ရုရှား၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့ ပါဝင်တဲ့ BRIC အဖွဲ့အစည်း (၂၀၁၀ ပြည့်နှစ်မှာ တောင်အာဖရိက နိုင်ငံပါ ပါဝင်လာခဲ့တဲ့အတွက် BRICS လို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်)၊ ၁၉၉၆ ခုနှစ်မှာ စတင် ဖွဲ့စည်းခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization-SCO) တို့ဟာ အမေရိကန်ရဲ့ လွှမ်းမိုးမှုကို တန်ပြန်နိုင်ဖို့ ဖြစ်တယ်လို့ အမေရိကန်က ယုံကြည်လျက်ရှိပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**
**(၇/၂၀၁၅)**

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-003(15-16) | NDT Service for 10" Toe River Crossing Gas Pipe Line by HDD Rig (3200)Ft | US$ |
| (၂) | IFB-004(15-16) | NDT Service for 12" Hlaing River Crossing Gas Pipe Line by HDD Rig(3200) Ft | US$ |
| (၃) | IFB-005(15-16) | Electrical Spares for $D_3$ $T_2$ SR Rigs (29) Items | US$ |
| (၄) | IFB-006(15-16) | Spares for Cummins KTA 2300 C 1050 Engine (7) Items | US$ |
| (၅) | IFB-007(15-16) | Spares for GM 6V 71 Engine (4) Items | US$ |
| (၆) | IFB-008(15-16) | Spares for GM 6V 53 Engine (4) Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၅-၅-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

**DAIN Furniture မှ CEO**
**ကိုရီးယားနိုင်ငံသား Mr.Lee Byung Kwan(P.P အမှတ်-M-51535433)**
**သိစေရန် ကြေညာချက်**

Mr.Lee Byung Kwan သည် Pyay Garden စီမံကိန်းသို့ ပရိဘောဂများ ပြုလုပ်ပေးသွင်းရန် Pyay Garden ၏ လုပ်ငန်းအပ်နှံမှုအား လက်ခံသဘောတူ၍ စာချုပ်ချုပ်ဆိုကာ Pyay Garden စီမံကိန်းမှ ပရိဘောဂဖိုး ငွေကျပ် ၁၀၀၄၂၅၀၄၅၂/- (ကျပ်သိန်းတစ်ထောင်လေးသိန်းနှစ်သောင်းငါးထောင်လေးဆယ့်နှစ်ကျပ်) လက်ခံရယူထားခဲ့ပြီး ဖြစ်ပါသည်။

Mr.Lee Byung Kwan သည် ပရိဘောဂများအား ၁၈-၇-၂၀၁၄ ရက်အရောက် ပေးသွင်းပါမည်ဟု ကတိပြုကာ စာချုပ်ချုပ်ဆိုခဲ့သော်လည်း Pyay Garden စီမံကိန်းသို့ ပရိဘောဂများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ပေးသွင်းနိုင်ခြင်း မရှိခဲ့ပါ။ Pyay Garden စီမံကိန်းမှ ပရိဘောဂများအား အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်ပေးသွင်းရန် သတ်မှတ်ရက်အား ၃၁-၁၂-၂၀၁၄ ရက်သို့လည်းကောင်း၊ ဆက်လက်၍ ၄-၃-၂၀၁၅ ရက်သို့လည်းကောင်း၊ ထပ်မံ၍ ၁၄-၃-၂၀၁၅ ရက်နှင့် ၂၀-၃-၂၀၁၅ရက်သို့ အသီးသီးရွှေ့ပြောင်းပြီး ပေးသွင်းရန် စိတ်ရှည်သည်းခံပြီး အကြိမ်ကြိမ်နားလည်မှုပေးကာ စောင့်ဆိုင်းခဲ့ပါသည်။

သို့သော် ယနေ့အချိန်ထိ Mr.Lee Byung Kwan သည် ပရိဘောဂများ အပြည့်အဝပေးသွင်းနိုင်ခြင်းမရှိသဖြင့် Pyay Garden သို့ ပေးသွင်းရန် ကျန်ရှိသည့် ပရိဘောဂတန်ဖိုးငွေနှင့် ပြန်လည်ပေးသွင်းရမည့် ငွေနှစ်ရပ်ပေါင်း ကျပ် ၇၆၅၃၉၉၇၅/- (ကျပ်သိန်းခုနစ်ရာခြောက်ဆယ့်ငါးသိန်းသုံးသောင်းကိုးထောင်ကိုးရာခုနစ်ဆယ့်နှစ်)အား ၇-၅-၂၀၁၅ရက် နောက်ဆုံးထား၍ Pyay Garden စီမံကိန်းသို့ မပျက်မကွက် ပေးသွင်းရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| ညွှန်ကြားသူ | ညွှန်ကြားချက်အရ- |
| ဦးကြည်စိုးဝင်း | ဒေါ်စန္ဒာမြင့် |
| **Project Manager** | အထက်တန်းရှေ့နေ |
| ပြည်ဂါးဒင်းစီမံကိန်း | အမှတ်-၁၁၁/၇လမ်း၊ ၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် |
| | ဖုန်း-၀၉-၈၆၁၄၂၇၀ |

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍကိုယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"ဆရာကြီး . . . ကိုထွန်းမောင်ကြီးလည်း မတွေ့တော့ဘူး။ ကျွန်တော်ခြံထဲက မထွက်ခင်ပုလိပ်တွေလည်း ရောက်လာကြတယ်။

သူတို့မမြင်ခင် ကျွန်တော် ပုန်းကွယ်ပြီး ထွက်ပြေးလာခဲ့တယ်"ဖေဖေသည် ဘာမျှပြန်မပြောတော့ဘဲ ခေါင်းညိတ်ကာ ဆေးရုံကြီးသို့ ထွက်ခွာသွားသည်။

ထိုနေ့ညနေ ကျွန်တော်တို့တစ်အိမ်သားလုံး စိတ်မကောင်းကြ။ ထမင်းစောစောစားပြီး အိပ်ရာဝင်ရန် ပြင်ကြသည်။ ထိုအခိုက်တွင်ပင် အိမ်ရှေ့မှ တံခါးခေါက်သံကြားရသည်။ မေမေက ပြေးထွက်သွားပြီး ဖေဖေကမူ "မီးမဖွင့်နဲ့"ဟု လှမ်းမှာကြားသည်။ တုန်လှုပ်သောရင်နှင့် ကျွန်တော်က ကြည့်နေသည်။ ကိုကိုပင် ဖြစ်ရမည်ဟု ထင်မိသည်။ သို့ရာတွင် မေမေနှင့် ပေါ်လာသူမှာ မြိုင်သာလျှင်ဖြစ်၏။

မြိုင်သည် အမူအယာ တည်ငြိမ်နေသည်။ သို့ရာတွင် မျက်လုံးများမှာ အရေးကြီးဟန်ပြ၍ နှုတ်မှ တိုးတိုးဆိုသည်။

"ကိုကို ရောက်နေပြီ"

ဖေဖေသည် ကုလားထိုင်မှ ရုတ်ခနဲ ထလိုက်ကာ "ဘယ်မှာလဲ"ဟု မေးသည်။ မြိုင်သည် မဖြေဘဲငြိမ်နေ၏။ မေမေက လေသံတိုးတိုးဖြင့် ထပ်မေးသည်။

"ဘယ်မှာလဲ သမီး . . .။ သား ဘယ်မှာလဲ . . ."

မြိုင်သည် မျက်နှာ၌ ရှက်သွေးလေးရဲရင်း ဖြေသည်။

"မြိုင့်အခန်းထဲမှာ မနက်ကတည်းက ရောက်နေတာ . . .။ ကိုကိုက တရုတ်ဘိန်းစားလို ဝတ်လာတော့ မြိုင်ပထမ မမှတ်မိဘူး။ နောက် ကိုကိုမှန်းသိတော့ မြိုင်လူကြီးတွေတောင် အသိမပေးဘဲ ဝှက်ထားတာပေါ့။

မနက်က ဒီဘက်အိမ်ကို ပုလိပ်တွေ လာရှာကြတော့ ကိုကိုနဲ့ မြိုင် အခန်းပြတင်းပေါက်က ချောင်းကြည့်နေကြတယ်"

ဖေဖေသည် အခန်းမီးအားလုံးကို ပိတ်ခိုင်းလိုက်သည်။ မြိုင်လည်း ပြန်သွားသည်။

ကျွန်တော်တို့မိသားစုသည် မီးမှောင်မှောင်ဝယ် ဆိတ်ငြိမ်စွာ စောင့်နေကြသည်။

နာရီဝက်ခန့်ကြာသောအခါ မြိုင်နှင့် ကိုကို ပြန်ပေါ်လာသည်။

ကိုကိုသည် မြိုင်ပြောသည့်အတိုင်းပင် တရုတ်ဘိန်းစားကြီးကဲ့သို့ ဝတ်ထားသည်။ လေသံကိုမှတ်မိ၍သာ ကိုကိုမှန်း ကျွန်တော်တို့ သိသည်။ ကိုကိုသည် လိုရင်းကို တိုတိုတုတ်တုတ်နှင့် ဆို၏။

"ကျွန်တော် ဖေဖေနဲ့ မေမေကို လာနှုတ်ဆက်တာပဲ။ သေလမ်းရှင်လမ်းမသိလို့ လာနှုတ်ဆက်တာပဲ၊ ဒါဟာ ကျွန်တော့်အတွက် နောက်ဆုံးနှုတ်ဆက်ခြင်း ဖြစ်ချင်ဖြစ်မယ်"

ဖေဖေက ငြိမ်နေသော်လည်း မေမေသည် နေရာမှထ၍ ကိုကို့လက်မောင်းကိုဆုပ်ကာ မေးသည်။

"သားက ဘယ်ကိုသွားမှာမို့လဲ"

"ကျွန်တော် ယိုးဒယားပြည်ကို သွားမယ် မေမေ၊ ကျွန်တော်တို့ခေါင်းဆောင် သခင်အောင်ဆန်းဟာ ယိုးဒယားဘက်မှာ တပ်တွေ စုနေပြီ။ ဂျပန်ဟာ အချိန်မရွေး အင်္ဂလိပ်ကို စစ်ကြေငြာမှာပဲ။ ဂျပန်စစ်ကြေငြာတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ မြန်မာ့တပ်မတော်ကလည်း မြန်မာပြည်က အင်္ဂလိပ်တွေကိုဝင်တိုက်မှာပဲ . . .။ ဒီတော့ ကျွန်တော်တို့အတွက် ငွေလိုတယ်။ မေမေတို့မှာရှိသမျှပေးပါ" မေမေသည် ဖေဖေ့ကို လှမ်းကြည့်သည်။ ဖေဖေက ခေါင်းညိတ်ပြ၏။ မေမေသည် အိမ်ပေါ်ထပ်သို့ တက်ကာ အထုပ်တစ်ထုပ်ဖြင့် ပြန်ဆင်းလာသည်။

## (၁၅) မွေးရပ်စလေဦး ခိုင်

ကိုကိုထွက်သွားပြီးသော ထိုညမှစ၍ ပျော်ရွှင်ဖွယ်ကောင်းသော ကျွန်တော်တို့အိမ်ကြီးမှာ ဆိတ်သုဉ်းကျန်ရစ်သည်။ ကိုကိုသည် အိမ်၌ မနေသည်မှာ များသည် မှန်၏။ အိမ်သည် ကိုကိုနှင့် ကင်း၍ နေသည်မှာ ကြာပြီလည်း မှန်၏။ သို့ရာတွင် မည်သည့်အခါကမျှ ကျွန်တော်တို့အိမ်သည် မဆိတ်သုဉ်းစဖူး . . .။

ဤအကြိမ်တွင်မူ ဘာကြောင့် ဆိတ်သုဉ်းရလေသည်မသိ။

မေမေသည် နံနက်တိုင်း ဘုရားပန်းလဲကာ ဘုရားစင်ရှေ့ရှိခိုးလေ့ရှိ၏။ ဆုမွန်ကောင်းကို တောင်းနေသည် ဖြစ်ရာ၏။

ဆုမွန်ကောင်းတို့သည် မပြည့်။ ထပ်ဆင့်ကာ စိတ်မချမ်းသာဖွယ်ရာအဖြစ်သာ ကြုံရ၏။ ကိုကိုထွက်သွားပြီး နောက်တစ်နေ့မှစ၍ အိမ်သို့ ပုလိပ်တွေ အကြိမ်ကြိမ်လာရှာသည်။ ဖေဖေ့ကိုလည်း ရန်ကုန်သို့ခေါ်၍ ဆေးမင်းကြီးက စစ်သည်ဆို၏။ နောက်တစ်လအတွင်း၌ မမျှော်လင့်သော အမိန့်ကိုရသည်။

ဖေဖေ့ကို စစ်ကိုင်းမြို့သို့ ပြောင်းရမည်ဆို၏။

ဖေဖေ သန်လျင်ဆေးရုံကြီး၌ ခွဲစိတ်ကုသရေးဘက်ဆိုင်ရာ ဆရာဝန်ကြီးအဖြစ် အမှုထမ်းခဲ့သည်မှာကြာပြီ။ လက်ထောက်ဆရာဝန် အမည်ခံသော်လည်း အဆင့်အတန်းမှာ ခရိုင်ဆရာဝန်ကြီးနှင့် ညီသည် ဆို၏။

ယခု စစ်ကိုင်းသို့ သာမန်လက်ထောက်ဆရာဝန်တစ်ဦးအဖြစ်နှင့် ပြောင်းရွှေ့ရတော့မည်။

ဤအိမ်နှင့် ဤခြံကြီးတွင် ကျွန်တော်တို့နေခဲ့သည်မှာ ကြာပြီ။ တစ်သက်မခွဲခွာရဟု ထင်သော ဤအိမ်နှင့် ဤခြံ ဤမြို့ကို ကျွန်တော်တို့ ခွဲခွာရပေတော့မည်။

ဤအိမ်ကြီးမှာ ကျွန်တော်တို့ ဘိုးဘွားများလက်ထက်ကတည်းမှ နေလာခဲ့သောအိမ်ကြီး ဖြစ်လေရကား မရွှေ့မပြောင်းနိုင်သော ပစ္စည်းများရှိသည်။ ကျွန်တော်တို့ စစ်ကိုင်းသို့ ပြောင်းရလျှင် ဤအိမ်ကြီးကို ကြည့်ရှုရန် ထားရစ်ခဲ့မည့်သူ မရှိ။ ဦးထွန်းမောင်ကြီးမှာလည်း ကိုကိုနှင့် ပါသွားပြီဖြစ်သည်။

ဖေဖေတို့ နောက်ဆုံးအစီအစဉ်အရအားလုံး အဆင်ပြေခဲ့သည်။ ဦးမြဘူးမှာ ယခုနှစ်ကုန်လျှင် ပင်စင်ယူကာ သန်လျင်တွင်ပင် အတည်တကျနေမည်။ ကိုယ်ပိုင်အိမ်မဆောက်ရသေးမီ ဦးမြဘူးတို့သည် ယခုငှားနေသော သူဌေးပိုင်အိမ်မှ ကျွန်တော်တို့အိမ်သို့ ပြောင်းလာနေမည်။ ဖေဖေတို့က အခကြေးငွေယူမည် မဟုတ်။

ဖေဖေသည် စစ်ကိုင်း၌ ကြာရှည်စွာ နေရမည်ဟု မထင်။ ကိုကို့ကိစ္စကြောင့်သာ အစိုးရက စိတ်ခု၍

ဖေဖေ့ကို ခေတ္တနယ်ပြောင်းပစ်ခြင်းဖြစ်သည်။ သန်လျင်ဆေးရုံကြီး၌ ဖေဖေမရှိလျှင် မဖြစ်။ ခြောက်လတန်သည် တစ်နှစ်တန်သည် ဆိုလျှင် သန်လျင်မြို့ ပြန်ခေါ်မည်မှာ သေချာသည်။ ထိုအချိန်လောက်ဆိုလျှင် ဦးမြဘူးတို့လည်း ကိုယ်ပိုင်အိမ်ဆောက်ပြီး ဖြစ်နေမည်။

ကျွန်တော်သည် ခိုင်နှင့် ခွဲရမည်ဖြစ်သောကြောင့် စိတ်ထိခိုက်မိသော်လည်း ကျွန်တော်တို့အိမ်ကြီးတွင် ခိုင်တို့ဆက်နေမည် ဆိုခြင်းကြောင့် တစ်မျိုးစိတ်သက်သာမိသည်။ နွေကျောင်းပိတ်လျှင် စစ်ကိုင်းမှ ဤအိမ်ကြီးသို့ ပြန်လာနိုင်ပြီး . . . ခိုင်တို့နှင့် အတူနေနိုင်သည်။ ပြောင်းရွှေ့ရန်အတွက် ပစ္စည်းများ သိမ်းဆည်းသောအခါ မြိုင်နှင့် ခိုင်သည် မေမေ့ကို လာကူညီကြသည်။ လှိုင်ပင် ဘေးမှ တောက်တိုမည်ရ ဆောင်ရွက်ပေးသည်။

မြိုင်၏ မျက်နှာကလေးမှာ စိတ်မကောင်းမှုကို မဖော်ပြဘဲ ပြုံးရွှင်ကြည်လင်လျက်ပင်။ မေမေကတစ်ချီတစ်ချီတွင် မျက်ရည်ဝဲတတ်သည်တိုင်စေ မြိုင်သည် ရယ်မောစရာလေးများပြောကာ အလုပ်ကို သွက်လက်စွာလုပ်သည်။

ခိုင်ကသာ အနည်းငယ် ငိုင်သည်။ အံလေး မသိမသာ ခဲလျက် မျက်တောင်ကော့လေးများကို တဖျပ်ဖျပ်ခတ်ရင်း နှုတ်နည်းဆိတ်ငြိမ်လှသည်။ မြိုင်နှင့်အတူ ကျွန်တော်က ရယ်မောစရာများပြောသောအခါ ခိုင်သည် အားလျော့စွာသာ ငွေ့ငွေ့ပြုံးတတ်သည်။

သန်လျင်မှ မထွက်မီတစ်နေ့တွင် ကျွန်တော်တို့ မိသားစုသည် မြို့ပေါ်ရှိ ဆွေမျိုးမိတ်သင်္ဂဟများကို လိုက်လံနှုတ်ဆက်သည်။ နေ့လည်ကတည်းက ထွက်လာကြသော်လည်း ဝင်ရသည့်အိမ်တို့ များသဖြင့် ညနေအတန်စောင်းမှ ကျွန်တော်တို့အိမ် ပြန်ရောက်သည်။

ကျွန်တော်တို့သည် ခိုင်တို့အိမ်ဘက် ကူးခဲ့သည်။ အိမ်၌ ခိုင့်ကို မတွေ့သဖြင့် . . .

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**








တို့ကျောင်းသား
အခြေခံပညာစတုတ္ထတန်း
တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အလိုက် စစ်ဆေးခဲ့သော မေးခွန်းဟောင်းများ
ပြည့်ဝေကျော် စာပေ အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၃၈၅၁၉၆၊ ၀၉-၇၃၀၂၅၉၂၉

ပညာရွှေတိုးလူမချီး
SUMMIT
Summit ကိုယ်ပိုင်မူလတန်းကျောင်း
(မှတ်ပုံတင်အမှတ်-ကက-၁၃/၃၈/၀၄၁)
အမှတ် (၉၁)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ရန်ကုန်မြို့
၀၁-၅၃၈၃၉၈၊ ၀၉-၄၅၀၀၆၆၈၁၂၊ ၀၉-၇၃၁၅၀၃၄၇
✸ "စရိုင်စစ်စာမေးပွဲ"ထူးချွန်စွာအောင်မြင်ရေး ၊ သူငယ်တန်းမှစ၍ လေ့ကျင့်ပျိုးထောင်ပေးရန်။
✸ နိုင်ငံတကာအဆင့် အင်္ဂလိပ်စာအခြေခံ၊ ပိုင်နိုင်ကျွမ်းကျင်ရန်။
✸ ကျောင်းသူ/ကျောင်းသားများ၊ဘာသာစုံ၌၊ အရည်အချင်းအလိုက် တိုးတက်လာရန်။
✸ " Critical Thinking" တွေးခေါ်ကြံဆသုံးသပ်၍လက်တွေ့ အသုံးချတတ်ရန်။
✸ ဘက်စုံ၌ဖွံ့ဖြိုးတိုးတက်လာသော လူကောင်း ၊ လူတော်လေးများ ပေါ်ထွန်းလာရန်။
တနင်္လာ မှ သောကြာ - နံနက် ၈:၃၀ ~ ညနေ ၃:၀၀

# ၂၀၁၄-၂၀၁၅ ပညာသင်နှစ် စတုတ္ထတန်းနှင့် အဋ္ဌမတန်းအောင်စာရင်းနှင့် သူတို့အမြင်

**ရေစကြို မေ ၂၇**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအောင်စာရင်းများကို မေ ၁၈ ရက်နံနက်က ရေစကြိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအားလုံးတွင် ကြေညာပေးခဲ့ပြီး အောင်စာရင်းနှင့်အတူ ကျရှုံးသူများအတွက် ပြန်လည်ကုစားဖြေဆိုရန်အတွက် ပြန်လည်သင်ကြားပေးမည့်ရက်၊ စာမေးပွဲဖြေဆိုရမည့်နေ့ရက်၊ ဘာသာ၊ အချိန်စာရင်းများကို တစ်ပါတည်း ကြေညာကပ်ပေးထားကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် စတုတ္ထတန်း၌ စာရင်းရှိ ၃၉၈၇ ဦး၊ ပျက်ကွက် ၈၁ ဦး၊ ဖြေဆို ၃၉၀၆ ဦးဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၆၀ ဒသမ ၅၅ ရာခိုင်နှုန်းနှင့် အဋ္ဌမတန်းတွင် စာရင်းရှိ ၃၂၂၇ ဦး၊ ပျက်ကွက် ၃၀ ဦး ဖြေဆိုသူ ၃၁၉၇ ဦးဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၃၇ ဒသမ ၈၈ ရာခိုင်နှုန်းဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲအောင်စာရင်းများနှင့်ပတ်သက်၍ "ဒီနှစ်မှ ပြန်လည်စတင်တဲ့ စတုတ္ထတန်းနဲ့ အဋ္ဌမတန်းစာမေးပွဲစနစ်ကတော့ တစ်ချက်ခုတ်တာနဲ့ သုံးချက်ပြတ်သလိုပဲဗျ။ ဘာဖြစ်လို့လဲဆိုတော့ စာမေးပွဲအောင်စာရင်းအဖြေက မိဘရဲ့လိုအပ်ချက်၊ ဆရာရဲ့လိုအပ်ချက်၊ ကျောင်းသားရဲ့လိုအပ်ချက်တွေကို ကွက်ကွက်ကွင်းကွင်း မီးမောင်းထိုးပြလိုက်သလိုပါပဲ။ မိဘတွေကလည်း ကိုယ့်သားသမီးကို ကျူရှင်ထား၊ ကျောင်းသွားဒါကိုပဲအဓိကထားတာ။ စာကျက်ဖို့ကျတော့ ဂရုမစိုက်ပေးကြတော့ဘူး။ ဒီလိုပဲ ကျောင်းသားကလည်း ကျူရှင်တက်၊ ကျောင်းတက်ပြီးရင် သူ့တာဝန်ကျေတယ်လို့ သဘောထားနေကြတယ်။ စာကျတော့မကျက်ကြတော့ဘူး။ ဒ့ါအပြင် ဆရာအချို့ကလည်း ကျောင်းမှာ စာသင်တာထက် ကျူရှင်မှာစာသင်တာကို အားထားနေကြတယ်ဗျ။ ယခင်ကတော့ အတန်းပိုင်ဆရာရဲ့ကျူရှင်၊ ဘာသာရပ်သင်ဆရာရဲ့ကျူရှင်တက်ရင် စာမေးပွဲအောင်နေတော့ ကျောင်းသားကလည်း မကြိုးစားတော့ဘူး။ ကိုယ့်ဆရာရဲ့ ကျူရှင်ကိုတက်ရင် အောင်တာပဲလို့ သဘောထားကြတယ်။ ဒီနှစ်လို မေးခွန်းတစ်မျိုးတည်းထုတ်ပြီး စစ်လိုက်တဲ့အခါကျတော့ ကျူရှင်သင်တဲ့ဆရာလဲ မကယ်နိုင်၊ မိဘကလည်းဂရုမစိုက်၊ ကျောင်းသားကလည်း မကြိုးစားတော့ပေါ့လွှင်တာပေါ့" ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ယင်းအပြင် "ကျောင်းမှာစာသင်ရတာကလည်း အတော်ခက်တယ်ဗျ။ ကျွန်တော်တို့မူလတန်းအဆင့်မှာ စတုတ္ထတန်းက အမြင့်ဆုံး။ ဒီနှစ်မှာ အစိုးရစစ်ဖြစ်တော့ ကျွန်တော်တို့ကျောင်းသား၊ ကျောင်းသူတွေကို အချိန်ပိုခေါ်သင်ပေးတယ်။ ဒါပေမဲ့ အချိန်ပိုမတက်တဲ့ ကျောင်းသားကရှိသေးတယ်။ အချိန်ပိုမတက်တဲ့ကျောင်းသားကို အိမ်အထိသွားခေါ်တယ်။ မိဘက ဘာပြောသလဲဆိုတော့ သင်ပြီးသားတွေပြန်သင်တာမို့လို့ အိမ်ကကလေးက အချိန်ပိုမတက်တာလို့ပြောတယ်။ ဒီတော့ကာ မိဘတွေကလည်း သားသမီးပြောတဲ့စကားယုံပြီး ဆရာပြောတာကျတော့ အလေးမထားဘူးဖြစ်နေတယ်။ ဖြစ်သင့်တာက ကျောင်းသားကလည်း သင်ယူချင်တဲ့စိတ်၊ တတ်ချင်တဲ့စိတ်နဲ့ သင်ယူဖို့လိုသလို မိဘများကလည်း သားသမီးပြောတဲ့အတိုင်းမယုံဖို့လိုတယ်။ ကျောင်းတက်ဖို့ စာကျက်ဖို့ ကြပ်မတ်ဖို့လိုတယ်။ ကျွန်တော်တို့ဆရာတွေကလည်း ညွှန်ကြားချက်နဲ့အညီ စေတနာထားပြီး ကလေးတွေကိုသင်ကြားပေးဖို့လိုတယ်" ဟု ဆရာတစ်ဦးကလည်း သူ့အမြင်ကိုပြောပြသည်။

"ဒီနှစ်စာမေးပွဲကျတာများတာလည်း မပြောနဲ့ဗျ။ ရပ်ကွက်ထဲမှာ စာကျက်သံကိုမကြားရဘူး။ ဟိုတုန်းကဆို စာမေးပွဲကြီးနီးလာပြီဆိုတာနဲ့ စာမေးပွဲမပြီးမချင်း ရပ်ကွက်ထဲမှာ စာကျက်သံကိုညံနေတာပဲ။ ကလေးတွေရဲ့ကြိုးစားအားထုတ်မှုအားနည်းလို့ အကျများတာပဲလို့ထင်တာပဲ" ဟု ပြည်သူတစ်ဦးကလည်း သူ့အမြင်ကိုပြောသည်။

"အခုလို စတုတ္ထတန်းနဲ့ အဋ္ဌမတန်းကို မေးခွန်းတစ်မျိုးတည်းထုတ်ပြီး အစိုးရစစ်လုပ်တာ သဘောကျတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းသား၊ ကျောင်းသူတွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပိုရှိလာနိုင်တယ်။ ကိုယ်တိုင်ကြိုးစားမှ စာမေးပွဲအောင်မယ်ဆိုတဲ့အသိ ရှိလာမယ်။ အရင်တုန်းက အတန်းပိုင်ဆရာရဲ့ကျူရှင်၊ ဘာသာရပ်ဆရာရဲ့ကျူရှင်တက်ရင် စာမေးပွဲအောင်တာပဲဆိုပြီး ဝတ္တရားကျေ ကျောင်းတက်၊ ကျောင်းဆင်းရင် ကျူရှင်သွား ဒါပဲ။ စာလည်းမကျက်ကြဘူး။ အချိန်တန်ရင် စာမေးပွဲအောင်တာပဲဆိုတဲ့ လွဲမှားတဲ့အသိက ကလေးတွေရင်ထဲစွဲနေတာလေ။ ခုတော့မရတော့ဘူး။ ကျူရှင်တက်သည်ဖြစ်စေ၊ မတက်သည်ဖြစ်စေ ကိုယ်တိုင်ကြိုးစားမှ လိုချင်တဲ့စိတ်၊ တတ်ချင်တဲ့စိတ်ရှိမှ စာမေးပွဲအောင်မယ်ဆိုတာ သိလာတော့မှာ" ဟု ကျောင်းသားမိဘတစ်ဦးကပြောသည်။

ယင်းသို့ဖြစ်ရာ ထူးချွန်ထက်မြက်သော၊ အရည်အချင်းပြည့်ဝသော ကျောင်းသား၊ ကျောင်းသူများဖြစ်ထွန်းလာစေရန် ဆရာ၊ မိဘ၊ ကျောင်းသား၊ ကျောင်းသူများ ဖြစ်ထွန်းလာရန်မှာ ဆရာ၊ မိဘ၊ ကျောင်းသားအားလုံး မိမိတာဝန်ကို ကျေပွန်စွာဆောင်ရွက်ကြရမည်သာ ဖြစ်သည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ပန်းချီပန်းပုအစည်းအရုံး(ဖျာပုံ)မှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီပန်းချီ အခြေခံသင်တန်းသို့ သင်တန်းသား ၇၅ ဦး တက်ရောက်သင်ယူ



**ဖျာပုံ မေ ၂၇**

မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဖျာပုံ) မှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီပန်းချီအခြေခံသင်တန်းကို မတ်လနောက်ဆုံးပတ်မှစ၍ ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အခြေခံပညာ အလယ်တန်း၊ အထက်တန်းနှင့် ဝါသနာရှင် သင်တန်းသား၊ သင်တန်းသူ ၇၅ ဦး တက်ရောက်လျက်ရှိသည့် အဆိုပါသင်တန်းကို မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး (ဖျာပုံ) တွင် ပန်းချီကျောင်းဆင်းဆရာနှစ်ဦးမှ ဦးစီးလျက် အစည်းအရုံးဝင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် စနစ်တကျ သင်ကြားပေးလျက်ရှိသည်။ သင်တန်းဝင်ကြေးလုံးဝမယူဘဲ အခမဲ့ သင်ကြားပေးလျက်ရှိကြောင်း ဖျာပုံမြို့ရှိ ပန်းချီပန်းပုအစည်းအရုံးမှ သိရသည်။

ဖျာပုံမြို့တွင် ဖွင့်လှစ်လျက်ရှိသည့် နွေရာသီပန်းချီအခြေခံသင်တန်းသည် အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေ ၂ နာရီမှ ၅ နာရီအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းကာလမှာ မေလကုန်အထိ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းပမာဏ |
|---|---|---|
| ၁ | 01/DHPI(P&W) 2015-2016<br>ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၊ ရေလွှဲရေထုတ်ပြွန်သံကူကွန်ကရစ် ၂၅၀၈ကျင်း | |
| ၂ | 02/DHPI(P&W) 2015-2016<br>အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းလျှပ်စစ်နှင့်စက်ပစ္စည်း (၁) လုံး သိုလှောင်ရုံ (၁၂၀'X၆၀') ဆောက်လုပ်ခြင်း | |
| ၃ | 03/DHPI(P&W) 2015-2016<br>အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း CVC ကွန်ကရစ်ဖျော်စပ် ၁၅၀၀၀၀ ကုဗမီတာ ထုတ်လုပ်သယ်ပို့သွန်းလောင်းခြင်းလုပ်ငန်း | |
| ၄ | 04/DHPI(P&W) 2015-2016<br>သူငွေးရေအားလျှပ်စစ်စီမံကိန်း၊ ရေပိုလွှဲမြေကြီးကျောက်သား ၂၅၀၀၀ ကျင်း တူးဖော်ခြင်း | |
| ၅ | 05/DHPI(P&W) 2015-2016<br>သူငွေးရေအားလျှပ်စစ်စီမံကိန်းရေယူအဆောက်အုံ- ကွန်ကရစ်လုပ်ငန်း | ၃၀၀ကျင်း |
| ၆ | 06/DHPI(P&W) 2015-2016<br>သူငွေးရေအားလျှပ်စစ်စီမံကိန်းရေပိုလွှဲခိုင်ခံ့မှုလုပ်ငန်းများ | လုပ်ငန်းတစ်ရပ် |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် - ၁၇-၄-၂၀၁၅ရက်၊ ၉း၃၀နာရီ
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊အချိန် - ၁၈-၅-၂၀၁၅ရက်၊ ၁၅း၀၀နာရီ
Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်နေ့ရက်၊အချိန် - ၁၈-၅-၂၀၁၅ရက်၊ ၁၅း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၁၀၀၀၀)ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊
ဖက်စ်-၀၆၇-၄၁၀၄၃၁

## ပြည်ထဲရေးဝန်ကြီးဌာန
## မီးသတ်ဦးစီးဌာန
## ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူရန် ပြည်တွင်း/ ပြည်ပကုမ္ပဏီများအား တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Fire Fighting Truck (ခ) မီးသတ်ရေသယ်ယာဉ် (ဂ) မီးသတ်စက်ယာဉ်
(ဃ) Portable Fire Pump (င) Breathing Apparatus set (စ) မှုန်ရေမွှားကိရိယာ (ကျောလွယ်)
(ဆ) Cylinder Air Filling Machine (ဇ) Infrared Thermometer
(ဈ) ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ (ည) Copier (ဋ) Plain Paper laser facsimile
(ဌ) Laser Printer A4 (ဍ) Personal Computer (ဎ) Scannar

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) တင်ဒါလျှောက်လွှာရယူရန် - ၂၈-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်ထိ
(ခ) တင်ဒါတင်သွင်းရက် - ၁၈-၅-၂၀၁၅ရက်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၈၁-၂၁၂၁၆၇၁သို့ ဆက်သွယ်နိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန
## မီးသတ်ဦးစီးဌာန
## ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ အောက်ဖော်ပြပါမြို့နယ်များတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများအား တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ရေသန့်နှင့်လျှပ်စစ်မီးရရှိရေး (၂၇) ခု
(ခ) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၂) ခု

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) တင်ဒါလျှောက်လွှာရယူရန် - ၂၈-၄-၂၀၁၅မှ ၁၅-၅-၂၀၁၅ ထိ
(ခ) တင်ဒါတင်သွင်းရက် - ၁၈-၅-၂၀၁၅

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၈၁-၂၁၂၁၆၇၁ သို့ ဆက်သွယ်နိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**



# အမြန်လမ်းမကြီးအားယာဉ်အန္တရာယ်ကင်း ဝေးစေရန် ဂိုင်းဝန်းထိန်းသိမ်းပေးစေလို

**ရန်ကုန် မေ ၂၇**

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးအား နိုင်ငံတော်မှ ငွေကြေးမြောက်မြားစွာအကုန်အကျခံ၍ ဆောက်လုပ်ခဲ့ခြင်းသည် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်ရေး၊ ဒေသများဖွံ့ဖြိုးရေး၊ ခရီးလမ်းပန်းလုံခြုံချောမွေ့ရေး၊ အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးတွင် အကြီးမားဆုံးအထောက်အကူဖြစ်စေရေးဆိုသည်ကို သာမန်လူတစ်ယောက်အတွေးနှင့်ပင် သိရှိနိုင်သည်။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး၏ ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို ၂၀၀၉ ခုနှစ် မတ်လတွင် ဖွင့်လှစ်နိုင်ခဲ့ပြီး လမ်းဖောက်လုပ်နေဆဲကာလအပါအဝင်၌ပင် ကန့်သတ်ပိုင်းခြားမှုဖြင့် သွားလာခွင့်ပြုထားခဲ့သဖြင့် လမ်းဖောက်လုပ်ဆဲ သုံးနှစ်တာကာလအတွင်း ယာဉ်မတော်တဆမှု ၂၄၀ ကြိမ်ဖြစ်ပွားခဲ့ရာတွင် သေဆုံး ၁၀၈ ဦး၊ ဒဏ်ရာရရှိသူ ၅၀၅ ဦးခန့်ရှိကြောင်း သိရသည်။ ယင်းနောက် ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင်ဖွင့်လှစ်နိုင်ခဲ့ပြီး ထိုလမ်းပိုင်း၏ ယာဉ်မတော်တဆမှု ၅၀ ဖြစ်ပွားခဲ့ရာ လူ ၃၉ ဦး သေဆုံးခဲ့ကာ ၁၁၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါယာဉ်မတော်တဆမှုများ၏ ရာခိုင်နှုန်းအများဆုံးမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန်ပျက်ကွက်ခဲ့ကြသော ယာဉ်မောင်းသူများကြောင့် ဖြစ်ရ၏။ အထူးသဖြင့် ယာဉ်မောင်းများ အိပ်ငိုက်မှုကြောင့်ဖြစ်ရမှုကပိုများ၍ ယခုအခါ ယာဉ်မောင်းများ အိပ်ငိုက်ခြင်း မဖြစ်စေရန် သတိပေးသည့်ဆိုင်းဘုတ်များကိုစိုက်ထူကာ သတိပေးထားကြောင်း တွေ့ရသည်။

ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက်လည်း အမြန်လမ်းရဲတပ်ဖွဲ့မှ လုံခြုံရေးစည်းကမ်းထိန်းသိမ်းရေးကို အထူးဆောင်ရွက်လျက်ရှိပြီး ယာဉ်အန္တရာယ်လျော့ပါးရေးအတွက် လိုအပ်သည့်နေရာတိုင်း လမ်းညွှန်အမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များကို စိုက်ထူခြင်း၊ တံတားအဝင် လမ်းကွေ့များတွင် ဆိုလာမီးတိုင်များလဲခြင်း၊ လမ်းများကိုပြုပြင်ခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များ လမ်းပေါ်မတက်စေရန် လမ်းကင်းများချ၍ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများဘက်ကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုကြောင်း လေ့လာသူများကပြောသည်။ ယခုအခါ တာဝန်ရှိသူများဘက်က တာဝန်ကျေစွာလုပ်ဆောင်သော်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မလိုက်နာဘဲ ကုန်တင်ယာဉ်ကြီးများက လမ်းအသုံးပြုခရှောင်ရှားလို၍ ခိုးခိုးဝှက်ဝှက် တက်ရောက်မောင်းနှင်နေသဖြင့် မူလအနေအထားအတိုင်း မပျက်မစီးဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးသည် လူတိုင်း၌ တာဝန်ရှိသည့်အတွက် တာဝန်ယူတတ်စေရန် လိုအပ်လျက်ရှိသည်။ **ကျော်ကျော်(မလှိုင်)**

# လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဖြင့် ပဲတီစိမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းနေမှုကွင်းဆင်းကြည့်ရှု



**ညောင်ဦး မေ ၂၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးမြင့်သန်းသည် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များလိုက်ပါလျက် မေ ၂၄ ရက်က ညောင်ဦးမြို့နယ်အတွင်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဆည်ငယ်၊ ကန်ငယ်များ ပြုပြင်မှုလုပ်ငန်းများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ပထမဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် လောကနန္ဒာ မြစ်ရေတင်လုပ်ငန်းကိုစစ်ဆေးရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးဝင်းဆန်းက ယခုနှစ်အတွင်း နွေသီးနှံလျာထားမှုအပေါ် ရေပေးဝေခဲ့သည့်အခြေအနေ၊ လက်ရှိရေစုကန်တွင် စုဆောင်းကျန်ရှိသည့် ရေပမာဏ၊ ဧရာဝတီမြစ်ရေတက်လာမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ဝန်ကြီးက လျှပ်စစ်မီးရရှိမှု ယခင်နှစ်ကထက်ပိုကောင်းမွန်လာပြီဖြစ်၍ လျာထားနွေသီးနှံ ပြည့်မီကျော်လွန်ရေး ကြိုးစားဆောင်ရွက်ရန်နှင့် စက်များကြံ့ခိုင်ရေးပုံမှန်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ယင်းမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် လောကနန္ဒာမြစ်ရေတင်ဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော တောင်သူဦးသိန်းဟန်၏ ပဲတီစိမ်းစိုက်ခင်းကို စစ်ဆေးခဲ့သည်။ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမြင့်အောင်က ဦးသိန်းဟန်၏စိုက်ခင်းမှ ယမန်နှစ်က တစ်ဧကတင်း ၂၀ ထွက်ရှိခဲ့ကြောင်း၊ လက်ရှိဖြစ်ထွန်းမှုအရ တစ်ဧက ၂၅ တင်းအထက် ထွက်ရှိနိုင်ကြောင်းနှင့် ပဲတီစိမ်းသီးနှံမှာ ယခုနှစ်ဈေးကောင်းသဖြင့် တောင်သူများ ဝင်ငွေတိုး၍ရရှိစေသည့်သီးနှံဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များအနေဖြင့် တောင်သူများအား ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် ဝင်ငွေတိုးတက်ရရှိစေမည့် သီးနှံများကို ရွေးချယ်ပေးရန်လိုအပ်ကြောင်းနှင့် စိုက်ပျိုးပြီးပါကလည်း အောင်မြင်ဖြစ် ထွန်းရေးအတွက် အချိန်အခါအလိုက် ကြပ်မတ်သွားရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးက မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စုတည်ကျေးရွာအုပ်စု၊ စပါးသင်ကျေးရွာအနီးရှိ စပါးသင်သောက်သုံးရေကန် ပြုပြင်ပြီးစီးမှုကို စစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကန်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းပြီး ရေကန်ရည်ရှည်တည်တန့်အောင် ဆောင်ရွက်ကြရန်နှင့် နယ်မြေဒေသနှင့်ကိုက်ညီသည့် ထန်းပင်များကိုလည်း စိုက်ပျိုးကြပြီး ပင်အိုများနေရာတွင် ပင်ပျိုးများအစားထိုးနိုင်ရေးလိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားတိုက်တွန်းခဲ့သည်။ **သီဟကိုကို(မန္တလေး)**

# ရှမ်းပြည်(တောင်ပိုင်း) အင်ခေါင်ကျေးရွာတွင် ဂန္ဓမာပန်းအဓိကစိုက်ပျိုး၍ စီးပွားရှာ

**အင်းခေါင် မေ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်သီခေါင်အုပ်စု အင်းခေါင်ကျေးရွာလေးသည် တိုင်းရင်းသားလူမျိုးစုများနေထိုင်ကြပြီး ဓနု၊ ပအို့၊ တောင်ရိုး စသည့် တိုင်းရင်းသားအများစုနေထိုင်ကြကာ အဓိကအသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အဖြစ် တောင်ယာသီးနှံများဖြစ်သည့် အားလူး၊ ကြက်သွန်ဖြူ၊ မုန်လာ၊ ဂန္ဓမာပန်းတို့ကို စိုက်ပျိုးကြသည်။

အင်းခေါင်ကျေးရွာသည် အိမ်ထောင်စု ၂၀၀ ကျော်ခန့်နေထိုင်ကြပြီး ဂန္ဓမာပန်းကိုသာ အဓိကစိုက်ပျိုးကြသည်။

"ဂန္ဓမာပန်းအမျိုးပေါင်း ၂၀၀ ကျော်ခန့်ရှိပါတယ်။ ကျွန်မတို့ဒေသမှာ အများဆုံးစိုက်တဲ့ပန်းမျိုးက ကြွေဖြူ၊ ချက်စိမ်း၊ စမ်းမာဖြူပန်းမျိုးကို အစိုက်များပါတယ်။ စိုက်ရာသီက မတ်လစိုက်ပျိုးရင် ဇူလိုင်ဆိုရင် ရောင်းတန်းဝင်ပန်းများရပါတယ်။ တစ်ဧကကို ပန်းပင် ၆ သောင်းလောက်စိုက်လို့ရပါတယ်။ ကုန်ကျမှုအနေနဲ့ တစ်ဧကကို ငွေကျပ်သုံးသိန်းခန့်ကုန်ကျပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြို့တွေအကုန်လုံးကို တင်ပို့ရောင်းချပါတယ်" ဟု အဆိုပါကျေးရွာမှ ဂန္ဓမာပန်းစိုက်ခင်းပိုင်ရှင် တစ်ဦးကပြောသည်။

**ကျော်ကျော်(မလှိုင်)**


## မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှစ်သစ်အခါသမယထူးကို ကြိုဆိုလျက် ဝန်ထမ်းသစ်များခေါ်ယူခြင်း

Fisca Enterprises လက်အောက်ရှိ Yatanarpon Pan Myanmar Co.,Ltd./Fisca Security & Communication Co., Ltd./Best Security & Service Co., Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါ ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဝန်ထမ်းများ အလိုရှိသည်။

(က) အုပ်ချုပ်မှုမန်နေဂျာ (၂)ဦး
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် Mobile စခန်းများကို ကြီးကြပ်ရန် (ကျိုင်းတုံ၊ တာချီလိတ်ရုံးခွဲအတွက်)
(ခ) General Manager(Admin Dept:/Engineer Dept:/Marketing Dept:) (၃)ဦး
(ရန်ကုန်ရုံးချုပ်အတွက်)
(ဂ) General Manager (Security Dept:) (၁)ဦး
(လုံခြုံရေးအတွေ့အကြုံရှိသူ ဦးစားပေးမည်။) (Myanmar Best Security Service Co.,Ltd အတွက်)
(ဃ)လုံခြုံရေးဝန်ထမ်း (၅၀)ဦး
(င) Project Manager (Engineer Dept:) (၃)ဦး (ရန်ကုန်ရုံးချုပ်အတွက်)
(စ) IT Manager (Engineer Dept:) (၁)ဦး (ရန်ကုန်ရုံးချုပ်အတွက်)

လျှောက်ထားသူများသည် ဝန်ထမ်းလျှောက်လွှာ၏ လိုအပ်သည့်အချက်အလက်များနှင့်အတူ အောက်ဖော်ပြပါလိပ်စာတွင် ၁၅-၅-၂၀၁၅ ရက် နောက်ဆုံးထား လျှောက်ထားနိုင်သည်။

**Fisca Enterprises**
**No(1/b), Fisca Building**
**9 Mile, Pyay Road, Mayangone Township,Yangon.**
**Phone:01-653456, Fax:01-653457, Email:Eric.fisca@gmail.com**



## အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် FISCA Security & Communication Co.,Ltd ကို ကုမ္ပဏီမှတ်ပုံတင်အမှတ်-၅၁ အက်ဖ်စီ/၂၀၁၂-၂၀၁၃ဖြင့် အမှတ် ၁/ဘီ၊ အခန်း-၁၀၁၊ ပြည်လမ်း၊ ၉မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ ၂၀၁၂ခုနှစ် အသစ်ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ မိတ်ဟောင်း၊ မိတ်သစ်များအား လုပ်ငန်းများဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ၂၂-၁၀-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါကုမ္ပဏီဖြင့် လုံခြုံရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
စိုးပိုင်
**B.Com,D.A,R.L**
(အဘိဓမ္မာဂုဏ်ထူးဆောင်)
အထက်တန်းရှေ့နေ(စဉ်-၁၉၃၉၃)
အမှတ်-၁၅၈ဘီ(၃)လွှာ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



သုံးရာသီ မွန်ဒါန
ထားဝယ်ရှင်ကိုးရှင် ထမင်းကျွေး-၇၀၀၀ိ
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀ိ
မော်လမြိုင်-ကျိုက်ထီး-စက်စဲ-နွားလဲ-၂၅၀၀ိ
ပုဂံ၊ ပုပ္ပါး ပခုက္ကူ-ထမင်းကျွေး-၄၀၀၀ိ
May 1.8.15.22.29
420144148, 421153797

B.L.T Travels
ကျိုက်ထီးရိုး နေ့စဉ် 8000
ချောင်းသာ 13000
YUTONG (or) SCANIA
09-73163538, 09-31785622

မိုးမြင့်ကြယ်
ကျိုက်ထီးရိုး နေ့စဉ် (ငြိမ်း) 35000
ချောင်းသာ နေ့စဉ် (ငြိမ်း) 45000
01-549380,09-5093704,09-450012971

ဒဂုံမြို့သစ်
(တောင်ပိုင်း)၊ (ဆိပ်ကမ်း)
(အရှေ့ပိုင်း)မြေကွက်များ
ဝယ်လိုသည်။
ဖုန်း-၀၉၄၃၀၇၅၁၂၉



## လူပျောက်ကြော်ငြာ



လှိုင်မြို့နယ်၊ သုခလမ်း၊ (၅၄)လမ်းထောင့်၊ အိမ်အမှတ်(၁၅၀-B)နေ မောင်အိုက်ရှိုင်းမိန့် (၁၁)နှစ်သည် ၉-၄-၂၀၁၅ ရက်တွင် အပြင်သို့ အမှိုက်ပစ်သွားရာမှ ပြန်ရောက်လာခြင်းမရှိသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ဥပဒေအရ အရေးယူသွားပါမည်။

ဖုန်း-၀၉-၂၅၂၉၅၄၈၈၁၊ ၀၉-၅၅၀၅၅၁၀

## ဆက်သွယ်ရေးတာလမ်းမကြီးပြီးစီး၍ မော်ကျွန်းမြို့သို့ သွားလာရေး အဆင်ပြေ

**မော်လမြိုင်ကျွန်း မေ ၂၇**

မော်လမြိုင်ကျွန်းမြို့နယ် အောက်ဘက် လှိုင်းဘုန်းဒေသမှသည် ပင်လယ်ပိုင်း ပြစ်စလူဒေသအထိ ယခင်ကကုန်းလမ်းခရီး လမ်းပန်းဆက်သွယ်ရေးလုံးဝမရှိဘဲ ရေလမ်းခရီးတစ်ခုတည်းကိုသာ အားထားသွားလာကြရသည်။ နာဂစ်နောက်ပိုင်း၌ ပင်လယ်ပိုင်းဒေသမှ ပြည်သူများ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ပြင်စလူအဝေးပြေး လမ်းမကြီးအားဆက်သွယ် ဖောက်လုပ်ခဲ့ရာ ဆက်သွယ်သွားလာရေး လွယ်ကူအဆင်ပြေနေပြီဖြစ်သည်။

ယခင်က မော်လမြိုင်ကျွန်းမြို့နယ်အောက်ဘက် အောင်သုခကျေးရွာမှ မော်လမြိုင်ကျွန်းမြို့သို့ လိုင်းရေယာဉ်ဖြင့်သွားလျှင် သုံးနာရီကျော်သွားရသည့်ခရီးအား ယခုအခါ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ပြင်စလူ အဝေးပြေးတာလမ်းမကြီးပေါ်တွင် အောင်သုခကျေးရွာတည်ရှိနေသဖြင့် ဒေသခံပြည်သူများမှာ ဆိုင်ကယ်ဖြင့် မော်လမြိုင်ကျွန်းမြို့သို့လာမည်ဆိုပါက အောင်သုခ၊ ပုဂံပုံ၊ လပွတ်ကွဲထဲချောင်း၊ လေးအိမ်တန်း၊ မဲဇလီ၊ ညောင်ပိတ်၊ ရွှေအုပ်ကျေးရွာများကို ဖြတ်သန်းပြီး တုံးလဲ့ရပ်၊ မော်လမြိုင်ကျွန်းမြို့သို့ အချိန်တိုတိုဖြင့် ရောက်ရှိနိုင်မည်ဖြစ်သည်။

"အခုတော့ အချိန်ကုန်သက်သာတာပဲဗျာ။ ပုဂံပုံကျေးရွာကနေ မော်လမြိုင်ကျွန်းကို လိုင်းရေယာဉ်နဲ့သွားရင် အချိန်သုံးနာရီကျော်ကြာပါတယ်။ အခုတော့ ဆိုင်ကယ်နဲ့ဆိုတော့ နာရီဝက်ပဲမောင်းရတယ်။ ဒီနေ့ မေ ၂၄ ရက် နံနက် ၈ နာရီ ပုဂံပုံကနေ ဆိုင်ကယ်နဲ့ထွက်ရင် ၈ နာရီခွဲဆိုရင် မော်ကျွန်းရောက်တယ်။ မော်ကျွန်းမြို့ကို တစ်နေ့သုံးလေးခေါက်လောက် အသွားအပြန်လုပ်လို့ရတယ်။ သွားလာဆက်သွယ်ရေး အဆင်ပြေသွားပြီဗျာ" ဟု ပုဂံပုံကျေးရွာနေ ပြည်သူများက ပြောသည်။

**မော်ကျွန်း(မြင့်အောင်)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)

၁။ လမ်းစီမံကိန်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်/တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သည့် ပစ္စည်းများကို လမ်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ သည်။

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၃၀-၄-၂၀၁၅ ရက် |
| တင်ဒါပိတ်မည့်ရက် | - ၁၄-၅-၂၀၁၅ ရက် |
| တင်ဒါဖွင့်မည့်ရက် | - ၁၅-၅-၂၀၁၅ ရက် |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၀)ရုံး၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ ဝယ်ယူနိုင်ပါသည်။ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဖုန်း-၀၇၀-၂၁၂၄၅

ဖတ်စရာ

## ဝိဇယပူရမြို့ဟောင်းနှင့် နန်းဦးစေတီကို သွားရောက်လေ့လာနိုင်



**မန္တလေး မေ ၂၇**

နိုင်ငံသမိုင်းဟူသည် နိုင်ငံသားတိုင်းသိသင့်သော အရာပင် ဖြစ်သည်။ သမိုင်းသိရှိခြင်းဖြင့် လူအလူန အဖြစ်မှ ကင်းလွတ်ကာ ရှေ့နောက်နှိုင်းချိန်တွေးခေါ်နိုင်သည်။ သမိုင်းထဲမှ သင်ခန်းစာယူနိုင်သလို အနာဂတ်တွင် တိုးတက်အောင်ပြုလုပ်မှုအတွက် အထောက်အကူဖြစ်သည်။ မြန်မာနိုင်ငံတွင် ခိုင်မာသော သမိုင်းအမွေအနှစ်များ၊ ရှေးဟောင်းမြို့တော်များ အနုပညာလက်ရာများစွာကို ယနေ့တိုင် မြောက်မြားစွာလေ့လာနိုင်သည်။ အချို့သောမြို့ဟောင်းများသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ကာ ဂုဏ်ယူဖွယ်တည်ရှိပြီး လေ့လာသူများပြားလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း တံတားဦးမြို့နယ်တွင် နိုင်ငံတကာခရီးသွားဧည့်သည်များ အများဆုံး သွားရောက်လေ့လာသောနေရာမှာ အင်းဝမြို့ဟောင်းဖြစ်သည်။ ထိုဒေသတစ်ဝိုက်တွင် မြန်မာ့လက်မှုအနုပညာများနှင့် အင်းဝနန်းတော်ရာနေရာများကို လေ့လာနိုင်သည့် ကမ္ဘာလှည့်ခရီးသည်ဧည့်သည်များ စိတ်ဝင်စားသောနေရာဖြစ်သည်။ တံတားဦးမြို့နယ်တွင် အင်းဝနည်းတူ သွားရောက်လေ့လာနိုင်သည့် နန်းတော်ဟောင်းနေရာတစ်ခုရှိရာ ထိုနေရာမှာ ပင်းယဝိဇယပူရမြို့ဟောင်းနေရာဖြစ်သည်။

ပင်းယမြို့ဟောင်းနေရာသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၏တောင်ဘက် တစ်မိုင်ခန့်အကွာ မန္တလေး-မြင်းခြံရထားလမ်းနှင့် စကားအင်းရွာအကြား ပန်းလောင်မြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ တံတားဦးကျောက်ဆည်ကားလမ်းသည် ပင်းယမြို့ဟောင်း၏ အလယ်မှတောင်-မြောက် ဖြတ်သန်းဖောက်လုပ်ထားသည်။ ပင်းယမြို့သည် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၇ မိနစ်တွင် တည်ရှိသည်။

ပင်းယမြို့ဟောင်းနန်းတော်ရာနေရာ တူးဖော်မှုကို ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ၁၉၉၄ ခုနှစ် ဇူလိုင် ၁၂ မှ စက်တင်ဘာ ၁၄ ရက်အထိ ဆောင်ရွက်ခဲ့သည်။

တူးဖော်ရာတွင် ဦးကျော်ဦးလွင် ( သုတေသနအရာရှိ ) ဦးဆောင်သောအဖွဲ့က တူးဖော်ခဲ့သည်။ ထိုတူးဖော်မှုကြောင့် မြန်မာ့သမိုင်းတွင် အရေးကြီးသော ပင်းယနန်းတော်ရာနေရာကို တိတိကျကျ ဖော်ထုတ်နိုင်ခဲ့သည်။ ထိုသုတေသနပြုချက်အရ ပင်းယနန်းတော်ကြီးသည် ဧရိယာအားဖြင့် စတုရန်းပေ ၁၂၀၀၀၀ ကျော် ကျယ်ပြန့်ကြီးမားပြီး တောင်ဘက်အရပ်သို့မျက်နှာလှည့်ထားသည်။ နန်းတော်ကြီး၏ အရှေ့ဘက်တွင် နန်းဦးစေတီကို ယခုတိုင် တွေ့ရှိနိုင်သည်။ ပင်းယနန်းတော်ကြီးသည် ရှေးမြန်မာနန်းတည်စနစ်အတိုင်း အဆောင်များကို စမုခ်ဆောင် စနုဆောင်များဖြင့် ပေါင်းကူးထားသည့်အဆောင် ၁၀ ခုမက ပါဝင်သော အဆောင်တွဲကြီးဖြစ်ကြောင်းလည်း တွေ့ရှိရသည်။

ယခုအခါ ပင်းယမြို့ဟောင်းနန်းတော်နေရာတွင် တူးဖော်တွေ့ရှိမှုမှ မှတ်တမ်းကျောက်စာတိုင် စိုက်ထူထားသည့် နန်းတော်ဟောင်းနေရာ အရှေ့ဘက်တွင် နန်းဦးစေတီဟောင်းတည်ရှိကာ အနီးပတ်ဝန်းကျင်တွင် ပင်းယဂူကြီးသုံးလုံးနှင့် ပင်းယရွှေစည်းခုံစေတီတော်တို့ကို ဖူးမြင်နိုင်သည်။ ယခုအချိန်တွင် တံတားဦးမြို့နယ် ပင်းယနန်းတော်ရာဟောင်းနေရာကို အလွယ်တကူသွားရောက်လေ့လာနိုင်သကဲ့သို့ အနီးနားမှ သမိုင်းဝင်ဘုရားများ ခိုင်မာသော ကျောက်စာမှတ်တမ်းများကို အလွယ်တကူလေ့လာနိုင်ကြောင်း သိရသည်။

**တိမ်တမန်**

သမဝါယမတက္ကသိုလ်(သန်လျင်)နှင့် WISE Collegeတို့ပူးပေါင်းဖွင့်လှစ်သော
Business Management HigherDiploma(အမှတ်စဉ်-၃)
သင်တန်းအတွက်သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကို ဇွန်လ(၂၀)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

1. Business Management Higher Diploma
2.Business Management Advanced Diploma

(၁)Business Management Higher Diplomaသင်တန်းများကို အသက်၁၆နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူများ၊တက္ကသိုလ်တစ်ခုခုတွင်တက်ရောက်နေသူများ၊ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်းခွင်တွင်လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ တက်ရောက်နိုင်ပါသည်။
(၂)သင်တန်းကာလမှာ(၆)လကြာမြင့်မည်ဖြစ်ပါသည်။ သင်တန်းများကို အပတ်စဉ်စနေနေ့ နှင့်တနင်္ဂနွေနေ့များတွင်တက်ရောက်ရမည်ဖြစ်ပါသည်။ဖြေဆိုအောင်မြင်ပြီးပါကသမဝါယမတက္ကသိုလ်(သန်လျင်)နှင့် WISE College တို့ပူးပေါင်းပေးအပ်သော Diploma လက်မှတ်ကိုရရှိမည်ဖြစ်ပြီး Business Management Advanced Diploma သို့ဆက်လက်တက်ရောက်နိုင်ပါသည်။
(၃)၎င်းDiplomaသင်တန်းများအောင်မြင်ပြီးဆုံးပါက UK နိုင်ငံမှပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု ABE Diploma စာမေးပွဲများကိုဆက်လက်ဖြေဆိုနိုင်ပါသည်။
(၄) Mangementဘာသာရပ်အခြေခံမရှိသူများအတွက် Management Foundation Course ကိုအခမဲ့တက်ရောက်နိုင်ပါသည်။အဆိုပါ FoundationCourse ကို(၄.၅.၂၀၁၅)ရက်နေ့တွင်စတင်ပါမည်။ ပညာအရည်အချင်းအထောက်အထားမှုရင်းနှင့်မိတ္တူ(၂)စုံ၊ဓါတ်ပုံ(၃)ပုံတို့နှင့်တကွ WISE College တွင်(၂၅.၃.၂၀၁၅) ရက်နေ့မှစ၍စာရင်းပေးသွင်းအပ်နှံနိုင်ပါသည်။

WISE College (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်
Ph.09-253528521၊09-253528520

FAME
Nature A®
Carotenoid complex
သဘာဝ အေ
TMR 009439 (1014)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Phototec®
Natural antioxidant for eye
မျက်စိဆေး
TMR 008234 (1115)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

### ကုန်အမှတ်တံဆိပ် တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁)ရပ်ကွက်၊ မြတောင်ဝန်ကြီးဦးမှိုလမ်း၊ အမှတ်(၂၅/A)ရှိ Yue Yun Decoration Engineering Co.,Ltd.(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၅၈၈/အက်ဖ်စီ/၂၀၁၄-၂၀၁၅)မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အတွက် အမှတ်အသားကို တည်ဆဲဥပဒေနှင့်အညီ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၄၂၈၃/၂၀၁၅ အရ ကုမ္ပဏီမူပိုင် အမှတ်တံဆိပ်ဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ xyy အမည်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြုမှတ်ပုံတင်သွင်းကြေညာသူ Yue Yun Decoration Engineering Co.,Ltd သည် အလူမီနီယမ်ကိုအသုံးပြု၍ တံခါးပေါင်၊ တံခါးရွက်၊ ကျည်းပေါင်၊ အဝင်အထွက်တံခါးပေါင်ဆိုဒ်အမျိုးမျိုး၊ မှန်တံခါးကွပ်သည့်ပေါင်၊ ဖရိန်အမျိုးမျိုး၊ အလူမီနီယမ်နှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ Construction နှင့်ပတ်သက်သည့် အလှဆင်ပစ္စည်းများ၊ Decoration နှင့်ပတ်သက်သည့်ပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးဖြစ်သည့် Funitures စားပွဲ၊ ကုလားထိုင်များနှင့် ရုံးသုံးလုပ်ငန်းများတွင် အသုံးပြုသည့်ပစ္စည်းများ၊ အိမ်သုံးပရိဘောဂပစ္စည်းများ ထုတ်လုပ်ရာတွင် အဆိုပါအမှတ်တံဆိပ်ကို အရွယ်အစားအမျိုးမျိုးနှင့် အရောင်အမျိုးမျိုး၊ အဆင်အမျိုးမျိုး၊ ဒီဇိုင်း အမျိုးမျိုးတို့ကို စနစ်တကျပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ Yue Yun Decoration Engineering Co.,Ltdမှ ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေရပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet, Website အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်ဆံဆိပ်အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှိုင်မြမ်း၍ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပုံတူပုံမှားထပ်လောင်းထပ်ပွား လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရန်နှင့် အကယ်၍ ပြုလုပ်အသုံးပြုပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်ဇော် **B.Sc,H.G.P.,R.L.,D.B.L.,D.M.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၃၀)

ဒေါ်နှင်းနုစိုး **(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၃၀၄၇၅)

အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၁-၃၇၄၇၉၆၊ ၀၉-၄၉၃၃၄၁၈၆၊ ၀၉-၂၆၃၀၆၄၀၉၅

### တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

# ကြော်ငြာ


ဆရာကောင်းမှ တပည့်ကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်း**

- **ရည်မှန်းချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီးဖြစ်သည်ဟု ယုံကြည်သည်။
- **အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်းကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။
- **ကျောင်းမှန်မှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ၊ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိ ကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင် ထပ်မံယူရန် မလိုအပ်ပါ။ သို့သော် စာကျက်ချိန်ကို တိတိကျကျသတ်မှတ်ပြီး နေ့စဉ် သင်ပေးသမျှ သင်ခန်းစာများအား အချိန်မှန် ကျက်မှတ်လေ့ကျင့်ရန် (အထူး) အထူးလိုအပ်ပါသည်။
- **ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
- **ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

**ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်**

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၂/၁၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

# ပညာနန်းတော်

**အ.ထ.က**

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

**ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း**

၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဆောင်နေရာပြည့်ပါပြီ

**အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ**

- **အဆောင်မှူး (ဘွဲ့ရ) ဆရာ၊ ဆရာမများအလိုရှိပါသည်။**

စေတနာကောင်းမှ ပညာရေးကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်း**

- ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးကို နိုင်ငံကျော် ဆရာ၊ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂:၁၅ မှ ၅:၁၅ နာရီ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၁-တန်း | " | ၃၅၀၀၀ | ၂၀၀၀၀ |
| ၂-တန်း | " | ၃၅၀၀၀ | ၂၀၀၀၀ |
| ၃-တန်း | " | ၄၀၀၀၀ | ၂၀၀၀၀ |
| ၄-တန်း | " | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅-တန်း | " | ၄၀၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | " | ၄၀၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | " | ၄၀၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇:၀၀ မှ ၁၂:၀၀ နာရီ | ၄၅၀၀၀ | ၃၀၀၀၀ |
| ၉-တန်း | " | ၅၀၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | " | ၆၀၀၀၀ | ၄၀၀၀၀ |

- **လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။**
(ကျောင်းပြောင်း လက်မှတ်ကို ဖွင့်လှစ် ပေးပါ)

**ဇွန် ၄ ရက် ဖွင့်မည်**

မြေအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ဖုန်း 01-577 605 ကျောင်း - A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ ဖုန်း 09 73036827, 09 47074649



**မြန်မာနိုင်ငံစာရင်းကိုင်များအသင်း**
**စာရင်းကိုင်သင်တန်းများဖွင့်မည်**

မြန်မာနိုင်ငံစာရင်းကိုင်များအသင်းတွင် (၁၀.၅.၂၀၁၅) နေ့တွင်(၂၅၈)ကြိမ် စာရင်းကိုင်သင်တန်းကို တနင်္ဂနွေ တစ်ရက်သင်တန်း၊ စနေ/တနင်္ဂနွေ နှစ်ရက်တက်သင်တန်း (မြန်မာဘာသာ/အင်္ဂလိပ်ဘာသာ)တို့ဖြင့် အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများနှင့် တက္ကသိုလ်ဘွဲ့ကြို/ဘွဲ့ရများ တက်ရောက်နိုင်ပါသည်။

သင်တန်းတက်ရောက်လိုသူများသည် အသင်းရုံးခန်းအမှတ် (၉၁/၉၃)၊ ၄၉-လမ်း(အလယ်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၂၉၁၈၂၆၊ ၀၉-၅၄၁၀၉၀၉ ၀၉-၉၇၂၆၅၁၈၀၆ သို့ စုံစမ်းမေးမြန်း စာရင်းသွင်းအပ်နှံ၍ တက်ရောက်နိုင်ပါသည်။



**ဆုပြည့်** 09-31815390, 09-792432296 09-31815395, 09-792298138

| | |
|---|---|
| ဝ့ဝ်၊ ညောင်ဦး၊ ဝပ္ပတ္တား၊ စွယ်တော်လေးဆူ (ငြိမ်း)-၆၅,၀၀၀/ | 6+1 FREE Package |
| တောင်ကြီး၊ အင်းလေး၊ ဝင်းတယ၊ ကုံလုံ၊ တသော (ငြိမ်း)-၇၀,၀၀၀/ | ချောင်းသာ(ငြိမ်း) ၄၅,၀၀၀/ |
| မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာဘုရားစုံ (ငြိမ်း)-၆၅,၀၀၀/ | ငွေဆောင်(ငြိမ်း)၅၅,၀၀၀/ |
| | ကျိုက်ထီးရိုး (ငြိမ်း)၃၅,၀၀၀/ |



ဖြောင့်စင်းလှပစိတ်တိုင်းကျရမည်...

**ဒေလျာရီ**
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝမကျွတ်စေရ
Ph: 09-73048685

- ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
- ပယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂- နှစ်အာမခံ



**"အာစရိယပူဇော်ပွဲ" အတွက် ဖိတ်ကြားနှိုးဆော်ခြင်း**

ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) / 1993-1998 ခုနှစ်အတွင်း မြို့ပြအင်ဂျင်နီယာဘာသာရပ်အား အတူတကွသင်ယူ ဆည်းပူးခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားများ၏ ဒုတိယအကြိမ်မြောက် " မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ " ကို ၂၀၁၅ခုနှစ်၊ မေလ(၂)ရက်နေ့ (စနေနေ့) ညနေ(၅)နာရီ PANDA HOTEL၊ ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ပါ၍ သူငယ်ချင်းများ ဆက်ဆက်လာရောက်ကြပါရန်နှင့် အလှူငွေများအား အောက်ဖော်ပြပါ သူငယ်ချင်းများနှင့် ဘဏ်စာရင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| မြင့်ထွန်း | 09-5012381 | သူရနိုင် | 09-43139296 |
| သာထွန်းဦး | 09-977477225 | အောင်ကျော်ထွန်း | 09-5599688 |
| ဖြူနှင်းအေး | 09-5066940 | လှခင်မြ | 09-250430965 |

KBZ saving account No: 007-302- 00700195302 (ရွှေဂုံတိုင်ဘဏ်ခွဲ)
https// www. facebook.com/ groups/ civil 98 ytu.



**အူရီဒူး မိသားစု နဲ့အတူ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းသစ်များ**

၂၀၁၅ မှာ အူရီဒူး ကွန်ရက်ကို ပိုမိုကျယ်ပြန့်စွာ ဖြန့်ကြက်နေပြီဖြစ်၍ လက်ကား အရောင်းကိုယ်စားလှယ်များ အဖြစ် ပူးပေါင်းလုပ်ကိုင်ရင်း အူရီဒူး မိသားစုထဲကို ပါဝင်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

ooredoo



အူရီဒူးက စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ် နဲ့ တနင်္သာရီတိုင်းဒေသကြီးတို့မှာ ဖြန့်ချိရေး ကိုယ်စားလှယ်များ ခန့်အပ်ရန် ရှာဖွေနေပါတယ်။အူရီဒူး နှင့် ပူးပေါင်းလုပ်ကိုင်ဖို့ စိတ်ဝင်စားတယ်ဆိုရင် partnerregistration@ooredoo.com.mm ကို အောက်ပါအချက်အလက်များ ရေး၍ပို့ပေးပါ။

- ကုမ္ပဏီအမည်
- လက်ရှိ လုပ်ငန်းရဲ့သဘောသဘာဝ
- လုပ်ငန်းလုပ်ကိုင်လိုသည့် နေရာဒေသ
- ဆက်သွယ်ရမည့် ပုဂ္ဂိုလ်
- ဆက်သွယ်ရမည့် ဖုန်းနံပါတ်
- လုပ်ငန်းစတင်နိုင်မယ့်နေ့

**သတိမှတ်ချက်များ**

သတ်မှတ်ထားသော အရည်အချင်းများနဲ့ ကိုက်ညီသော လျှောက်လွှာရှင်များကိုသာ စဉ်းစားမှာ ဖြစ်ပါတယ်။
အူရီဒူး မြန်မာအနေနဲ့ ပူးပေါင်းလုပ်ကိုင်ရန်စိတ်ဝင်စားသော လျှောက်လွှာရှင်များကိုသာ ဆက်သွယ်မှာ ဖြစ်ပါတယ်။

# KBZ BANK

# ကမ္ဘောဇဘဏ်လီမိတက်

## ကမ်းနားလမ်းဘဏ်ခွဲ (၆ – ထပ်ရုံး)

Strand Square (ယခင် ၆–ထပ်ရုံး)၊ အမှတ်(၅၃)၊ (၃၂)လမ်းနှင့်ကမ်းနားလမ်းထောင့်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁) ၂၃၀၇၀၆၂၊ ၂၃၀၇၀၆၃၊ ဖက်စ်(၀၁) ၂၃၀၇၀၆၉၊ ၂၃၀၇၀၇၁

## စလင်းမြို့ဘဏ်ခွဲ

အမှတ်(၅၅/၅၉)၊ နရပတိစည်သူလမ်း၊ ဈေးမရပ်ကွက်၊ စလင်းမြို့၊ မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး။
ဖုန်း(၀၆၃) ၄၂၄၁၅၊ ၄၂၄၁၆၊ ဖက်စ်(၀၆၃) ၄၂၄၁၈၊ ၄၂၄၁၉

## ရွှေပြည်သာဘဏ်ခွဲ (၂)

အမှတ်(၅/၄–၁၅၇)၊ မိုလ်ချုပ်လမ်းနှင့်ခိုင်မာလာလမ်းထောင့်၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁) ၉၆၁၅၀၆၅၊ ၉၆၁၅၀၆၆၊ ဖက်စ်(၀၁) ၉၆၁၅၀၆၉၊ ၉၆၁၅၀၇၀

**တို့ကို (၂၈.၄.၂၀၁၅) အင်္ဂါနေ့တွင် ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

# စွယ်တော် စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်






■ ရန်ကုန်မြို့တော်၏မြောက်ဘက် အဝိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊ သီရိရတနာ လက်လီလက်ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အချာကျသောနေရာ ဖြစ်သည်။



■ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင် တည်ဆောက်သွားမည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။

■ ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ ခေတ်မီ Post -Tensioned စနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ် ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီးအဆောက်အအုံတိုင်းတွင်2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိပါမည်။




900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms

■ အဆောက်အအုံတိုင်းတွင်Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System, CCTV, Fire protection & Fire alarm system,Back up Generator systemများ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်းUnder ground cable များ ကိုသာအသုံးပြုသွားပါမည်။

■ ရေကူးကန်များ၊စားသောက်ဆိုင်၊ Fitness center ၊ SPA၊ Steam၊ Sauna၊ Jacuzzi၊Convenience Store၊ကလေးကစားကွင်း၊ဘတ်စကက်ဘောကွင်းနှင့် လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမများ ပါဝင်သောClubhouse တစ်ခု ပါဝင်ပါမည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့်လမ်းများနှင့်အဆောက်အအုံပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။







Starting from
(တစ်)ပေပတ်လည်လျှင်
ကျပ်
၇၅,၀၀၀

Early Register Now!

ဆက်သွယ်ရန် - ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ် (၂၄၅)၊ဗားကရာလမ်း၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်မြို့။ ဖုန်း ၀၁ - ၅၁၆၅၃၃၊ ၅၁၆၅၃၄၊ ၅၁၆၅၃၅၊ ၅၁၆၅၃၆

# လက်ရှိချန်ပီယံ နီရှိကိုရီ ဘာစီလိုနာအိုးပင်းတင်းနစ်ဖလား ဆွတ်ခူး

ဘာစီလိုနာအိုးပင်းတင်းနစ်ဖလား အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဂျပန်တင်းနစ်ကစားသမား နီရှိကိုရီနှင့် စပိန်တင်းနစ်ကစားသမား အန်ဒူဂျာတို့ မေ ၂၆ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ နီရှိကိုရီက အန်ဒူဂျာအား ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ပြီး ဘာစီလိုနာအိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

လက်ရှိဘာစီလိုနာအိုးပင်းတင်းနစ်ချန်ပီယံ နီရှိကိုရီသည် ယခုတစ်ကြိမ်ထပ်မံဗိုလ်စွဲခဲ့ခြင်းကြောင့် နီရှိကိုရီ၏ တင်းနစ်ကစားသမားဘဝတစ်လျှောက်တွင် (၉)ကြိမ်မြောက် အေတီပီကမ္ဘာ့တင်းနစ်ချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းပင်ဖြစ်သည်။

"အခုပွဲမှာ အနိုင်ရလိုက်တာက ကျွန်တော့်အတွက် ပိုမိုအားတက်စရာဖြစ်စေခဲ့ပါတယ်။ အခုနှစ်ထဲမှာ ဒီပြိုင်ပွဲဟာ ကျွန်တော့်အတွက် အကောင်းဆုံးပြိုင်ပွဲတွေထဲက တစ်ခုလည်းဖြစ်ခဲ့ပါတယ်"ဟု ကမ္ဘာ့အဆင့်(၅)နေရာတွင် ရပ်တည်လျက်ရှိသည့် ဂျပန်ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား နီရှိကိုရီက ပြိုင်ပွဲအပြီးတွင် ပြောကြားခဲ့သည်။ ထို့ပြင် လာမည့်နှစ် ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ထပ်မံဗိုလ်စွဲရန် မျှော်လင့်ထားကြောင်းလည်း နီရှိကိုရီက ထုတ်ဖော်ပြောကြားခဲ့သည်။

နီရှိကိုရီသည် အေတီပီတစ်ဦးချင်းအဆင့်တွင် ထိပ်ဆုံး ၁၀ ဦး စာရင်းအမြဲတမ်းဝင်သည့် ဂျပန်နိုင်ငံ၏ ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမားတစ်ဦးဖြစ်ပြီး တင်းနစ်ကို အသက်(၅)နှစ်အရွယ်မှစတင်ကာ လေ့လာခဲ့သူဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့



# AFC Cup ပြိုင်ပွဲ မေ ၂၉ ရက်တွင် ဆက်လက်ယှဉ်ပြိုင်မည်

မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်နေသည့် ၂၀၁၅ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်(၅)ကို မေ ၂၉ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ပွဲစဉ်(၅)အဖြစ် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ရောဝတီအသင်းနှင့် လာအိုတိုယိုတာအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ပါဟန်း(မလေးရှား)နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရတနာပုံအသင်းသည် အုပ်စုလေးပွဲကစားအပြီးတွင် သုံးမှတ်သာရရှိသေးပြီး ယခုကစားရမည့် မလေးရှားကလပ် ပါဟန်းအသင်းနှင့်ပွဲတွင် နိုင်ပွဲရယူနိုင်မှသာ နောက်တစ်ဆင့်တက်ရောက်ရေး မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ လက်ရှိတွင် ရတနာပုံအသင်းပါဝင်သော အုပ်စု(G)တွင် ဟောင်ကောင်ကလပ်တောင်တရုတ်အသင်းက (၁၂)မှတ်ဖြင့် အုပ်စု ပထမနေရာရရှိကာ နောက်တစ်ဆင့် တက်သွားပြီဖြစ်သည်။ ပါဟန်း(မလေးရှား)နှင့် ဂလိုဘယ်(ဖိလစ်ပိုင်)အသင်းတို့က လေးမှတ်စီရရှိထားသည်။ ရတနာပုံအသင်းအနေဖြင့် ယခုပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့ပါက နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အဆုံးသတ်သွားမည်ဖြစ်သည်။ ဂလိုဘယ်အသင်းနှင့် အဝေးကွင်းပွဲတွင် အနီကတ်ဖြင့်ထုတ်ပယ်ခံထားရသည့် ဇော်လင်းထွန်းနှင့် တင်ဝင်းအောင်တို့မှာ ပွဲပယ်ခံထားရ၍ ရတနာပုံအသင်းမှာ

စာမျက်နှာ ၉ ကော်လံ ၆ သို့

ယနေ့ မာတိကာ

သက္ကရာဇ်အကြောင်း သိကောင်းစရာ
စာမျက်နှာ - ၆

တိုင်းပြည်အတွက် အားထားရမည့် ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာစေရန် နိုင်ငံတော်မှ ပြုစုပျိုးထောင်ပေးလျက်ရှိ
စာမျက်နှာ - ၁၁

# ဘက်စုံပညာထူးချွန်လူငယ်များ ငွေဆောင်အပန်းဖြေစခန်းတွင် လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေလျက်ရှိ

သတင်း - စာမျက်နှာ » ၉



ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်း ဆယ်တန်းအောင်စာရင်းတွင် ထူးချွန်အောင်မြင်သူများ ... ကောင်းထက်ကျော် စာသင်ဝိုင်းများ ...
အထူးဂုဏ်ယူစဝ်းဖြောက်ပါကြောင်း

ကကကောင်း (ဒေး - ၂) အစ်လိမ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်မှ တည်ထောင်သော
ကက - ၁၃/၄၃/၀၆

# ကောင်းထက်ကျော်

တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့် စာသင်ဝိုင်းများ
အထူးစခန်းသွင်းဘော်ဒါဆောင်

ကိုယ်ပိုင်အထက်တန်းကျောင်း
တက္ကသိုလ်ဝင်တန်း၊ နောက်ဆုံးတန်းခွဲများ
မူလတန်းမှ နဝမတန်းများ - ပေလဆန်းစမည်။

အငှမတန်း၊ ဖော်ပြလွှထ်၏အောင်ချက်အကောင်းဆုံးကျောင်း
စတုတ္ထတန်း၊ အောင်ချက် ၁၀၀%

အစီအစဉ်အားလုံးကြိုတင် အပ်နှံမှသာ....
စည်းကမ်းလိုက်နာနိုင်သူများသာ လက်ခံပါသည်။

HOT LINE - 09 421 168127, 09 420 700008, 01 548339,01 552348
မြေအမှတ် - ၃၃ (စီ - ၂)၊ ၅၀(Big)၊ ... မြန်မာအလင်းသတင်းစာတိုက်လမ်း၊ ဗိုလ်စိန်၊ ... ရန်ကုန်။

themirror.npt@gmail.com
www.facebook.com/themirrordaily

## YTT COMPANY LIMITED

**အမှတ်-၅၇၅(မြေညီထပ်)၊ မဟာဗန္ဓုလလမ်း၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**(အိမ်တွင်းအလှဆင်ပစ္စည်းရောင်းဝယ်ရေး)**

| | | |
|---|---|---|
| ၁။ ကျွမ်းကျင်အရောင်းဝန်ထမ်း | (မ) | ၅-ဦး |
| ၂။ အရောင်းအကူ | (မ) | ၅-ဦး |
| ၃။ ကွန်ပျူတာ စာရင်းသွင်း | (မ) | ၁-ဦး |
| ၄။ အကူစာရင်းကိုင် | (မ) | ၁-ဦး |
| ၅။ စတိုဝန်ထမ်း | (မ) | ၃-ဦး |
| ၆။ ကုန်ထုတ်ဝန်ထမ်း | (မ) | ၃-ဦး |
| ၇။ အထွေထွေလုပ်သား | (ကျား) | ၂-ဦး |
| ၈။ အထွေထွေလုပ်သား | (မ) | ၃-ဦး |
| ၉။ လက်သမား | (ကျား) | ၁-ဦး |

**အမှတ်စဉ်(၁)(၂)အတွက်**

ဘွဲ့ရ(သို့)၁၀တန်း၊ အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ အိမ်ထောင်မရှိသူဖြစ်ရမည်။

**အမှတ်စဉ်(၃)(၄)(၅)(၆)အတွက်**

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရပြီးသူဖြစ်ရမည်။ အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်း စာရင်းပိုင်းဆိုင်ရာ စေ့စပ်သေချာသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ အိမ်ထောင်မရှိသူဖြစ်ရမည်။

**အမှတ်စဉ်(၇)(၈)အတွက်**

အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း၊ အခြေခံပညာအထက်တန်း(သို့) အလယ်တန်းအဆင့်ရှိရမည်။ ကျန်းမာသန်စွမ်းပြီး ကုန်တင်ကုန်ချ ပြုလုပ်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်(CV)အပြည့်အစုံ၊ တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ပညာအရည်အချင်း အောင်လက်မှတ် မူရင်း/မိတ္တူ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာများနှင့်အတူ ၁၂-၅-၂၀၁၅ရက် နောက်ဆုံးထား၍ အထက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

---

## SUPER RICH MAN
**Swimming Pool & Construction Company**

**လေဘာကာန်ထရိုက်တာ အမြန်အလိုရှိသည်**

**နယ်တွင်လုပ်ငန်းဆောင်ရွက်ရန်အတွက်လက်ရာသေသပ်ကောင်းမွန်သောပန်းရံလုပ်ငန်းကန်ထရိုက်တာများအလိုရှိပါသည်။**

အမှတ်(၂၉/ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ။
ဖုန်း - ၀၁-၄၀၁၅၁၈၊ ၀၁-၈၆၀၄၀၆၄၊ ၀၉-၇၃၁၅၇၁၀၄

---

## ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Lucky Family Enterprise (B.R Co.,Ltd)တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(1)Sale & Marketing ကျွမ်းကျင်-ကျား/မ(၁၀)ဦး

(2)Mechanic ကျွမ်းကျင် အတွေ့အကြုံရှိသူ -ကျား(၁၀)ဦး

**အသေးစိတ်သိရှိလိုပါက ဖုန်း-09-791444549, 09-799482802, 09-250167980 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

---

## အမျိုးသမီးအရောင်းဝန်ထမ်းအလိုရှိသည်

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါသွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

**မှတ်ချက်။ ။ဆိုင်ခန်းတွင်သာ ခန့်ထားရန်။**
**ဆက်သွယ်ရန်။ ဖုန်း-၀၉-၄၃၁၇၂၃၄၀၊**
**၀၉-၅၁၉၅၇၂၁(ရုံးအချိန်အတွင်းသာ)**

---

## ဝန်ထမ်းအလိုရှိသည်
**Mega Seven Online Advertising Co.,Ltd**
**အမှတ်(၆)၊ မြေညီထပ်၊ (၁၃)လမ်း(အောက်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

Sale & Marketing F (10)Posts/ M (5)Posts

-တက္ကသိုလ်ဝင်တန်းအောင်(သို့)ဘွဲ့ရဖြစ်ရမည်။
-ရုပ်ရည်ပြေပြစ်ပြီး ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
-ကြော်ငြာကောက်ခံသည့်လုပ်ငန်း အတွေ့အကြုံရှိသူဦးစားပေးမည်။
-အခြေခံလစာ (၂)သိန်းနှင့်အတူ Percent (%)ခံစားခွင့်ရှိသည်။

လျှောက်ထားလိုသူများသည် CV form နှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း နောက်ဆုံးထား၍ ရုံးချိန်အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။ **ဖုန်း ၀၁-၂၁၀၃၁၄**

---

## ဝန်ထမ်းအလိုရှိသည်

**ကြည့်မြင်တိုင်မြို့နယ်တွင် ဖွင့်လှစ်မည့်ရွှေ/စိန်ဆိုင်အတွက် အမျိုးသမီးအရောင်းဝန်ထမ်း (၅)ဦး အလိုရှိသည်။ အသက်(၁၈နှစ်မှ၃၀နှစ်)အတွင်းသွက်လက်ချက်ချာ၍ အိမ်ထောင်မရှိသူဖြစ်ရမည်။(ရွှေ/စိန်ဆိုင်တွင် လုပ်ကိုင်ဖူးသူဦးစားပေးမည်) လုပ်ငန်းအတွေ့အကြုံ မရှိသူများလည်း လျှောက်ထားနိုင်သည်။ လစာ+ကော်မရှင် ရရှိမည်။ ဖုန်း - 09 974020800**

---

## ATK ဧအားသန်းကျော် (ဗဟန်း)

**အိမ်၊ ခြံ၊ မြေ မှ အမြန် ရောင်း/ငှါးမည်။**

| | | | |
|---|---|---|---|
| ၁။ဗဟ၊ ရွှေတောင်ကြားလမ်း | (44'x66') | မြေ | 9600L |
| ၂။မရက၊ ပါရမီရိပ်သာ | (74'x62') | မြေ (အုတ်စတ်) | 6100L |
| ၃။မရက၊ ရွှေနှင်းဆီလမ်း | (70'x90') | မြေ (အုတ်စတ်) | 5000L |
| ၄။မ/ဒဂုံ၊ တော်ဝင်အိမ်ရာ (နေရာသန့်) | (100'x100') | မြေ | 3500L |
| ၅။တ/ဒဂုံ၊ City Mart နီး(လမ်းမတန်း) | (40'x60') | 1BN | 2700L |
| ၆။အင်းစိန်၊ လမ်းသန့် | (80'x70') | မြေ∠ | 1950L |
| ၇။မ/ဒဂုံ၊ ဗန္ဓုလလမ်းမပေါ် | (40'x60') | မြေ | 1800L |
| ၈။မရက၊ လေဆိပ်လမ်းသွယ် | (40'x95') | မြေ | 1500L |
| ၉။မ/ဒဂုံ၊ (၃၆)ရပ်ကွက်လမ်းသန့် | (40'x60') | မြေ | 1100L |
| ၁၀။မရက၊ ပါရမီလမ်းမပေါ် | (55'x90') | 1RC (လုပ်ငန်းသင့်) | 37L |
| ၁၁။ဗဟ၊ ဦးချစ်မောင်လမ်းမပေါ် | (20'x45') | 2RC (လုပ်ငန်းသင့်) | 18L |
| ၁၂။တ/ဥ၊ ငွေကြာယံလမ်းသန့် | (40'x60') | 2RC,M1,S2, ပြင်ဖြီး | 15L |

☎ : 01-516777,519777,527326, 📱 :09-73033182,73033183

လူကြီးမင်းတို့၏ လုံးချင်းမြေကွက်၊ကွန်ဒို၊တိုက်ခန်းများ ရောင်း/ငှါးလိုပါက အပ်နှံနိုင်ပါသည်။

---

# CAREER OPPORTUNITIES;
## WANT TO JOIN THE WINNING TEAM

We want to work with the best people, who are engaged and passionate about our business, our products and our customers.



**APPLY NOW**

| | | |
|---|---|---|
| (1) Marketing Manager | F | (1) Post |
| (2) Marketing Executive | M/F | (7) Posts |
| (3) Sales Executive | M/F | (7) Posts |
| (4) Accountant | F | (1) Post |
| (5) Auto CAD Draftman | M/F | (2) Posts |
| (6) Store Keeper | M/F | (1) Post |

Please visit **www.richlife.com.mm** for more about us.
Walk-in-interviews for all posts will be held on
25 April 2015 to 20 May 2015 at office hours.

**RICH LIFE** COMPANY LIMITED
1017(C), Pyay Road, Saw Bwar Gyi Gone, Insein Township, Yangon.

09 250440315, 09 43181157, 09 250190379, 09 420255330

